www.burmeseclassic.com

孫子兵法

တရုတ်ပြည် စစ္ဆင်ပိုင်ပြောတ်

# ဆွန်ဇူ၏
# စစ်ပညာကျမ်း

စံလှိုင်
တရုတ်ဘာသာမှ ပြန်ဆိုသူ

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| **စာမူခွင့်ပြုအမှတ်-** | **၃၁၀၀၂၁၀၆၀၃** |
| **မျက်နှာဖုံးခွင့်ပြုအမှတ်-** | **၃၁၀၀၂၃၀၆၀၄** |
| **ထုတ်ဝေသူ-** | ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ<br>၁၁၁၊ ၃၃- လမ်း<br>ကျောက်တံတား၊ ရန်ကုန်မြို့။ |
| **မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်-** | ဦးမျိုးမြင့် (မြဲ-၀၆၀၈၉)<br>ပွင့်သစ်ရောင်စုံပုံနှိပ်တိုက်<br>၂၄၉၊ ဗိုလ်ချုပ်လမ်း<br>ကျောက်တံတား၊ ရန်ကုန်မြို့။ |
| **အတွင်းဖလင်-** | Perfect |
| **မျက်နှာဖုံးဖလင်-** | Empire |
| **ကွန်ပျူတာ-** | စမ်းရေကြည် |
| **အုပ်ရေ-** | ၅၀၀ |
| **ထုတ်ဝေအကြိမ်-** | ပထမအကြိမ် |
| **ထုတ်ဝေနေ့စွဲ-** | **၂၀၀၆ ခုနှစ် ဇွန်လ** |
| **တန်ဖိုး-** | **၁၀၀၀ ကျပ်** |
| **ဖြန့်ချိရေး-** | **စမ်းရေကြည်စာပေ**<br>အမှတ် (၁၂)၊ အဆောင် (၃)၊<br>သိမ်ကြီးဈေး (စီ) ရုံ၊ ရန်ကုန်မြို့။<br>☎ **၃၇၁၈၀၀ လိုင်းခွဲ- ၃၈၅** |

www.burmeseclassic.com

တရုတ်ပြည် ဂန္ထဝင်မြောက်

# ဆွန်ဇူ၏ စစ်ပညာကျမ်း

စံလှိုင်

တရုတ်ဘာသာမှ ပြန်ဆိုသူ

www.burmeseclassic.com

# မာတိကာ


၁။ ဆွန်ဇုမိတ်ဆက် ၇

၂။ ပါရဂူ၏ စကားပလ္လင် ၁၁

၃။ နန္ဒသိန်းဇံ၏ အမှာစာ ၁၉

၄။ ဘာသာပြန်သူ၏ အမှာ ၂၄

၅။ ဆွန်ဇုအတ္ထုပ္ပတ္တိ ၂၆

၆။ အခန်း (၁)

စစ်ရေးပဏာမ သုံးသပ်ခြင်း ၃၅

၇။ အခန်း (၂)

စစ်ဆင်ရေး ၄၅

၈။ အခန်း (၃)

မဟာဗျူဟာမြောက် ထိုးစစ် ၅၄

၉။ အခန်း (၄)

စစ်ရေးစစ်ရာ အနေအထား ၆၅

၁၀။ အခန်း (၅)

တပ်အင်အား အနေအထား ၇၅

၁၁။ အခန်း (၆)

အားသာချက်၊ အားနည်းချက် ၈၆

www.burmeseclassic.com

၁၂။ အခန်း (၇)

စစ်မက် အပြိုင်အဆိုင် ၁၀၀

၁၃။ အခန်း (၈)

နည်းဗျူဟာ အလှည့်အပြောင်း (၉) ချက် ၁၁၃

၁၄။ အခန်း (၉)

စစ်ကြောင်းချီခြင်း ၁၂၂

၁၅။ အခန်း (၁၀)

ပထဝီမြေအနေအထား ၁၄၁

၁၆။ အခန်း (၁၁)

စစ်မြေပြင် အနေအထား (၉) မျိုး ၁၅၆

၁၇။ အခန်း (၁၂)

မီးရှို့တိုက်ခိုက်ခြင်း ၁၈၆

၁၈။ အခန်း (၁၃)

သူလျှိုများ အသုံးချခြင်း ၁၉၅

**မူပိုင်**

ဤစာအုပ်၏မူပိုင်ရှင်သည် တရုတ်ဘာသာမှ ပြန်ဆိုသူ **စံလှိုင်** ဖြစ်ပါကြောင်း။

www.burmeseclassic.com



စစ်ရေး သေနင်္ဗျူဟာပညာရှင် ဆွန်ဇူ

www.burmeseclassic.com

# ဆွန်ဇုမိတ်ဆက်

ဆွန်ဇုသည် အလွန်တရာ ဩဇာတိက္ကမ ကြီးမားလှသည့် စစ်သေနင်္ဗျူဟာဆိုင်ရာ (အများပိုင်းမှာ နည်းပရိယာယ်များနှင့် တိုက်ရိုက် ပတ်သက်မှု မရှိ) ရှေးဟောင်းတရုတ်စစ်ပညာကျမ်းကို ပြုစုသူဖြစ်သည်။ သူသည် နိုင်ငံတကာဆက်ဆံရေးသီအိုရီဆိုင်ရာ အစောဆုံးသရုပ်မှန်ဝါဒီများအတွင်းမှ တစ်ဦးလည်း ဖြစ်၏။

## ဆွန်ဇု၏ ဘဝဆိုင်ရာ သတင်းအရင်းအမြစ်များ

ဆွန်ဇု၏ ဘဝနှင့်ပတ်သက်၍ တစ်ခုတည်းသော ခိုင်ခိုင်မာမာ အရင်းအမြစ်တစ်ခုမှာ ဘီစီ ၂ ရာစုက သမိုင်းပညာရှင် စွတ်မာချန်း ရေးသားခဲ့သည့် အတ္ထုပ္ပတ္တိ ဖြစ်၏။ ဘီစီ ၆ ရာစုက ဝူနိုင်ငံတွင် အမှုထမ်းခဲ့သော စစ်ဗိုလ်

www.burmeseclassic.com


ချုပ်ကြီးတစ်ဦးအဖြစ် ဖော်ပြခဲ့၏။ ထို့ကြောင့် ရှေးဟောင်း တရုတ်တွေးခေါ်ရှင်ကြီးများထဲမှ တစ်ဦးဖြစ်သည့် ကွန်ဖျူးရှပ်နှင့် ခေတ်ပြိုင် ဖြစ်ပေသည်။

မည်သို့ဆိုစေ ထိုအတ္ထုပ္ပတ္တိသည် ထိုအချိန်ကာလပိုင်းဆိုင်ရာ အခြားသော သတင်းအရင်းအမြစ်များနှင့် နှိုင်းယှဉ်လိုက်ပါက ခိုင်မာခြင်း မရှိတော့ပေ။ စစ်ပညာကျမ်း၏ ပုံသဏ္ဍာန်နှင့် အနှစ်သာရ နှစ်မျိုးစလုံးကို လေ့လာကြည့်ပါက ဘီစီ ၄၀၀ နှင့် ဘီစီ ၃၂၀ ကြားက အရေးအသားမျိုး ဖြစ်နေ၏။

ဆွန်ဇု၏ ပင်ကိုရေး စစ်ပညာကျမ်း၌ သူ့ဘဝကို တိုက်ရိုက်ခြေရာခံနိုင်သည့် သဲလွန်စများ ဖော်ပြပါရှိလျက် ရှိပေသည်။ ဥပမာအားဖြင့် ဆွန်ဇု ရေးသားဖော်ပြခဲ့သော နှစ်ဘီးတပ် စစ်ရထားများသည် ဘီစီ ၄ ရာစုက နှိုင်းယှဉ်ခြင်းအရ ကာလတိုတစ်ခု အသုံးပြုခြင်းခံခဲ့ရရာ အနည်းဆုံး ကျမ်းစာအုပ်၏တစ်စိတ်တစ်ပိုင်းသည် ထိုအချိန်ကာလကို ညွှန်းဆိုလျက် ရှိနေပေသည်။

www.burmeseclassic.com



အချို့သောပညာတတ်များက နိဂုံးချုပ်ထားကြသည်မှာ ဆွန်ဇု၏ကျမ်းစာအုပ်သည် လက်တွေ့အားဖြင့် အမည်မသိ တရုတ်တွေးခေါ်ရှင်များက ပြုစုထားခြင်းဖြစ်ပြီး ဆွန်ဇုသည် အမှန်တကယ်တည်ရှိခဲ့သည့် သမိုင်းဝင်ပုဂ္ဂိုလ်တစ်ယောက်မဟုတ် ဟူ၏။ ဤ နိဂုံးချုပ်ချက်နှင့် အလားတူစွာ ဂူတင်ဘတ် စီမံကိန်း အမည်ရှိ ဝက်ဘ်ဆိုက်တစ်ခု၌ အွန်လိုင်းစာတမ်းအဖြစ် အသုံးချခြင်းခံခဲ့ရသော လိုင်ယင်နယ် ဂျီးလက်စ် ( ၁၉၁၀) ဘာသာပြန် ဆွန်ဇု၏ စစ်ပညာကျမ်း စာအုပ်နိဒါန်းတွင် အကျယ်တဝင့် ဆွေးနွေးထား၏။ ဂျီးလက်စ်၏နိဒါန်းသည် သံသယနှင့် ရှုပ်ထွေးမှုများကို ဖော်ထုတ်ထားပေသည်။

ဆွန်ဇုသည် သမိုင်းတွင် တကယ်ရှိခဲ့သည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ယနေ့ကမ္ဘာ၏ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးလောကတစ်ခွင်တွင် ဆွန်ဇုဆိုလျှင် မသိသူမရှိတော့ပေ။ ဤနည်းအားဖြင့် ဆွန်ဇုသည် အခိုင်အမာ တည်ရှိနေချေပြီ။ ဆွန်ဇု၏ စစ်သေနင်္ဗျူဟာသည်

www.burmeseclassic.com


စစ်ရေး၌သာမက နိုင်ငံရေး၊ စီးပွားရေး၊ အောင်မြင်ရေးနယ်ပယ်အသီးသီးသို့ ထိုးဖောက်လွှမ်းမိုးနေလေပြီ။

ဆွန်ဇု၏ စစ်ပညာကျမ်းကို တရုတ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးဖြစ်သည့်ပြင် စပိန်၊ ပြင်သစ်စသဖြင့် အခြားသော ဘာသာစကား(၁၆)မျိုးနှင့်လည်း ပြန်ဆိုထုတ်ဝေထားပြီး ဖြစ်သည်။ ဆရာဦးစံလှိုင်၏ တရုတ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုမှုသည် အဆိုပါ စာအုပ်များစာရင်းသို့ အားဖြည့်လိုက်ခြင်း ဖြစ်ပါကြောင်း။

(Source: Wikipedia, The free encyclopedia)

**အယ်ဒီတာတစ်ဦး**

**စမ်းရေကြည်စာပေ**

www.burmeseclassic.com

## ပါဂူ၏

## စကားပလ္လင်

ပေါက်ပင် ဘာကြောင့် ကိုင်းရသနည်း။ ဗျိုင်းနားလို့ ကိုင်းရသည်။ လူတို့၏အတွင်း သန္တာန်၌ ကိန်းအောင်းနေသော လောဘ၊ ဒေါသ၊ မာနတရားများ၏လှုံ့ဆော်မှုခံရသော ကြောင့် စစ်မက်ဖြစ်ပွားခြင်းဖြစ်သည်။ အရင်း စစ်တော့ အမြစ်မြေကဆိုသလို စစ်၏အ ကြောင်းတရားများမှာ လောဘ၊ ဒေါသ၊ မာန တရားများ ဖြစ်သည်။

လူရယ်လို့ ဖြစ်လာလျှင် အကောင်းနှင့် အဆိုး၊ အလင်းနှင့် အမှောင် ဆန့်ကျင်ဘက် သဘောတွေ ဒွန်တွဲ ပါမလာဘဲ မနေပေ။

ကမ္ဘာဦး လူသားများသည်ပင် အကောင်းနှင့် အဆိုး၊ အလင်းနှင့် အမှောင် ဒွန်တွဲ ပါလာသည်ဖြစ်၍ အဆိုးနှင့် အမှောင်၏ စေ့ဆော်ချက်အရ ရန်ဖြစ်ကြသည်။ အုပ်စု တစ်စုနှင့်တစ်စု တိုက်ကြခိုက်ကြသည်။ ကမ္ဘာဦးလူသားများ ခေတ်က စလာခဲ့ပြီး နောက်ပိုင်း တစ်ခေတ်ပြီး တစ်ခေတ် ဖြစ်လာခဲ့သော စစ်ပွဲများသည် ကမ္ဘာ့သမိုင်းစာမျက်နှာအပြည့် ရှိနေသည်။

ဘီစီရာစုနှစ်များစွာအလွန်က ခေါမ (ခေါ်) ဂရိ၌ ဒဿနပညာရှင်ကြီး ပလေတိုနှင့် အရစ္စတိုတယ်တို့၏ ဒဿနကျမ်းစာများ၌ ထိုခေတ်က စစ်ပွဲများအကြောင်း စကားစပ်ပြီး ရေးသားထားကြသည်။ ပလေတို၏ 'ရီပတ်ဗလစ်' နှင့် 'လောစ်'၌လည်းကောင်း၊ အရစ္စတိုတယ်၏ 'ပေါ်လစ်တစ်' ၌လည်းကောင်း၊ ခရိုနိယားစစ်ပွဲ၊ စပါတာစစ်ပွဲစသော စစ်ပွဲများအကြောင်းများ ပါရှိသည်။ ကမ္ဘာ့သမိုင်းတွင် အထင်ရှားအကျော်ကြားဆုံး စစ်ဘုရင်ကြီးတစ်ဦး ဖြစ်သော အလက်ဇန္ဒား၏ ဆရာဖြစ်သူ အရစ္စတိုတယ်သည် သူ၏ 'ပေါ်လစ်

www.burmeseclassic.com


တစ်’၌ စစ်သုံ့ပန်းများကို ကျေးကျွန်ပြုလုပ်သည့် စနစ်ဆိုးသည် လူ့ဘောင်တွင် မရှိသင့်၊ မရှိအပ်သည့် စနစ်ဆိုးဖြစ်၏။ စစ်နိုင်များအား စစ်ရှုံးများကို ကျွန်လုပ်ခွင့်ပေးသည့် အစဉ်အလာမျိုး မရှိသင့်ပေ။ စစ်သည် အကြိမ်များစွာ မတရားသောအကြောင်းများကြောင့် ဖြစ်ပေါ်လာ၏ဟူ၍ ရေးသားဖော်ပြထားသည်။

‘မဟာဘာရတ’ နှင့် ‘ရာမာယဏ’ မည်သော သက္ကတဘာသာကျမ်းများသည် သူ့ခေတ်သူ့အခါက စစ်ပွဲများအကြောင်း ရေးဖွဲ့ထားသော အိန္ဒိယမဟာကဗျာကျမ်းများ ဖြစ်သည်။ ‘မဟာဘာရတ’ ကဗျာကျမ်း၌ မဟာသွေး မဟာနွယ်များဖြစ်ကြသော ကုရုညီနောင်နှင့် ပဏ္ဍုညီနောင်တို့၏ စစ်ပွဲအဆင့်ဆင့်ကို ဖော်ပြထားသည်။ တစ်သွေးတစ်နွယ်ထဲက ပေါက်ဖွားလာကြသော ကုရုညီနောင်နှင့် ပဏ္ဍုညီနောင်တို့သည် ထီးနန်းပိုင်စိုးရေးအတွက် ဓားတစ်ပြက်ဒုတ်တစ်ပြက်မျှသာမက ထိုခေတ်ကစစ်ပွဲတွင် အသုံးပြုသော ဓား၊လှံ၊လေး၊မြားလက်နက်များဖြင့် မျိုးပြုတ်အောင်

www.burmeseclassic.com



ချေမှုန်းပစ်ကြသည်။ သို့ရာတွင် ကုရုညီနောင်နှင့် ပဏ္ဍုညီနောင်တို့၏ သမိုင်းဝင် 'ကုရုချေတ္တရ' (ခေါ်) ကုရုစစ်မြေပြင်ကို ဖော်ပြသော 'မဟာဘာရတ'သည် စစ်ပွဲအပြီးသတ်တွင် ဝင်းခနဲလက်ခနဲ ပေါ်လာသော ငြိမ်းချမ်းရေးရောင်ခြည်နှင့် နိဂုံးချုပ်သည်။ ယင်းငြိမ်းချမ်းရေးရောင်ခြည်မှာ 'ဘဂဝတ်ဂီတာ' ကျမ်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်၏ လက်စွဲကျမ်းသည် 'ဓမ္မပဒ' ဖြစ်သကဲ့သို့လည်းကောင်း၊ ခရစ်ယာန်၏ လက်စွဲကျမ်းသည် 'သမ္မာကျမ်းစာ' ဖြစ်သကဲ့သို့လည်းကောင်း၊ မွတ်စလင်၏ လက်စွဲကျမ်းသည် 'ကိုရန်ကျမ်းစာ' ဖြစ်သကဲ့သို့ နွံထဲကကြာပေါက်သလို 'မဟာဘာရတ' ကုရုစစ်မြေပြင်ပေါ်တွင် ထွန်းလင်းလာသော ငြိမ်းချမ်းရေးရောင်ခြည် 'ဘဂဝတ်ဂီတာ'သည် ဟိန္ဒူဘာသာ၏ လက်စွဲကျမ်း ဖြစ်နေသည်။

'ရာမာယဏ'၌ ဖော်ပြပါရှိသော ကမ္ဘာကျော်ဓမ္မနှင့်အဓမ္မ စစ်ပွဲသည်လည်း စစ်ပွဲအပြီး၌ ဓမ္မက အနိုင်ရပြီး ငြိမ်းချမ်းရေးရောင် ခြည်

www.burmeseclassic.com


ပွင့်ထွန်းလာသော စစ်ပွဲ ဖြစ်သည်။ 'ရာမာယဏ'၌ပါသောစစ်ပွဲသည် ရာမနှင့် ရာဝဏ (ဒသဂီရိ )တို့၏စစ်ပွဲ မဟုတ်ပေ။ ဓမ္မနှင့် အဓမ္မတို့၏စစ်ပွဲ ဖြစ်သည်။ တိုက်ပွဲအပြီးသတ်၌ အဓမ္မက ငုတ်လျှိုးသွားပြီး ဓမ္မက အပေါ်စီးရသွားခြင်းမှာ လောကတံထွာ ဓမ္မတာ ဖြစ်သည်။ 'ရာမာယဏ' ၌လည်း စစ်ပွဲအပြီးတွင် ဓမ္မ (သို့မဟုတ်) ရာမ ၏ ဦးထိပ်တွင် အောင်ပန်းသရဖူ ရောက်ရှိလာသည်။

ကမ္ဘာ့သမိုင်း၌ ခေတ်အဆက်ဆက် ဂဏန်းမဲ့ စစ်ပွဲများ ပေါ်ပေါက်ခဲ့သည်။ စစ်ပွဲတိုင်း၏နောက်ပိုင်းတွင် ငြိမ်းချမ်းရေးပေါ်လာစမြဲ။ စစ်ပွဲအပြီးသတ်၌ မည်သည့်အရာက ငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေသနည်း။ ငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေသည်မှာ စေ့စပ်ရေး ဖြစ်သည်။ စေ့စပ်ရေးသည် စစ်ရေးကို ငြိမ်းချမ်းရေးဖြင့် ဖြေရှင်းပေးသည်။

'ဟိတောပဒေသ' အမည်ရှိ နီတိပညာ လိုက်နာသင့်လိုက်နာအပ်သည့် ကျမ်းတစ်ကျမ်း ရှိသည်။ ယင်းကျမ်း၌ 'မိတ္တလာဘ'၊

www.burmeseclassic.com


'မိတ္တဘေဒ'၊ 'ဝိဂ္ဂဟ'၊ 'သန္ဓိ'ဟူ၍ ကဏ္ဍ လေး ကဏ္ဍ ရှိသည်။ ကဏ္ဍ လေးကဏ္ဍကို ကျေး ငှက်တိရစ္ဆာန်ဖြင့် သရုပ်ဖော်ထားသည်။ 'မိတ္တ လာဘ'မှာ မိတ်ဆွေအဖြစ် ပေါင်းသင်းဆက် ဆံသောကဏ္ဍ ဖြစ်သည်။ 'မိတ္တဘေဒ'က မိတ် ဆွေအချင်းချင်း စိတ်ဝမ်းကွဲပြားသော ကဏ္ဍ ဖြစ်သည်။ 'ဝိဂ္ဂဟ'ကား စစ်တိုက်ခန်း ဖြစ် သည်။ အပြီးသတ်နိဂုံးချုပ်ကဏ္ဍ 'သန္ဓိ'သည် စေ့စပ်ရေး ဖြစ်သည်။ 'သန္ဓိ'ကဏ္ဍဖြင့် စေ့စပ်မှု ပြုလုပ်ပြီး စစ်ပွဲကို နိဂုံးချုပ်လိုက်သည်။

သကျတိုင်းပြည်နှင့် ကောလိယတိုင်းပြည် ကြားတွင် ရောဟိဏီမြစ် စီးဆင်းနေသည်။ ရောဟိဏီမြစ်သည် တိုင်းပြည်နှစ်ပြည်လုံးနှင့် ဆက်စပ်နေသည်။ တိုင်းပြည်နှစ်ပြည်က တောင်သူလယ်သမားများသည် ရောဟိဏီ မြစ်က ရေသွယ်ပြီး လယ်ယာစိုက်ပျိုးသည်။ အလုပ်လုပ်ကြသည်။ မြစ်ရေခန်းသွားသော အခါ တိုင်းပြည်နှစ်ပြည်သည် မြစ်ရေ အဝေမ တည့်ဖြစ်သွားပြီး ဓားတစ်ပြက်ဒုတ်တစ်ပြက် နှင့် တစ်ဖက်နှင့်တစ်ဖက် စစ်ခင်းကြတော့မည့်

www.burmeseclassic.com


အခြေအနေ ရောက်လာသည်။ ဤတွင် စစ်ဖြစ်တော့မည် တကဲကဲလုပ်နေသော အခြေအနေ၌ ဗုဒ္ဓကြွသွားတော်မူကာ "မြစ်ရေကို အကြောင်းပြုပြီး သွေးချောင်းစီးဖို့ လုပ်နေကြသလား" ဟု မိန့်တော်မူပြီး "ရန်ကိုရန်ချင်း ယှဉ် ပြိုင်ခြင်း မပြုကြနှင့်၊ ပြဿနာကို ကိုယ်ချင်းစာနာမေတ္တာတရားဖြင့် ဖြေရှင်းကြရမည်" ဟု ညွှန်ကြားဆုံးမသောကြောင့် နှစ်ပြည်ထောင်က စစ်သည်များသည် သူတို့ ဓားကို ဓားအိမ်တွင်း ပြန်သွင်းလိုက်ကြသည်။

စစ်ပွဲတိုင်း စစ်ပွဲတိုင်းသည် ငြိမ်းချမ်းရေး ကပ်ပါသည်။ စစ်ပွဲတိုင်း စစ်ပွဲတိုင်းသည် စေ့စပ်ရေးကို အကြောင်းပြုလျက် ငြိမ်းချမ်းရေး ရသွားကြသည်။

ကမ္ဘာ့သမိုင်း စာမျက်နှာများတွင် စာမျက်နှာအတော်များများ၌ စစ်ပွဲအကြောင်းများ ပါရှိနေသည်ဖြစ်၍ စစ်နှင့် ပတ်သက်သော သေနင်္ဗျူဟာကျမ်းများလည်း အများအပြား ပေါ်ထွက်လာကြသည်။ 'ဟိတောပဒေသ' တို့လို ရှေးဟောင်း သေနင်္ဗျူဟာကျမ်းလည်း

www.burmeseclassic.com


ရှိသည်။ မြန်မာဘာသာဖြင့်လည်း ပျို့လင်္ကာဖြင့်လည်းကောင်း၊ စကားပြေဖြင့်လည်းကောင်း သေနင်္ဂဗျူဟာ စစ်အတတ်ပညာ စာအုပ်များ ထွက်ပေါ်ခဲ့သည်။ ယခု စံလှိုင် တရုတ်ဘာသာမှ မြန်မာပြန်သော 'ဆွန်ဇူ၏ စစ်ပညာကျမ်း' သည် မြန်မာစာပေလောက၌ ရှိသော စစ်ပညာကျမ်းများထဲတွင် ထပ်ဖြည့်လိုက်သော ကျမ်းစာအုပ်ဖြစ်၍ စစ်ရေးစစ်ရာ သေနင်္ဂဗျူဟာအတွက် အတူ အကျိုးပြုလိမ့်မည်ဟု မျှော်လင့်ရသည်။

**ပါရဂူ**

www.burmeseclassic.com

## နန္ဒသိန်းဇံ၏ အမှာစာ

'စမ်းရေကြည်' စာပေတိုက်မှ စာရေးဆရာ၊ အယ်ဒီတာ ဆရာအောင်အေးက စာမူတစ်ခု ယူလာပြီး ထိုစာမူမှာ အမှာစာရေးပေးပါဟု ဆိုပါသည်။ စာမူက 'ဆွန်ဇု၏ စစ်ပညာကျမ်း'။ ပြုစုသူက ဦးစံလှိုင် . . .။

စာမူ၏ထူးခြားချက်က တရုတ်ဘာသာမှ တိုက်ရိုက် ပြန်ဆိုတင်ပြထားခြင်းပင် ဖြစ်ပါသည်။

တရုတ်စာ လုံးဝ မတတ်သည့် ကျွန်တော့်အတွက် ဘာသာပြန်ဆိုချက်အပေါ်မှာ မှား

www.burmeseclassic.com


သည် မှန်သည်ကို မပြောတတ်ပါ။ မှန်၊ မှား စိစစ်မပေးနိုင်သည့် ကျွန်တော့်ကို ဘာ့ကြောင့်များ အမှာရေးခိုင်းပါသနည်းဟု တွေးမိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်က ဆွန်ဇု၏ ဘဝနှင့် သူ့စာပေအကြောင်းကို အနည်းအကျဉ်း ရေးခဲ့ဖူးပါသည်။ ထို့နောက် ဆွန်ဇု၏ စစ်ရေးဗျူဟာကျမ်း (The Art Of War) မှ အဆိုအမိန့်များကို ယခုခေတ် စီးပွားရေးလုပ်ငန်းများ၌ ကျယ်ပြန့်စွာ အသုံးပြုနေကြကြောင်း ဖော်ပြထားသော ပါမောက္ခ ဝီချောင်ဟူး (Dr. Wee Chow Hou) ၏ အခန်းဆက်ဆောင်းပါးများကို ဘာသာပြန်၍ ခနမဂ္ဂဇင်းတွင် ဖော်ပြခဲ့ဖူးပါသည်။ ယင်း မြန်မာပြန်ဆောင်းပါးများကို စုစည်း၍ ‘စီးပွားရေးနှင့် စစ်ရေးဗျူဟာ’ ဟူသောအမည်ဖြင့် လုံးချင်းစာအုပ် ထုတ်ခဲ့ဖူးပါသည်။ ဤအချက်များအပေါ် အမှီပြု၍ ယခု ဦးစံလှိုင် မြန်မာဘာသာသို့ ပြန်ဆိုသော ‘ဆွန်ဇု၏ စစ်ပညာကျမ်း’ ၌ အမှာရေးခိုင်းခြင်း ဖြစ်နိုင်ပါသည်။

www.burmeseclassic.com


အထက်ပါ ကျွန်တော်၏ 'စီးပွားရေးနှင့် စစ်ရေးဗျူဟာ'ကိုရေးသားပြန်ဆိုစဉ်က ဆွန်ဇု၏ အဆိုအမိန့်အချို့နှင့် ပတ်သက်၍ အသေအချာ နားမလည်နိုင်အောင် ဖြစ်ခဲ့ရခြင်းများရှိပါသည်။ ဤသို့ဖြစ်ရခြင်းမှာတရုတ်ဘာသာကို မတတ်ကျွမ်းသည့်အတွက် အင်္ဂလိပ်ဘာသာပြန်ကို တိုက်ဆိုင် မကြည့်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ယခု ဦးစံလှိုင်၏ ပြန်ဆိုချက်သည် တရုတ်ဘာသာမှ တိုက်ရိုက် ပြန်ဆိုခြင်းဖြစ်သည်ဟု ဆိုပါသည်။ သူ၏ ပြန်ဆိုချက်သည် တိကျမှု ရှိပါလိမ့်မည်။ တိကျသေချာသော ဘာသာပြန်ဆိုချက်ဖြစ်ပါက နောင်ဆွန်ဇု၏ စာပေကို လေ့လာရေးသားသူများအတွက် အလွန် အားကိုးရသော ပြန်ဆိုချက်များ ဖြစ်လာနိုင်ပါသည်။

. . . မိုက်ရူးရဲလုပ်လျှင် အသက်ဆုံးရှုံးနိုင်သည်၊. . . သူရဲဘောကြောင်လျှင် ရန်သူ့လက်တွင်း ကျရောက်နိုင်သည်။. . . ဒေါသထွက်လွန်လျှင် အလွဲအမှားတို့ကို ကျူးလွန်မိအောင်

အလွယ်တကူ ဖျားယောင်းသွေးဆောင်၍ ရသူအဖြစ်သို့ ရောက်သွားနိုင်သည်။ . . ဂုဏ် ပြုခံရခြင်းကို မက်မောလျှင် အလွယ်တကူ စော်ကားမော်ကား ပြုလာမှုကို ခံရတတ် သည်။ . . သနားကြင်နာ လွန်ကဲလျှင် မကြာ ခဏ စိတ်ညစ်ညျူးရတတ်သည်။ . . .

အထက်ပါ ဆွန်ဇု၏ မိန့်ဆိုချက်ကို ကိုး ကား၍ စီးပွားရေး၌ဦးဆောင်သူများကို ပါမောက္ခ ဝိချောင်ဟူးက သူ၏ 'စီးပွားရေးနှင့် စစ်ရေးဗျူဟာ'မှာ သတိပေးသည်။ စင်စစ် ဤ သတိပေးချက်သည် စီးပွားရေးဦးဆောင်သူ များနှင့်သာ သက်ဆိုင်သည် မဟုတ်၊ အခြား အခြားလူမှုရေးနယ်ပယ်ကလူမှုရေးရာများကို ဆောင်ရွက်နေသူတို့နှင့်လည်း သက်ဆိုင်ပါ လိမ့်မည်။ ဆွန်ဇု၏ စစ်ပညာကျမ်းမှ အဆို အမိန့်များသည် စစ်ရေးနယ်ပယ်၌သာမကဘဲ အခြားအခြားသော လူမှုရေးနယ်ပယ်တို့၌ လည်း မှီးငြမ်း အသုံးပြုစရာ အဆိုအမိန့်တွေ ဖြစ်ကြပါလိမ့်မည်။ သို့ဖြစ်၍ . . .။

www.burmeseclassic.com



ဤယခု ဦးစံလှိုင် ပြန်ဆိုသော 'ဆွန်ဇု၏ စစ်ပညာကျမ်း'သည် လူမှုတိုးတက်ရေးဘဝ အတွက် အမြဲ အထောက်အကူပြုလျက် အကျိုးပြုလျက် ရှိနေမည့် ကျမ်းတစ်စောင် ဖြစ်နေလိမ့်မည်ဟု မျှော်လင့်ပါသည်။

**နန္ဒသိန်းဇံ**

**၉. ၈. ၂၀၀၅**

www.burmeseclassic.com

# ဘာသာပြန်သူ၏ အမှာ

တရုတ်ပြည်ဂန္ထဝင်မြောက် ဆွန်ဇု၏ စစ်ပညာကျမ်းကို တရုတ်ဘာသာမှ တိုက်ရိုက်ပြန်ဆိုထားပါသည်။ အခြား ပတ်သက်သောကျမ်းစာများကိုလည်း အထောက်အကူ ယူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ဤဘာသာပြန်ကျမ်းစာအုပ်ကို ပြန်ဆိုမှုပိုမိုပီပြင်ပြီး ကောင်းမွန်သထက် ကောင်းမွန်အောင်လည်း ကျွန်တော့်အနေနှင့် ဆက်လက်ကြိုးစား ဖြည့်စွက်သွားပါမည်။ ကူညီပံ့ပိုးပြင်ဆင်ဖြည့်စွက်နိုင်ရန်လည်း ပညာရှင်များနှင့်တကွ စာဖတ်ပရိသတ်အားလုံးကို အနူးအညွတ် ဖိတ်ခေါ်အပ်ပါသည်။

www.burmeseclassic.com


ဤစာအုပ်အတွက် အမှာစာများ ရေးပေးကြသော စာရေးဆရာကြီး ပါရဂူ၊ စာရေးဆရာကြီး နန္ဒသိန်းဇံနှင့်တကွ စမ်းရေကြည်စာပေမှ ဦးအောင်အေး၊ အဆွေတော် ဦးပိုလ်အေးနှင့် ဦးမြင့်ဆွေခိုင်တို့ကို များစွာ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ ကျွန်ုပ်အား ကူညီပံ့ပိုးကြသူများနှင့် စာပေကျမ်းဂန် မြတ်နိုးဖတ်ရှုအားပေးကြသူအားလုံးကိုလည်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

**စံလှိုင်**

www.burmeseclassic.com

# ဆွန်ဇု အတ္ထုပ္ပတ္တိ

## (ကောက်နုတ်ရေးသားချက်)

## စွတ်မာချန်း

## (တရုတ်ပြည်သမိုင်းမော်ကွန်းတင်ပညာရှင်)

ဆွန်ဇု၏ အမည်ရင်းကား ဆွန်ဝူ ဖြစ်၏။ ချီနိုင်ငံ ဇာတိတည်း။ ဆွန်ဇုသည် စစ်ပညာကျမ်းဖြင့် ဝူဘုရင်ဟိုဠူထံ ဆက်သ,အခစားဝင်၏။

ဝူဘုရင်ဟိုဠူက "အဆွေတော်၏ စစ်ပညာကျမ်းပါ ၁၃ ခန်းကို ငါကိုယ်တော်တိုင်ဖတ်ရှုပြီး ဖြစ်၏။ စစ်သည်နည်းနည်းဖြင့်

www.burmeseclassic.com



အစမ်း သရုပ်ပြ၍ ရနိုင်ပါ၏လော” ဟု မေး တော်မူ၏။

“ရနိုင်ကြောင်းပါ” ဟု ဆွန်ဇုက လျှောက် ၏။

မင်းကြီးက “မိန်းမသားများနှင့်ကော စမ်း ပြနိုင်ပါ၏လော” ဟု မေးလာပြန်၏။

“အရှင်မင်းကြီး ရနိုင်ပါ၏” ဟု ဆွန်ဇုက ပြန်ဖြေ၏။

သို့နှင့် အမိန့်တော်အရ စီစဉ်လေ၏။ နန်း တွင်းမှာ မောင်းမ အပျိုတော်ရံ တစ်ရာ့ ရှစ် ဆယ်ယောက်ကို စုမိ၏။ ဆွန်ဇုက နှစ်စု ခွဲ လိုက်၏။ တပ်တစ်စုစီကို ဘုရင့်အချစ်တော် မိဖုရားငယ်တစ်ပါးစီ အသီးသီး ဦးစီးစေပြီး အားလုံးကို ကိုယ်စီကိုယ်ငှ လှံများ ကိုင် ဆောင်စေ၏။

ဆွန်ဇုက “အသင်တို့သည် အသင်တို့၏ ရင်ဝ ရှေ့တည့်တည့်၊ ဘယ်လက်၊ ညာလက် နှင့် နောက်ကျောတို့ကို သိကြပါ၏လော” ဟု မေး၏။

www.burmeseclassic.com



"သိပါ၏" ဟု အပျိုတော်ရံ မောင်းမများ က ဖြေ၏။

"ရှေ့ကြည့်ဆိုလျှင် ရင်ဝ ရှေ့တည့်တည့် ကို ကြည့်ပါ၊ ဘယ်ကြည့်ဆို ဘယ်လက်ဘက် ကို ကြည့်၊ ညာကြည့်ဆို ညာလက်ဘက်ကို ကြည့်၊ နောက်ကြည့်ဆို နောက်ကျောဘက် လှည့်ကြည့်" ဟု ဆွန်ဇုက မိန့်မှာ၏။

"သိပါပြီ" ဟု အပျိုတော်ရံ မောင်းမများ က ဖြေ၏။

ဤနောက် စည်းကမ်းချမှတ် ပြဋ္ဌာန်းပြီး သည်နှင့် ဓားကိုင်လက်မရွံ့သားများ ခန့်ထား ၏။ အမိန့် စည်းကမ်းများကို အထပ်ထပ် အခါခါ ပြန်လည်ချပြ ရှင်းလင်းပြန်လေ၏။

သို့နှင့် ညာဘက်ကြည့်ရန် စည်တီး အမိန့် ပေး၏။ အပျိုတော်ရံမောင်းမများ ဟားတိုက် ရယ်ကြကုန်၏။

"စည်းကမ်း ပြဋ္ဌာန်းခြင်း မပြတ်သား၊ ရှင်း ပြချက် မပီပြင် မမှတ်မိခြင်းသည် တပ်မှူး၏ အပြစ် ဖြစ်၏" ဟု ဆွန်ဇုက မိန့်ဆို၏။

www.burmeseclassic.com


တစ်ဖန် စည်းကမ်း ပြဋ္ဌာန်းချက်များ အထပ်ထပ် အခါခါ ချပြရှင်းလင်းပြီးနောက် ဘယ်ဘက်ကြည့်ရန် စည်တီး အမိန့်ပေးပြန်၏။ အပျိုတော်ရံ မောင်းမများလည်း တစ်ဖန် ဟားတိုက် ရယ်ကြပြန်၏။

"စည်းကမ်း ပြဋ္ဌာန်းချက် မပြတ်သား၊ ရှင်းပြချက် မပီပြင် မမှတ်မိခြင်းသည် တပ်မှူး၏ အပြစ်၊ ပြဋ္ဌာန်းချက်များ ပြတ်သား ရှင်းလင်းပြီးနောက် စည်းကမ်း မလိုက်နာခြင်းသည် တပ်စုမှူးတို့၏ အပြစ်သာ ဖြစ်တော့သည်"

သို့နှင့် တပ်စုမှူးနှစ်ယောက်စလုံးကို ကွပ်မျက်ရန် စီစဉ်လေတော့သည်။

ဝူဘုရင်ဟိုဠူသည် စင်မြင့်မှ ရှုစားနေလေရာ၊ မိမိမြတ်နိုးသော မိဖုရားငယ်နှစ်ပါး စလုံး အသတ်ခံရမည်ကို မြင်လေသော် အထိတ်တလန့် ဖြစ်ရပြီး ချက်ချင်း အပါးတော် ဆက်သားအား တားမိန့်ပြန်စေ၏။

"ငါ ကိုယ်တော်မြတ်ကိုယ်တိုင် အဆွေတော် စစ်သူကြီး၏ စစ်ရေး ကျွမ်းကျင်

ကြောင်းကို သိရပြီ ဖြစ်၏၊ မိဖုရားငယ်များ မရှိက ငါကိုယ်တော်မြတ် စားမဝင်၊ အိပ်မပျော် ဖြစ်ရချေတော့မည်၊ ငါ ကိုယ်တော်မြတ်နိုးသော မိဖုရားငယ် နှစ်ပါးစလုံးအား မသတ်ရန် မိန့်မှာတော်မူလိုက်သည်” ဟူ၏။

“အကျွန်ုပ်သည် အမိန့်တော်အရ စစ်သူကြီးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရပြီး ဖြစ်၏။ စစ်သူကြီးတို့မည်သည် တပ်တွင်း၌ရှိမူ ရှင့်ဘုရင့် အမိန့်တော်များကို မနာခံရာသည်လည်း ရှိ၏” ဟု ဆွန်ဇူက ပြန်လျှောက်၏။ သို့ဖြင့် တပ်စုမှူးများဖြစ်ကြသော မိဖုရားငယ် နှစ်ပါးစလုံးကို ကွပ်မျက်လိုက်၏။

တစ်ဖန် နောက်လူလဲပြီး တပ်စုမှူးအဖြစ် ခန့်ထား၏။ စည်တီး အမိန့်ပေးပြန်သော်၊ အပျိုတော်ရံ မောင်းမများသည် ဘယ်ညာ ရှေ့နောက်၊ ဒူးတုတ်ခြေကွေး အကြိမ်ကြိမ် အလီလီ အားလုံး စည်းကမ်းတကျရှိပြီး အသံဗလံ မထွက်ရဲ ရှိကြလေသတည်း။

ထို့နောက် ဆွန်ဇူက မင်းကြီးထံ ဆက်သားစေလွှတ် လျှောက်ထားစေ၏။ “တပ်များ

www.burmeseclassic.com


ညီညာ စည်းကမ်းတကျ ရှိပြီဖြစ်ကြောင်း အရှင် မင်းကြီး ကိုယ်တော်တိုင် ကြွရောက် ရှုစားနိုင် တော်မူပါကြောင်း အရှင်မင်းကြီး စိတ်တိုင်းကျ အသုံးတော် ချနိုင်မည် ဖြစ်ပါကြောင်း၊ မီးထဲ ရေထဲ ဆင်းခိုင်းလျှင်လည်း အမိန့်တော်အ တိုင်း နာခံကြလိမ့်မည် ဖြစ်ပါကြောင်း” လျှောက် ထားစေသတည်း။

“အသင် စစ်သူကြီး၊ အဆောင်တော်သို့ ပြန်နားနေနိုင်ပါပြီ၊ ငါကိုယ်တော်မြတ် ကိုယ် တိုင် ကြွရောက် ရှုစားတော်မူရန် ဆန္ဒ မရှိ တော့” ဟု ဝူဘုရင်ကြီးက မိန့်မှာ၏။

“အရှင်မင်းကြီးသည် အပြောသာ နှစ် သက် သဘောကျတတ်သူတည်း၊ စစ်ပညာ သဘောကို လက်တွေ့ အသုံးမချတတ်ပါပေ” ဟု ဆွန်ဇုက ကောက်ချက်ချ၏။

ဝူဘုရင်ဟိုဠူသည်လည်း ဆွန်ဇုမှာ စစ် ပညာ ကျွမ်းကျင်သူတစ်ယောက်ဖြစ်ကြောင်း ကောင်းကောင်း သိရပြီးလေသော် စစ်သူကြီး အဖြစ် ခန့်အပ်လိုက်လေသည်။

ဝူနိုင်ငံသည် ၎င်း၏ နောက်ဘက်ပိုင်း ရှိ အင်အားကြီးမားသော ဆူနိုင်ငံကို အောင်နိုင်ခဲ့ပြီး ၎င်းမြို့တော် ယင်းမြို့ကိုလည်း တစ်ချိန်တွင် လက်ရသိမ်းပိုက်ထားနိုင်ခဲ့လေသည်။ မြောက်ပိုင်းရှိ ချီနိုင်ငံနှင့် ကျင့်နိုင်ငံတို့အပေါ်လည်း ဩဇာအရှိန်အဝါ ကြီးစွာ လွှမ်းမိုးနိုင်ခဲ့လေသည်။

ဝူဘုရင် ဟိုလူသည် မြို့ပြနိုင်ငံများ အကြား ဂုဏ်သတင်း ဩဇာတိက္ကမ ကြီးမားခဲ့လေသည်။ ဤသည်တို့တွင် ဆွန်ဇု၏ ကြိုးပမ်း စွမ်းဆောင်မှုများ ပါဝင်နေကြောင်း ထင်ရှားလှပေသတည်း။

☆

www.burmeseclassic.com

孙子兵法

တရုတ်ပြည် ဂန္ထဝင်ကျော်

# ဆွန်ဇူ၏
# စစ်ပညာကျမ်း

〔春秋〕孙武 著

စံလှိုင်

တရုတ်ဘာသာမှ ပြန်ဆိုသူ



စစ်ရေးသည် တိုင်းပြည်အတွက် အရေး အကြောင်းကိစ္စရပ်ကြီး ဖြစ်သည်။ သေရေး ရှင်ရေးအပေါ် အခြေတည်ပြီး တည်တံ့ ခိုင်မြဲရေးနှင့် ပျက်သုဉ်းရေး အကြောင်းတရား ဖြစ်ပေသည်။

www.burmeseclassic.com

# အခန်း (၁)

# စစ်ရေးပဏာမ သုံးသပ်ခြင်း

ဆွန်ဇုက ဤသို့ မိန့်ဆို၏-

စစ်ရေးသည် တိုင်းပြည်အတွက် အရေးအကြောင်း ကိစ္စရပ်ကြီး ဖြစ်သည်။ သေရေးရှင်ရေးအပေါ် အခြေတည်ပြီး တည်တံ့ခိုင်မြဲရေးနှင့် ပျက်သုဉ်းရေး အကြောင်းတရားဖြစ်ပေသည်။ ထို့ကြောင့် မဖြစ်မနေ ဆင်ခြင်ဆန်းစစ် လေ့လာ ဂရုပြုရမည်။

စစ်ရေးအခြေအနေကို ကောင်းစွာ သိမြင်နိုင်ရန်အလို့ငှာ ရန်သူနှင့် မိမိတို့ဘက်ရှိ

www.burmeseclassic.com



အကြောင်းရပ်ကြီးငါးချက်အပေါ် အခြေတည်ပြီး စီမံ ကြံစည် လှုပ်ရှားမှုများကို နှိုင်းယှဉ် သုံးသပ်တတ်ရမည်။ ယင်းတို့ကား-

၁။ ကျင့်ဝတ်တရား

၂။ ဥတု အာကာ သဘာဝ

၃။ ပထဝီ မြေအနေအထား

၄။ ခေါင်းဆောင်တပ်မှူး

၅။ စည်းကမ်းဥပဒေတို့ ဖြစ်ကြ၏။

ကျင့်ဝတ်တရား ဆိုသည်ကား အုပ်စိုးသူတို့အနေနှင့် ကောင်းမြတ်သော ကျင့်ဝတ်တရားများနှင့် ပြည့်စုံညီညွတ်ပြီး ပြည်သူပြည်သားများအား အထက်နှင့်အတူ စိတ်ရင်းသဘောရင်း တစ်သားတည်း ကျရောက်နေစေခြင်းကို ဆိုလို၏။ ဤသို့အားဖြင့် ပြည်သူတို့ကို အုပ်စိုးသူတို့က စေလိုရာ စေစားနိုင်ပြီး သေအတူ ရှင်မကွာ အခက်အခဲအန္တရာယ်များကို မမှုဘဲ စွန့်လွှတ်စွန့်စား ရဲရဲ ရင်ဆိုင်လာကြလိမ့်မည် ဖြစ်သည်။

www.burmeseclassic.com



ဥတု အာကာ သဘာဝဆိုသည်မှာ နေ့နှင့်ည အပါအဝင် တရုတ်လိုအခေါ် ယင်းခာတ် (မခာတ်/ သီတ) နှင့် ယန်းခာတ် (ဖိုခာတ်/ ဥဏှ)၊ အပူအအေး၊ ဥတုရာသီနှင့် အချိန်အခါ ကာလတို့ကို ခြုံ၍ ဆိုလိုခြင်း ဖြစ်သည်။

ပထဝီ မြေအနေအထား ဆိုသည်မှာ အနီးအဝေး၊ အန္တရာယ် ကျရောက်နိုင်သော အရေးပါသည့်နေရာနှင့် လုံခြုံ လွယ်ကူ ချောမွတ်သည့်နေရာ၊ မြေပြင် အကျဉ်းအကျယ်၊ သေရေးရှင်ရေး ကိန်းဆိုက်ရာ မြေအနေအထားတို့ကို ဆိုလို၏။

ခေါင်းဆောင်တပ်မှူး (ခေါ်) စစ်သူကြီးတို့မည်သည်ကား ဉာဏ်ပညာကြီးမှု၊ ကတိသစ္စာရှိမှု၊ မေတ္တာအကြင်နာ ရှိမှု၊ ရဲစွမ်းသတ္တိ ရှိမှု၊ တည်ကြည်ပြတ်သား စည်းကမ်းကြီးမှု စသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်ဟု ဆိုလို၏။

စည်းကမ်းဥပဒေဆိုသည်မှာ တပ်များ စနစ်တကျ ဖွဲ့စည်းအုပ်ချုပ်တည်ဆောက်မှု၊ အရာရှိအရာထမ်းများ ခန့်အပ်စီမံမှု၊ စစ်

www.burmeseclassic.com



ပစ္စည်း ရိက္ခာ ထိန်းသိမ်းခွဲဝေသုံးစွဲမှု တို့ကို ဆိုလို၏။

အထက်ပါ အချက်ကြီး ငါးရပ်တို့ကို စစ်သူကြီး (ခေါ်) ခေါင်းဆောင်တပ်မှူးတိုင်း မဖြစ်မနေ နားလည် သိထားအပ်ပေသည်။ ၎င်းအကြောင်းအချက်တို့ကို ကောင်းစွာ အပြည့်အဝ နားလည်သိရှိပါက စစ်ပွဲကို အောင်နိုင်ရာ၏။ မသိ နားမလည်သူတို့ကား စစ်ပွဲ မအောင်နိုင်ရာ။

ထို့ကြောင့် အထက်ပါ အချက်ကြီး ငါးရပ်နှင့်အညီ နည်းဗျူဟာများကို ရှာကြံ ချမှတ်ရာမှ အောက်ပါ အခြေအနေ အရပ်ရပ်တို့ကို နှိုင်းယှဉ်လေ့လာသုံးသပ် ဆင်ခြင်တတ်ရပေမည်။

ယင်းတို့သည်ကား- မည်သည့်ဘက်က အုပ်စိုးသူတို့တွင် ကျင့်ဝတ်တရား ပြည့်ဝမှန်ကန် ကျင့်ကြံအားထုတ်သနည်း။ မည်သည့်ဘက်က စစ်သူကြီးတို့တွင် လက်ရုံးရည်၊ နှလုံးရည် ပြည့်စုံထက်မြက်သနည်း။ ဥတု အာကာသဘာဝ အခြေအနေနှင့် ပထဝီ မြေအနေ

www.burmeseclassic.com



အထားများနှင့်ပတ်သက်၍ မည်သည့်ဘက်က အခွင့်အလမ်းသာသနည်း။

အမိန့် စည်းကမ်း ဥပဒေများကို မည်သူ့ဘက်က တင်းကျပ်စွာ ပြဋ္ဌာန်းလိုက်နာ ကျင့်သုံးသနည်း။ မည်သည့်ဘက်က တပ်အင် အားပိုမိုများပြား ကြံ့ခိုင်အားသာသနည်း။ စစ်သည်များကို မည်သည့်ဘက်က ကောင်းစွာ စစ်ရေးလေ့ကျင့်ပေးထားသနည်း။ ဆုပေး၊ ဒဏ်ပေးစနစ်ကို မည်သူ့ဘက်က မှန်ကန်တော်လျော်စွာ ကျင့်သုံးသနည်း။ အထက်ပါ နှိုင်းယှဉ်လေ့လာချက်များအရ သုံးသပ်စိတ်ဖြာလိုက်လျှင် မည်သူ့ဘက်က နိုင်မည်၊ ရှုံးမည်ကို ကျွန်ုပ်တို့ ကြိုတင်ခန့်မှန်း သိရှိနိုင်လောက်ပေပြီ။

ကျွန်ုပ်၏ အကြံဉာဏ်ကို အရှင်မင်းကြီး လက်ခံအသုံးပြုပါက၊ စစ်ပွဲ သေချာ အောင်နိုင်မည်ဖြစ်၍ ကျွန်ုပ်လည်း ဆက်လက် နေထိုင် ခစားသွားနိုင်မည်။ ကျွန်ုပ်၏ အကြံဉာဏ်ကို လက်မခံဘဲ စစ်တိုက်ပါက ကျိန်းသေ

www.burmeseclassic.com


ရှုံးနိမ့်လိမ့်မည် သိသည့်အလျောက် ကျွန်ုပ်လည်း မနေလိုဘဲ ထွက်ခွာသွားမည်သာ ဖြစ်သည်။

*[ တစ်နည်း အဓိပ္ပာယ်ဖွင့် ပြန်ဆိုခြင်း*

*တပ်မှူးများသည် ကျွန်ုပ်၏ အကြံဉာဏ်အတိုင်း လိုက်နာကျင့်သုံးပါက အောင်ပွဲများရယူနိုင်မည် ဖြစ်သည့်အလျောက် ဆက် လက်တာဝန်ထမ်းဆောင်ပါစေလေ။ ကျွန်ုပ် ၏ အကြံဉာဏ်များကို လိုက်နာကျင့်သုံးခြင်း မရှိသော တပ်မှူးများကို အသုံးချပါက မုချ ရှုံးပွဲနှင့် ရင်ဆိုင်ရပေတော့မည် ဖြစ်၍ တာဝန်ပေး ခန့်အပ်ခြင်း မပြုပါနှင့်တော့။ ]*

အကျိုးရှိသော အကြံဉာဏ်ကောင်းများကို လက်ခံ ကျင့်သုံးနိုင်ခြင်းအားဖြင့် အနေအထားကောင်း တစ်မျိုးတစ်ဖုံကို ဖန်တီးပေးရာရောက်လေရာ၊ စစ်ရေးလှုပ်ရှားမှုကို တစ်ဘက်တစ်လမ်းကနေလည်း အထောက်အကူပြုရာ ရောက်ပေသည်။ ဤမည်သော အနေအထားဆိုသည်ကား မိမိအတွက် အကျိုးရှိသောအခြေပေါ် တည်မှီ၍ စစ်၏လက်ဦးမှု

www.burmeseclassic.com


ကို အခြေအနေနှင့် လိုက်လျောညီထွေ လိမ္မာပါးနပ်စွာ အမိအရ ကိုင်တွယ် စီမံနိုင်ရာ၏ဟု ဆိုလိုပေသည်။

စစ်ရေးစစ်ရာဟူသည်ကား ပရိယာယ်လှည့်စားမှုအပေါ် အခြေတည်၏။ ထို့ကြောင့် တိုက်နိုင်သည်ကိုလည်း မတိုက်နိုင်ဟန်ဆောင်ပါ၊ စစ်ကစား လှုပ်ရှားနေသည်ကိုလည်း မလှုပ်မရှားလေဟန် လှည့်စားပါ။

နီးရာကိုကြံပြီး ဝေးရာကို မှန်းသယောင်လှုပ်ရှားပါ၊ လှမ်းရာကို ကြံပြီး နီးရာကို မှန်းသယောင် လှည့်စားပါ။ ရန်သူ့အကြိုက် မက်လုံးပေး မြူဆွယ်ပါ။ ရန်သူ့တပ် ဗရမ်းဗတာဖြစ်လျှင် ဝင်စီးပါ။

ရန်သူ အားကြီးလျှင် လုံခြုံအောင် အသင့်ပြင်ထားပါ။ ရန်သူ အင်အားတောင့်တင်းလျှင် ရင်ဆိုင်တိုက်ရန် ရှောင်ရှားပါ။ ရန်သူ စိတ်ဆတ်စိတ်တိုလွယ်လျှင် ဒေါသူပုန်ထ စိတ်ရှုတ်အောင် ဆွပေးပါ။ ရန်သူ့စိတ် သိမ်ငယ်

နေလျှင် အထင်ကြီး စိတ်ကြီးဝင်အောင် လုပ်ပါ။ ရန်သူတို့ သက်သာ ငြိမ်ဆိတ်နေပုံရှိလျှင် စိတ်ပန်းလူပန်းဖြစ်အောင် လုပ်ပါ။ ရန်သူ့တပ်တွင်း စည်းစည်းလုံးလုံး ရှိလျှင် သွေးခွဲ သပ်လျှိုပါ။ ရန်သူ့ဘက်က အသင့်ပြင်ဆင်ထားခြင်း မရှိသောနေရာကို ရွေးတိုက်ပါ။ ရန်သူတို့ မျှော်လင့်မထားသော ချိန်ခါ နေရာကနေ အလစ် ထွက်တိုက်ပါ။ ဤသည်တို့ကား စစ်ရေးစစ်ရာ အောင်နိုင်ရေးအတွက် နည်းပရိယာယ်များတည်း။ စီရင်လှည့်စားမှုကို ကြိုတင် ပုံသေကားကျ ပြောပြထား၍ မရနိုင်ချေ။

စစ်မတိုက်မီကပင် အောင်ပွဲရနိုင်ကြောင်း ကြိုတင် ခန့်မှန်းသိရှိနိုင်ခြင်း အကြောင်းကား ကြိုတင် တွက်ချက်ပြင်ဆင်မှု စေ့စပ်သေချာပြီး အောင်ပွဲရ အခြေအနေများ အပြည့်အဝ ဖန်တီးထားနိုင်သောကြောင့် ဖြစ်ရာ၏။

www.burmeseclassic.com


စစ်မတိုက်မီကပင် မအောင်နိုင်ကြောင်း ကြိုတင် ခန့်မှန်းသိရှိနိုင်ခြင်းမှာ ကြိုတင်တွက်ချက်ပြင်ဆင်မှု အားနည်းပြီး အောင်ပွဲရ အခြေအနေ ဖန်တီးမှု မလုံမလောက်သောကြောင့် ဖြစ်ရာ၏။

ကြိုတင် တွက်ချက်ပြင်ဆင်မှု များများ ပြည့်စုံလေ၊ အောင်ပွဲရနိုင်လေ ဖြစ်သည်။


ကြိုတင် တွက်ချက်ပြင်ဆင်မှု နည်းပါးလေ၊ အောင်ပွဲနှင့် ဝေးလေ ဖြစ်သည်။

ကြိုတင် မတွက်မချက် မပြင်ဆင်သော် အဘယ်သို့သော အောင်ပွဲကိုမျှ ဧကန် မရနိုင်။

အထက်ပါတို့ကို ထောက်ရှုလေ့လာခြင်းအားဖြင့် အရှုံးအနိုင် အခြေအနေကို ပေါ်လွင်ထင်ရှားစွာ ကျွန်ုပ်တို့ သိရှိနိုင်မည် ဖြစ်သတည်း။

☆

www.burmeseclassic.com



စစ်တိုက်ရာမှာ အရေးကြီးဆုံးက အလျင်အမြန် အောင်နိုင်ရေး ဖြစ်သည်။ ကြာရှည်ဆွဲတိုက်နေရလျှင် စစ်ညောင်းပြီး အားကုန်လူပန်း စိတ်ဓာတ်ကျကုန်ပေလိမ့်မည်။

www.burmeseclassic.com

# အခန်း (၂)

# စစ်ဆင်ရေး

ဆွန်ဇုက ဤသို့မိန့်ဆို၏-

ကျွန်ုပ်တို့သည် စစ်ပွဲအတွက် စီစဉ်ရာမှာ တိုက်စစ်ရထား ထောင်နှင့်ချီ သုံးရမည်။ စစ်ပစ္စည်း ဝန်စည်လှည်းယာဉ် ထောင်နှင့်ချီ လိုက်ပါရမည်။ ချပ်ဝတ်တန်ဆာ အပြည့်ဆင်ထားသော တပ်သားစစ်သည် သိန်းနှင့်ချီ စုစည်းရမည်။ တပ်အတွက် စားရေရိက္ခာ ပစ္စည်းများကို မိုင်ရာထောင်ချီ ခရီးတစ်လျှောက် ထောက်ပို့ပေးရမည် ဖြစ်သည်။

www.burmeseclassic.com


ငှင်း စစ်ရှေ့တန်းနှင့် နောက်တန်းသုံး စရိတ်များ၊ သံရေးတမန်ရေးဆိုင်ရာနှင့် ဧည့်ခံဆက်ဆံစရိတ်များ၊ စစ်လက်နက်ပစ္စည်းအတွက် ပြင်ဆင်ထုတ်လုပ်စရိတ်များ၊ လှည်းယာဉ်ရထားနှင့် ချပ်ဝတ်တန်ဆာတို့အတွက် ကုန်ကျစရိတ်များ စသည်ဖြင့် နေ့စဉ်နှင့်အမျှ ငွေကြေးတန်ဖိုး ရွှေစင်အသပြာ ရာထောင်ချီ ကုန်ကျရပါမှ စစ်အင်အား သိန်းချီသည့် တပ်မကြီးမှာ သက်ဝင်လှုပ်ရှား အဆင်သင့် ရှိနိုင်မည် ဖြစ်သတည်း။

စစ်တိုက်ရာမှာ အရေးကြီးဆုံးက အလျင်အမြန် အောင်နိုင်ရေး ဖြစ်သည်။ ကြာရှည်ဆွဲတိုက်နေရလျှင် စစ်ညောင်းပြီး အားကုန်လူပန်း စိတ်ဓာတ်ကျကုန်ပေလိမ့်မည်။ ရန်သူ့မြို့ပြများကို ဝိုင်းရံတိုက်ခိုက်ပြန်လျှင်လည်း အင်အား ဆုံးရှုံး ပြုန်းတီးလာနိုင်သည်။ တပ်မကြီးတစ်ခုလုံး ရှေ့တန်းမှာ ကြာရှည် တပ်ချတပ်စွဲထားပြီး တိုက်ခိုက်ပြန်လျှင်လည်း ကုန်ကျစရိတ်ကြောင့် တိုင်းပြည်ဘဏ္ဍာ အရင်း

www.burmeseclassic.com


အမြစ်များ မလုံမလောက် ကုန်ခန်းရပေတော့မည်။

ယင်းသို့ တပ်များ စစ်ညောင်းပြီး နုံးခွေပင်ပန်း စိတ်ဓာတ်ကျလာသည်နှင့်အမျှ အားအင် ပြုန်းတီးဆုတ်ယုတ်ပြီး၊ ဘဏ္ဍာ အရင်းအမြစ်များ ကုန်ခန်းလာတတ်သည်နှင့်အညီ ဤအဖြစ်သနစ်ဆိုးကျိုးကို အကြောင်းပြုပြီး လက်အောက်မြို့ပြ ပြည်ထောင်မင်းများသည် အခွင့်ကောင်းယူကာ ပုန်ကန်ထကြွ ခြားနားလာနိုင်ပေသည်။ ယင်းသို့ အခြေမျိုး ဆိုက်သော် လူတော် လူစွမ်းကောင်းကြီးများ ရှိလင့်ကစား ၎င်းဆိုးကျိုးအခြေအနေကို အကောင်းဘက်သို့ ပြောင်းလဲခြင်းငှာ စွမ်းဆောင်နိုင်ကြမည် မဟုတ်ပေ။

ထို့ကြောင့် စစ်တိုက်ရာမှာ အောင်နိုင်ရေးအတွက် အရမ်းကာရော အလောသုံးဆယ် တိုက်ခြင်းကြောင့် ဦးစီး ညံ့ဖျင်းရာ ကျသည် ဟူသော သာဓကကိုသာ ကြားဖူး၏။ စစ် ရေရှည်ဆွဲတိုက်သည်ကို လိမ္မာပါးနပ်သည်၊ တော်သည် ဟူ၍ကား မကြားဖူးပါပေ။

www.burmeseclassic.com


စစ်ကို ရေရှည်ဆွဲတိုက်သဖြင့် တိုင်းပြည်အတွက် အကျိုးကျေးဇူး ဖြစ်ထွန်းလာစေခဲ့သော သာဓကဟူ၍ မရှိခဲ့ဖူးပါပေ။

ထို့ကြောင့် စစ်အင်အားကို အသုံးချရာမှ ပေါ်ပေါက်တတ်သော ဆိုးကျိုး အန္တရာယ်များကို ဘက်စုံ ထောင့်စုံ ကောင်းစွာ မသိ နားမလည်သောသူအနေနှင့် စစ်အင်အားကို အသုံးချ၍ အကျိုးဖြစ်ထွန်းစေနိုင်သော အကြောင်းအရာများကိုလည်း အလုံးစုံ ကောင်းစွာ နားလည်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပေ။

စစ်ရေးဆိုင်ရာ ကျွမ်းကျင်သူတို့သည် စစ်သားစုဆောင်းရေးကို အကြိမ်ကြိမ် ဆင့်ခေါ်စုစည်းခြင်း မပြု၊ ရိက္ခာများကိုလည်း အလီလီ ထောက်ပို့ရန် မခိုင်း၊ မိမိနိုင်ငံမှ လက်နက်ပစ္စည်းများကို စွဲကိုင် အသုံးပြုပြီး၊ ရန်သူ့နယ်မြေမှ စားရေရိက္ခာကို ရယူ စုဆောင်း အမှီပြုနိုင်သဖြင့် စစ်တပ်များအတွက် စားရေရိက္ခာများ လုံလုံလောက်လောက် ရရှိအောင် စွမ်းဆောင်နိုင်ကြပေသည်။

www.burmeseclassic.com


စစ်ချီ တိုက်ခိုက်ခြင်းကြောင့် တိုင်းပြည် ချွတ်ခြုံ မွဲပြာကျရခြင်းအကြောင်းရင်း တစ်ရပ် ကား စစ်မြေပြင်သို့ ခရီးဝေး ထောက်ပို့ရသော ကြောင့် ဖြစ်၏။ ယင်းသို့ ဝေးဝေးလံလံ ထောက်ပို့ရခြင်းကြောင့်လည်း တိုင်းသူပြည် သားများ ဆင်းရဲကျပ်တည်း ဖြစ်ကြရလေ သည်။

တပ်စွဲရာ အနီးအနားတစ်ဝိုက်ရှိ ကုန် ပစ္စည်းများ ဈေးနှုန်းမြင့်တင် ရောင်းချလာပေ တော့ရာ ကုန်ပစ္စည်းများကို မတန်တဆ ဈေး ကြီးပေး ဝယ်ယူသုံးစွဲရသောကြောင့်လည်း ပြည်သူအများ ငွေကြေးဥစ္စာ ကုန်ခန်းလာရ လေတော့သည်။ ငွေကြေးဥစ္စာ ကုန်ခန်းလာ သည့်အလျောက် အခွန်အတုတ်များမှာလည်း ဝန်ထုပ်ဝန်ပိုးကြီးသဖွယ် ပိုမို ဖိစီးလာမှုဒဏ်ကို မလွှဲမသွေ ခံလာကြရလေသည်။

စစ်အင်အားနှင့်တကွ ငွေကြေးဥစ္စာ အရင်းအမြစ်များလည်း ချို့တဲ့ဆုံးရှုံး ပြုန်းတီး

လာသည့်အလျောက် ပြည်တွင်းမှာ ဆင်းရဲမွဲတေ ချွတ်ခြုံကျသော အခြေသို့ ဆိုက်ရပေတော့ရာ၊ တိုင်းသူပြည်သားတို့၏ ဥစ္စာပစ္စည်းများမှာလည်း ဆယ်ချိုးခုနစ်ချိုးမျှ ပြုန်းတီးကုန်ရချေတော့မည် ဖြစ်၏။

အစိုးရ ဌာနဆိုင်ရာ အသုံးစရိတ်များ၊ လှည်းပျက် မြင်းနာ စသည့် အဆုံးအရှုံးအပျက်အစီးများ၊ ဒူးလေး ချပ်ကာ၊ ဒိုင်းလွှားဓားလှံ၊ လှေကြီး လှေငယ် စသည့် စစ်သုံးပစ္စည်းများ ပြုပြင်ဖြည့်တင်း ဆောက်တည်ရခြင်းများ၊ ရိက္ခာလက်နက်ပို့ရန် နွားလှည်း၊ မြင်းလှည်းကြီးများ အပါအဝင် သုံးစွဲ ကုန်ကျစရိတ်အတွက် အစိုးရဘဏ္ဍာတော် ငွေကြေးဆယ်ပုံခြောက်ပုံခန့် ကုန်ခန်းရသည့် အခြေသို့ဆိုက်ရချေတော့မည် ဖြစ်၏။

ထို့ကြောင့် စစ်ရေး ကျွမ်းကျင်လိမ္မာသောတပ်မှူးတို့သည် ရန်သူ့နယ်မြေမှ စားရေရိက္ခာများကို အရယူ ဖြည့်တင်းရပေမည်။ ပမာပြောရလျှင် ရန်သူ့ထံမှ ရိက္ခာတစ်တင်းရလျှင်ပင်ကျွန်ုပ်တို့အတွက် တင်း ၂၀ မျှ တန်သည်

www.burmeseclassic.com


မှတ်ပါလေ။ ရန်သူ့ထံမှ ကောက်ရိုးမြက်ထုံး တစ်ထုံး ရလျှင်ပင် ကျွန်ုပ်တို့အတွက် အထုံး ၂၀ မျှ တန်သည် မှတ်ပါလေ။

ရန်သူ့အပေါ် တိုက်ရဲခိုက်ရဲစေလိုသော် ရဲသွေးရဲမာန် ဘာမထီစိတ်ဓာတ် နှိုးဆွပေးခြင်း ပြုတတ်ရာ၏။

ရန်သူ့အပေါ် အနိုင်ရ အမြတ်ထုတ်လိုသော် မိမိစစ်သည်များကို တိုက်ရလာသော ပစ္စည်းများအား ပေးကမ်းဝေမျှ ချီးမြှင့်ခြင်း ပြုတတ်ရာ၏။

ထို့ကြောင့် စစ်ရထားချင်း တိုက်စစ်ဆင်ရာမှ ရန်သူ့စစ်ရထား ဆယ်စင်းကျော် သိမ်းပိုက်ရမိလေတိုင်း ကနဦးဆုံး ရလာသော တပ်သားအား ဆုတော်လာဘ်တော်များ ချီးမြှင့်ရမည်။ ၎င်း ရန်သူ့စစ်ရထားများပေါ်ကို မိမိတို့အလံများ ပြောင်းစိုက်ကာ မိမိတို့၏ စစ်ရထားများအကြား ထည့်ညှပ်ပြီး စစ်တိုက်ရန် အသုံးချသွားရမည်၊ သုံ့ပန်းများကို ကောင်းစွာ စောင့်ရှောက် ကျွေးမွေးထားတတ်ရမည်။

www.burmeseclassic.com


ဤအချက်သည် ရန်သူကို အနိုင်တိုက်ရင်းမိမိ အင်အား ကြီးထွားအောင် ဖြည့်တင်းရရှိခြင်း ဟူ၏။

စစ်တိုက်ရာမှာ အရေးကြီးဆုံးကား အမြန် အနိုင်တိုက်ရေး ဖြစ်သည်။ ရေရှည် ဆွဲတိုက် ရန် မသင့်။

ထို့ကြောင့်လည်း စစ်ရေးစစ်ရာ ကျွမ်း ကျင်သော တပ်မှူးများသည် ပြည်သူပြည်သား တို့၏ ကံကြမ္မာဖန်တီးရှင်ဟု ခေါ်ဆိုထိုက်ပါ ပေသည်။ တိုင်းပြည်၏ လုံခြုံအေးချမ်းရေးနှင့် ပျက်သုဉ်းရေးကို ခြယ်လှယ်နိုင်သော အုပ်စိုး သူများလည်း ဖြစ်ကြပေသည်။

☆

www.burmeseclassic.com



**စစ်မဟာဗျူဟာနည်းအရ စစ်ဆင်ရာမှာ ရန်သူ့တိုင်းပြည်တစ် ပြည်လုံးကို ပကတိ အညံ့ခံလာစေပြီး သိမ်းပိုက်အောင်နိုင်ခြင်း ကား အကောင်းဆုံး ဖြစ်၏။**

www.burmeseclassic.com

## အခန်း (၃)

# မဟာဗျူဟာမြောက် ထိုးစစ်

ဆွန်ဇုက ဤသို့ မိန့်ဆိုထား၏-

စစ်မဟာဗျူဟာနည်းအရ စစ်ဆင်ရာမှာ ရန်သူ့ တိုင်းပြည်တစ်ပြည်လုံးကို ပကတိ အညံ့ခံလာစေပြီး သိမ်းပိုက်အောင်နိုင်ခြင်းကား အကောင်းဆုံးနည်း ဖြစ်၏။ တိုင်းပြည်ဖြိုခွင်းပြီး အောင်နိုင်ခြင်းကား သင့်ရုံသာ ရှိသည်ဟု ဆိုရအံ့။ ရန်သူ့ တပ်မတစ်ခုလုံးကို ပကတိ အညံ့ခံလာအောင် ချိုးနှိမ် အောင်နိုင်ခြင်းကား အကောင်းဆုံးနည်း ဖြစ်၏။

www.burmeseclassic.com



ရန်သူ့တပ်မကို ဖြိုခွင်းပြီး အနိုင်ရလိုက်ခြင်းကား သင့်ရုံသာ ရှိသည်ဟု ဆိုရအံ့။

ရန်သူ့တပ်ရင်း တစ်ရင်းလုံး ပကတိအညံ့ခံလာအောင် ချုံးနှိမ် အောင်နိုင်ခြင်းကား အကောင်းဆုံး ဖြစ်၏။ ရန်သူ့တပ်ရင်းကို ဖြိုခွင်းအောင်နိုင်ခြင်းကား သင့်ရုံသာ ရှိသည်ဟုဆိုရအံ့။ ရန်သူ့တပ်ခွဲ တစ်ခွဲလုံး ပကတိအညံ့ခံလာအောင် ချုံးနှိမ်အောင်နိုင်ခြင်းကား အကောင်းဆုံး ဖြစ်၏။ တပ်ခွဲကို ဖြိုခွင်းအောင်နိုင်ခြင်းကား သင့်ရုံသာ ရှိသည် ဆိုရအံ့။ ရန်သူ့တပ်စိတ်တစ်စိတ်လုံး ပကတိ အညံ့ခံလာအောင် ချုံးနှိမ်အောင်နိုင်ခြင်းကား အကောင်းဆုံး ဖြစ်၏။ တပ်စိတ်ကို ဖြိုခွင်းအောင်နိုင်ခြင်းကား သင့်ရုံသာ ရှိသည် ဆိုရအံ့။

တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာ ဆင်နိုင်သူတိုင်း အကောင်းဆုံး အတော်ဆုံးဟု မဆိုထိုက်သေးပေ။

မတိုက်ရဘဲနှင့် ရန်သူ့အင်အားကို ချုံးနှိမ်အညံ့ခံလာရအောင် လုပ်နိုင်သူသည်သာ

www.burmeseclassic.com


အကောင်းတကာ့ အကောင်းဆုံး အတော်ဆုံး ဟု ဆိုထိုက်ပေသည်။

စစ်တိုက်ရာမှာ ထိပ်တန်း အကောင်းဆုံး နည်းလမ်းကား ဗျူဟာမြောက် နည်းပရိယာယ် ဆင်ခြင်းဖြင့် ရန်သူကို မတိုက်မခိုက်ရဘဲ ချုံးနှိမ် အောင်နိုင်ခြင်း ဖြစ်၏။

ဒုတိယနည်းလမ်းကား သံရေးတမန်ရေး အရ ရန်သူ၏မဟာမိတ်များကို သပ်လျှိုဖြိုခွင်း ပြီး ချုံးနှိမ် အောင်နိုင်ခြင်း ဖြစ်၏။

တတိယနည်းလမ်းကား စစ်အင်အား သုံး ပြီး ရန်သူ့တပ်ကို တိုက်ခိုက်ဖြိုခွင်း အောင် နိုင်ခြင်း ဖြစ်၏။

မတတ်သာဆုံး နည်းလမ်းကား မြို့ကြီး ပြကြီးများကို ဝန်းရံတိုက်ခိုက် ဖြိုခွင်း အောင် နိုင်ခြင်း ဖြစ်၏။

မြို့ကြီးပြကြီးများကို ဝန်းရံတိုက်ခိုက်ရ ခြင်းမှာကား မလွှဲမရှောင်သာသောကြောင့် သာ ဖြစ်ရပေမည်။

www.burmeseclassic.com


အဘယ့်ကြောင့်ဆိုသော် မြို့ပြများကို ဝန်းရံတိုက်ခိုက်ရန်အတွက် ဒိုင်းလွှား၊ မျှော်စင်ပါလှည်းယာဉ်ကြီးများ ပြုလုပ် တည်ဆောက်ခြင်း၊ အခြား အသုံးအဆောင် ယန္တရားလက်နက်များ စုဆောင်းခြင်းတို့အတွက် လပေါင်းများစွာ အချိန်ကုန်သွားနိုင်၏။ မြို့ရိုးတံတိုင်းများကို ကျော်တက် စီးနင်းနိုင်အောင် မြေတာတောင်ပို့ကြီးများ ဖို့ခြင်းအလုပ်ကိုလည်း နောက်ထပ် လပေါင်းများစွာ အချိန်ယူရဦးမည် ဖြစ်၏။

သို့နှင့် တပ်မှူးများက စိတ်လော စိတ်မရှည်နိုင်ဘဲ ဒေါကြီးလောကြီးပြီး တပ်သားတွေကို မြို့ရိုးတစ်လျှောက် အစုအပြုံလိုက် သဲကြီးမဲကြီး တက်တိုက်ခိုင်းလေသော် သုံးပုံတစ်ပုံခန့်သော တပ်သားများ ကျဆုံးကုန်သည့်တိုင် မြို့ကို သိမ်းပိုက်မရဘဲ ဖြစ်တတ်၏။ ဤသည်မှာကား ရန်သူ့မြို့ပြများကို ဝန်းရံတိုက်ခိုက်သောကြောင့် ဖြစ်ပေါ် ကြုံတွေ့လာနိုင်သော ဆိုးကျိုးဆိုးပြစ်များ ဖြစ်ပေသည်။

www.burmeseclassic.com


စစ်ရေးကျွမ်းကျင်သူတို့အနေနှင့် ရန်သူ့တပ်ကို မတိုက်မခိုက်ရဘဲ အညံ့ခံလာအောင် ချိုးနှိမ် အနိုင်ယူတတ်ကြသည်။ ရန်သူ့မြို့ပြများကို ဝန်းရံမတိုက်ခိုက်ရဘဲ သိမ်းပိုက်နိုင်အောင် စွမ်းဆောင်တတ်ကြသည်။ ရန်သူ့တိုင်းပြည်ကို ရေရှည်ဆွဲ မတိုက်ရဘဲ ဖြိုခွင်း သိမ်းပိုက်နိုင်ကြပေသည်။

၎င်းတို့သည် ဘက်စုံ အလုံးစုံ အောင်နိုင်ရေး စစ်ဗျူဟာများ တစ်ထစ်ကျ ချမှတ်ကျင့်သုံးပြီး ဇမ္ဗူတစ်လွှား ယှဉ်ပြိုင် အနိုင်ရအောင် စွမ်းဆောင်ကြကုန်သည် ဖြစ်၏။ သို့ဖြစ်သောကြောင့်လည်း မိမိ၏စစ်အင်အားကို ပျက်စီးဆုံးရှုံးမှု မရှိစေဘဲ အောင်ပွဲကို ဘက်စုံမှ အပြည့်အဝ ရရှိနိုင်စေခဲ့လေသည်။ ဤသည်ကား စစ်မဟာဗျူဟာ နည်းပရိယာယ်ဉာဏ်ဖြင့် ထိုးစစ်ဆင်ခြင်း ဟူသတည်း။

စစ်ရေးနည်းဗျူဟာ ကျင့်သုံးရာမှာ ရန်သူထက် အင်အားဆယ်ဆသာလျှင် ဝိုင်းပိတ်

www.burmeseclassic.com



တိုက်ပါ။ ရန်သူထက် အင်အားငါးဆ သာလျှင် ထိုးစစ်ဆင်ပါ။ ရန်သူထက် အင်အားနှစ်ဆ သာနေလျှင် ရန်သူ့အင်အားကို အပိုင်းပိုင်း စိတ်၍ တိုက်ပါ။ အင်အားချင်း တူနေလျှင် ယှဉ်တိုက်နိုင်ရမည်။ မိမိအင်အား လျော့နည်းနေလျှင် ရှောင်ပြေးတတ်ရမည်။ ရန်သူ့အင်အားကြီး၍ မယှဉ်သာလျှင် တိမ်းရှောင်တပ်ဖျောက်နေတတ်ရမည်။

ထို့ကြောင့် အင်အားချင်း မမျှဘဲ ခေါင်းမာစွာ ရင်ဆိုင်တိုက်ခိုက်ခြင်းသည် အင်အားကြီးသော ရန်သူတို့၏ သုံ့ပန်းအဖြစ်သို့ ကျရောက်တတ်ပေသည်။

စစ်သူကြီးများ၊ တပ်မှူးများကား တိုင်းပြုပြည်ပြုအတွက် အထောက်အကူပြုသော အကျိုးတော်ဆောင် လက်ရုံးကြီးများ ဖြစ်ကြပေသည်။ အကျိုးတော်ဆောင် လက်ရုံးကြီးများအနေနှင့် ထောင့်စေ့အောင် အပြည့်သဘော အကျိုးပြု အားဖြည့် စွမ်းဆောင်ပေးနိုင်လျှင်

www.burmeseclassic.com


နိုင်ငံတော်အင်အား ဧကန်မလွဲ တောင့်တင်း ခိုင်မာလာမည် ဖြစ်သည်။ အကျိုးပြုအားဖြည့် စွမ်းဆောင်မှု ချွတ်ယွင်းချွတ်ချော် လစ်ဟင်း နေလျှင် နိုင်ငံတော်အင်အား မုချ ချိနဲ့နေမည် ဖြစ်သည်။

အုပ်စိုးသူတို့ကြောင့် တပ်ကို ဆိုးကျိုး ဒုက္ခပေးနိုင်သော အကြောင်းရပ် သုံးမျိုး ရှိ၏။ ၎င်းမှာ အုပ်စိုးသူတို့အနေနှင့် တပ်ကို ရှေ့တိုးချီတက်ရန် မသင့်တော်ကြောင်း၊ မရ ကြောင်းကို မသိနားမလည်ဘဲနှင့် အမိန့်ပေး အတင်း ချီတက်စေခြင်း၊ တပ်ကို နောက်သို့ ဆုတ်ရန် ခွာရန် မသင့်တော်ကြောင်း မဖြစ် ကြောင်းကို မသိနားမလည်ဘဲနှင့် အမိန့်ပေး အတင်း ဆုတ်ခွာစေခြင်း ဖြစ်၏။ ဤ အကြောင်း ခြင်းရာမျိုးကို တပ်အား အကျပ်ကိုင် တုပ် နှောင်မှုမျိုးဟု ဆိုရပေမည်။

အခြားတစ်မျိုးက အုပ်စိုးသူတို့အနေနှင့် တပ်များ၏ စစ်စည်းကမ်း အုပ်ချုပ်စီမံမှု အခြေအနေများကို မသိနားမလည်ဘဲနှင့်

www.burmeseclassic.com



တပ်တစ်ခုလုံးတွင် မြို့ပြအုပ်ချုပ်မှု ပုံစံမျိုးနှင့် ပါဝင် စီမံခန့်ခွဲခြင်း ဖြစ်၏။ ဤသည်ကို တပ်မတော်သားများအား တွေဝေ စိတ်အနှောင့်အယှက် ဖြစ်စေခြင်းမျိုးဟု ဆိုရပေမည်။

နောက်တစ်မျိုးကား အုပ်စိုးသူတို့ အနေနှင့် တပ်များ၏ စစ်ရေးစစ်ရာ အခြေအနေအရ လိုက်လျောညီထွေစွာ ပါးပါးနပ်နပ် လှုပ်ရှားပြောင်းလဲမှု ပြုလုပ်ရသည့် နည်းပရိယာယ်ဗျူဟာများကို မသိနားမလည်ဘဲနှင့် တပ်များ၏ ဦးစီးညွှန်ကြားမှုတွင် ပါဝင် ခြယ်လှယ် အမိန့်ပေးလာခြင်းမျိုး ဖြစ်၏။ ဤသည်ကို တပ်သားများအား ယုံကြည်မှု ယိုယွင်း၊ ဒွိဟ သံသယစိတ် ပွားစေခြင်းမျိုး ဟု ဆိုရပေမည်။

ဤသို့ တပ်တစ်ခုလုံးတွင် တွေဝေစိတ်များ၊ ဒွိဟ သံသယစိတ်များ ရောပြွမ်းပေါက်ဖွားနေလေသော် ယင်းကို အကြောင်းပြု၍ နယ်စား ပယ်စား မြို့ပြ ပြည်ထောင်မင်းများက ကျူးကျော်ရန်စ တိုက်ခိုက် ဒုက္ခပေးလာကြတော့မည် ဖြစ်သည်။

www.burmeseclassic.com


ဤသည်ကား တပ်တစ်ခုလုံးကို ကိုယ့်ဘာသာကိုယ် ခလောက်ဆံအောင် ဖန်တီးပြီး ပျက်စီးဆုံးရှုံးရာသို့ တွန်းပို့ခြင်း ဟူ၏။

ထို့ကြောင့် ကြိုတင်သိစွမ်းနိုင်သော စစ်အောင်နိုင်ရာ အကြောင်းတရား ငါးရပ် ရှိ၏။ ၎င်းတို့မှာ အခြေအနေအရ တိုက်နိုင်ခြင်းကိုလည်းကောင်း၊ မတိုက်နိုင်ခြင်းကိုလည်းကောင်း၊ ခန့်မှန်းသိစွမ်းနိုင်သောသူသည် စစ်အောင်နိုင်ရာ၏။

တပ်အင်အား အနည်းအများအလိုက် အသုံးချ အုပ်ချုပ်စီမံတိုက်ခိုက်တတ်သူသည် စစ်အောင်နိုင်ရာ၏။

အဆင့်ဆင့် ထက်အောက် တပ်မှူး တပ်သားများ တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင် ဖန်တီးနိုင်စွမ်းသူသည် စစ်အောင်နိုင်ရာ၏။

မိမိဘက်က အသင့်ပြင်ဆင်မှုရှိပြီး အသင့်မရှိသေးသော ရန်သူကို စောင့်စား ရင်ဆိုင်တိုက်ခိုက်လိုက်နိုင်သူသည် စစ်အောင်နိုင်ရာ၏။

www.burmeseclassic.com


စစ်သူကြီး တပ်မှူးများအနေနှင့် အရည်အချင်းပြည့်ဝပြီး အုပ်စိုးသူများ ပါဝင်စွက်ဖက် ခြယ်လှယ်ခြင်းကို မခံရသူသည် စစ်အောင်နိုင်ရာ၏။

ဤကား ကြိုတင်သိစွမ်းနိုင်သည့် စစ်အောင်နိုင်ရာသော အကြောင်းတရား ငါးရပ်ဖြစ်ပေသည်။

ထို့ကြောင့် ဤသို့ အဆိုအမိန့်ရှိ၏-

သူ့အကြောင်း ကိုယ့်အကြောင်း သိကျွမ်းလျှင် တိုက်ပွဲတိုင်း အန္တရာယ်ကင်းကင်းနှင့် အောင်မြင်နိုင်ရာ၏။ သူ့အကြောင်း မသိ ကိုယ့်အကြောင်းသာ သိလျှင် နိုင်သည်လည်း ရှိမည်။ ရှုံးသည်လည်း ရှိမည်။ ကိုယ့်အကြောင်း သူ့အကြောင်း လုံးဝ မသိလျှင်၊ တိုက်ပွဲတိုင်း မုချ ရှုံးလိမ့်မည်။

☆

www.burmeseclassic.com



သူ့အကြောင်းကိုယ့်အကြောင်း သိကျွမ်းလျှင် တိုက်ပွဲတိုင်း အန္တရာယ်ကင်းကင်းနှင့် အောင်မြင်နိုင်ရာ၏။

www.burmeseclassic.com

## အခန်း (၄)

# စစ်ရေးစစ်ရာ အနေအထား

ဆွန်ဇုက ဤသို့ မိန့်ဆိုထား၏-

ရှေးခေတ်က စစ်တိုက်ကျွမ်းကျင်သူတို့သည် ရှေးဦးစွာ မိမိကိုယ်ကို သူတစ်ပါး အနိုင်မတိုက်နိုင်အောင် ကြိုတင်ဖန်တီးကြ၏။ ထို့နောက် ရန်သူကို အနိုင်ရမည့် အခါအခွင့်ကို ငံ့လင့်၏။ မိမိကိုယ်ကို သူတစ်ပါး မနိုင်အောင် လက်ဦးမှု ရယူထားနိုင်သည့် အခြေအနေသည် မိမိအပေါ်၌ တည်လေသည်။ ရန်သူကို အနိုင်ယူနိုင်မှု ရှိမရှိ အခြေအနေသည် ရန်သူ

www.burmeseclassic.com


ကိုယ်၌ စစ်ရှုံးစေမည့် ပျော့ကွက် ဟာကွက်၊ ချို့ယွင်းချက် ရှိမရှိအပေါ်၌ တည်နေပေသည်။

စစ်ရေးကျွမ်းကျင်သူတို့သည် မိမိကိုယ်ကို သူတစ်ပါး မနိုင်ရအောင် အခြေအနေကို ဖန်တီးရယူနိုင်၏။ ရန်သူကိုမူ ကျွန်ုပ်တို့ မှချနိုင်ရမည့် အခြေအနေ အတင်း ဖန်တီးပေးလာစေရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် အောင်ပွဲကို ကြိုတင်ခန့်မှန်း သိရှိနိုင်သော်လည်း အတင်းအဓမ္မ ဖန်တီး မရယူနိုင်ပေ။

မိမိအပေါ် ရန်သူတို့ အနိုင်တိုက်မရအောင် စွမ်းဆောင်နိုင်ခြင်းအကြောင်းကား- မိမိ၏ တပ်အင်အားအနေနှင့် လုံခြုံကြံ့ခိုင် စွာ ခံစစ်ဆင်နိုင်သောကြောင့် ဖြစ်ရာ၏။ ရန်သူကို အနိုင်တိုက်နိုင်ခြင်းအကြောင်းကား မိမိတို့တပ်အနေနှင့် ထိုးစစ် ပိုင်နိုင်စွာ ဆင်နိုင်သောကြောင့် ဖြစ်ရာ၏။

ခံစစ်ဆင်ရခြင်း အရင်းခံကား အင်အား မလုံလောက်မျှ၍ ဖြစ်ရာ၏။ ထိုးစစ်ဆင်

www.burmeseclassic.com


တိုက်နိုင်ခြင်း အရင်းခံကား အင်အားသာလွန်ကောင်းမွန်သောကြောင့် ဖြစ်ရာ၏။

ခံစစ်ကျွမ်းကျင်သူတို့သည် တပ်များကို မြေလျှိုးပုန်းကွယ်ထားဘိသကဲ့သို့ မြေပထဝီအနေအထားပေါ်တည်ပြီး လုံခြုံအောင် ကွယ်ဝှက် တပ်ဖျောက်ကာကွယ် ခုခံတတ်ကြ၏။

ထိုးစစ် တိုက်စစ်ကျွမ်းကျင်သူတို့မှာလည်း တပ်အင်အားကို မိုးကောင်းကင်မှ လျှပ်တစ်ပြက် ကျရောက်ဆင်းသက်လာစေသည့်နှယ် အလျင်အမြန် အရှိန်အဟုန်ဖြင့် လှုပ်ရှားတိုက်ခိုက်တတ်ကြ၏။

ထို့ကြောင့် မိမိကိုယ်ကို လုံခြုံအောင် ကာကွယ်ထိန်းသိမ်းနိုင်ကြသည့်အလျောက် ရန်သူကို လုံးဝဥဿုံ အောင်နိုင်ခြင်းငှာ စွမ်းဆောင်တိုက်ခိုက်နိုင်ကြပေသည်။

အောင်ပွဲကို အများသူငါ သိနိုင်သောအမြင်အတိုင်း ကြိုတင် ခန့်မှန်းတတ်သိနိုင်သူကား လူတော်ထဲက အတော်ဆုံးလူဟု မဆိုသာ။ စစ်ပွဲတိုက်ခိုက်ပြီး အောင်နိုင်သူအား

နိုင်ငံအဝန်း ချီးမွမ်းသြဘာပေးကြသော်လည်း လူတော်ထဲက အတော်ဆုံးလူဟု မဆိုသာ။

ထို့ကြောင့် ပမာခိုင်းနှိုင်းပြောရလျှင် ငှက်တောင်ကို ကိုင်မ နိုင်ရုံဖြင့် ခွန်အားကြီးသည်ဟု မဆိုသာ။ ထိုနည်းလည်းကောင်း နေ၊ လတို့ကို ကြည့်မြင်နိုင်ရုံဖြင့် မျက်စိ ကောင်းသည်၊ ရှင်သည်ဟု မဆိုသာ။ မိုးချုန်းသံ ကြားရနိုင်ရုံမျှဖြင့် နားပါး နားလျင်သည်ဟု မဆိုသာ။

ရှေးခေတ်က ပြောစမှတ်ပြုကြသော စစ်တိုက်ကျွမ်းကျင်သူတို့မည်သည်ကား တိုက်လွယ်သော ရန်သူများကိုသာ အနိုင်ရယူလိုက်ကြခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ ထို့ကြောင့်လည်း ၎င်းအောင်ပွဲများနှင့် ပတ်သက်၍ စစ်တိုက်ကျွမ်းကျင်သူတို့၏ ကြံရည်ဖန်ရည် ဂုဏ်သတင်းများ မထင်ပေါ် မကျော်ဇော၊ သူရသတ္တိဂုဏ်ပုဒ်များ မထင်ရှား မကျော်ကြားပေ။

၎င်းတို့၏ အောင်နိုင်ခြင်းသည် တိမ်းစောင်း မှားယွင်းမှု မရှိ ဖြစ်၏။ တိမ်းစောင်းမှားယွင်းမှု မရှိဟု ဆိုရခြင်းမှာလည်း ၎င်းတို့၏

www.burmeseclassic.com


လုပ်ဆောင်ချက်များသည် မုချ အောင်နိုင်မည့် အခြေခံပေါ်တွင် စီစဉ်ထားခြင်းဖြင့် နဂိုကပင် ရှုံးနိမ့်မည့်အခြေအနေရှိသော ရန်သူကို အနိုင်ရလိုက်ခြင်းကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် စစ်တိုက်ကျွမ်းကျင်သူတို့သည် မိမိကိုယ်ကို မရှုံးနိမ့်နိုင်သော အခြေအနေတွင် ရပ်တည်လျက်ရှိစေပြီး ရန်သူတို့ ရှုံးနိမ့်နိုင်မည့် အခြေအနေကို အခါမလင့် စောင့်ဆိုင်း တိုက်ခိုက်တတ်ကြပေသည်။

ထို့ကြောင့် အောင်ပွဲခံတပ်မတော်တို့ဟူသည် အောင်နိုင်မည့် အခြေအနေကို လက်ဦးမှုရှိစွာ ဖန်တီးရယူပြီးမှ ရန်သူကို ဦးတည်ရင်ဆိုင် တိုက်ခိုက်တတ်ကြလေသည်။ အရေးနိမ့်မည့် ရှုံးမည့် တပ်များအနေနှင့်မူ အလျင်စလို ဦးစွာ ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ပြီး ကံကောင်းထောက်မမှုကို အားကိုး၍ အနိုင်ရရန် ကြိုးပမ်းတတ်ကြပေသည်။

စစ်အင်အားကို ကျွမ်းကျင်ပြောင်မြောက်စွာ အသုံးချတတ်သူတို့အနေနှင့် တိုင်းရေး

www.burmeseclassic.com


ပြည်ရာအတွက် ကျင့်ဝတ်တရားကောင်း များကို ကျင့်ကြံအားထုတ် ဆောက်တည်တတ်ကြရပေသည်။ ထို့အတူ စည်းမျဉ်းစည်းကမ်း ဥပဒေများကိုလည်း ထိန်းသိမ်းစောင့်ရှောက်လိုက်နာ ကျင့်သုံးတတ်ကြရပေသည်။ သို့ပါ၍လည်း စစ်ပွဲအနိုင်အရှုံး အဆုံးအဖြတ်တို့ကို စွဲမြဲစွာ ဆုပ်ကိုင်ခြယ်လှယ်နိုင်စွမ်း ရှိကြပေသည်။

စစ်ဥပဒေသ အဆိုအမိန့်အရ စစ်အခြေခံအကြောင်းအချက်ကြီး ၅ ချက် ရှိ၏။ ၎င်းတို့မှာ-

၁။ အတိုင်းအတာ

၂။ အရေအတွက်

၃။ အတွက်အချက်

၄။ အနှိုင်းအဆ

၅။ အနိုင်အပိုင်

စသည်တို့ ဖြစ်၏။

www.burmeseclassic.com


ပထဝီအနေအထားအရ အတိုင်းအတာကိန်း ပေါ်ပေါက်လာ၏။ အတိုင်းအတာအရ အရေအတွက်ကိန်း ပေါ်ပေါက်လာ၏။အရေအတွက်အရ အတွက်အချက်ကိန်း ပေါ်ပေါက်လာ၏။ အတွက်အချက်အရ အနိုင်းအဆကိန်း ပေါ်ပေါက်လာ၏။ အနှိုင်းအဆပေါ် မူတည်ပြီး အနိုင်အပိုင်ကိန်း ပေါ်ပေါက်လာတော့၏။

*[ တစ်နည်း- အဓိပ္ပာယ်ဖွင့် ပြန်ဆိုချက်*

*ရန်-ငါ နှစ်ဖက်တို့၏ တည်နေရာ ခြားနားမှုအရ မြေဧရိယာအကျယ်အဝန်း မတူခြားနားသော အတိုင်းအတာကိန်း ပေါ်ပေါက်လာရ၏။*

*ရန်-ငါ နှစ်ဖက်ရှိ မြေဧရိယာ အကျဉ်းအကျယ် အတိုင်းအတာ မတူခြားနားမှုအရ၊ နှစ်ဖက်သော သယံဇာတ အရင်းအမြစ် ပေါ်ကြွယ်ဝမှု အနည်းအများ မတူခြားနားသော အရေအတွက်ကိန်း ပေါ်ပေါက်လာရ၏။*

ရန်-ငါ နှစ်ဖက်ရှိ သယံဇာတ အရင်းအမြစ် ပေါကြွယ်ဝမှု အနည်းအများ အရေအတွက် မတူခြားနားမှုအရ နှစ်ဖက်သော စစ်အင်အား အနည်းအများ မတူခြားနားသော အတွက်အချက်ကိန်း ပေါ်ပေါက်လာရ၏။

ရန်-ငါနှစ်ဖက် စစ်သားအင်အား အနည်းအများ အတွက်အချက် မတူခြားနားမှုအရ နှစ်ဖက်သောစစ်အင်အား အားသာအားနည်းခြင်းဟူ၍ မတူခြားနားသော အနှိုင်းအဆကိန်း ပေါ်ပေါက်လာရ၏။

ရန်-ငါနှစ်ဖက် စစ်အင်အား အားသာအားနည်းခြင်းဟူသော အနှိုင်းအဆ မတူခြားနားမှုအရ စစ်ပွဲ အနိုင်အပိုင်အရှုံးကို အပြီးသတ် အဆုံးအဖြတ်ပေးလေသည်။ ]

အောင်ပွဲရစစ်သည်တော်တို့၏ စွမ်းဆောင်ပုံကား ပမာဏအားဖြင့် ပိဿာလေးကြီးအသွင်ဖြင့် ရန်သူဟူသော ပမာဏအားဖြင့် ရွှေးစေ့ငယ်လေးကို နှိုင်းယှဉ်ချိန်ထိုးလိုက်

www.burmeseclassic.com


သည့်အခါ တွေ့မြင်ရသော အလေးသာမှု နှယ် ရှိပေမည်။

ရှုံးပွဲဝင်ကြသော စစ်သည်တော်တို့၏ လုပ်ဆောင်ပုံကား မိမိအင်အား ရွေးစေ့ပမာဏ လောက်ကို ပိသာလေးကြီး ပမာဏလောက် ရှိသည့် ရန်သူနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်နေ သည့်နှယ် ရှိချေမည် ဖြစ်တော့သည်။

အောင်စစ်သည်တော်တို့သည် ရန်သူကို ထိုးစစ်ဆင်သည့်အခါ စုစုစည်းစည်းနှင့် အရှိန် အဟုန် လျှင်မြန်ပြင်းထန်စွာ စီးနင်းတိုက်ခိုက် တတ်ကြပေသည်။ ပမာပြောရလျှင် တောင် ပေါ်ရေအိုင်ကြီး၏ ရေကာတာကို ချိုးဖောက် ချကာ ရေတို့ကို ပေပေါင်း ထောင်သောင်း နက်သော ချောက်ထဲသို့ အလျှင်အမြန် အရှိန် အဟုန်ပြင်းစွာ ဒလဟော တိုက်စားစီးဆင်းစေ သည့်နှယ် ဖြစ်၏။

ဤကား စစ်ရေးစစ်ရာ စစ်အင်အား အနေအထား အရှိန်အဟုန်ဖြင့် ထိုးစစ်ဆင် ပုံတည်း။

☆

www.burmeseclassic.com



အောင်စစ်သည်တော်တို့သည် ရန်သူကို ထိုးစစ်ဆင်သည့်အခါ စုစုစည်းစည်းနှင့် အရှိန်အဟုန် လျှင်မြန်ပြင်းထန်စွာ စီးနင်း တိုက်ခိုက်တက်ကြပေသည်။

www.burmeseclassic.com

## အခန်း (၅)

# တပ်အင်အား အနေအထား

ဆွန်ဇူက ဤသို့ မိန့်ဆိုထား၏-

တပ်မကြီးတစ်ခုလုံးကို ကိုင်တွယ်အုပ်ချုပ်ရသည်မှာ တပ်စုငယ်ကို ကိုင်တွယ်အုပ်ချုပ်ရသည့်နှယ် မခြားပေ။ အကြောင်းကား တပ်ကို အဆင့်ဆင့် ပိုင်းခြားဖွဲ့စည်း ကွပ်ကဲအုပ်ချုပ်မှုပေ တည်၏။ တပ်အလုံးအရင်းကို အမိန့်ပေး တိုက်ပွဲဆင်နွှဲရာမှာလည်း တပ်စုငယ်ကို အမိန့်ပေး တိုက်ခိုက်စေသည်နှင့် မခြားပေ။ ဤ ကား အချက်ပြဆက်သွယ် အမိန့်ပေး ညွှန် ကြား လှုပ်ရှားစေခြင်းပေ တည်၏။

www.burmeseclassic.com


တပ်မတော်အင်အားတစ်ခုလုံး ရန်သူ၏ တိုက်ခိုက်ထိုးနှက်ခြင်းကို ခံရသော်လည်း မရှုံးမနိမ့်ဘဲ ကြံ့ကြံ့ခံနိုင်ခြင်းကား တိုက်ရိုက်တိုက်နည်းနှင့် သွယ်ဝိုက်တိုက်နည်းဟူသော စစ်ပရိယာယ် လှည့်စား ကစားမှုပေါ်တွင် တည်ပေသည်။

တပ်အင်အားကို အားပြုအသုံးချ တိုက်ခိုက်ရာတွင် ပမာအားဖြင့် ဥငယ်ကို ခဲကြီး ဖြင့် ထုနှက်သည့်နှယ် ရှိရမည်။ ဤကား အားကြီးခြင်းနှင့် အားနည်းခြင်း လက္ခဏာသဘောတည်း။

ယေဘုယျအားဖြင့် တိုက်ပွဲများ ဆင်နွှဲရာတွင် တိုက်ရိုက်နည်းဖြင့် လှုပ်ရှားရင်ဆိုင်ပြီး သွယ်ဝိုက်နည်းဖြင့် လှည့်စားတိုက်ခိုက်၍ အောင်ပွဲ ရယူရာ၏။

သွယ်ဝိုက်နည်းများဖြင့် ကျွမ်းကျင်စွာ စစ်တိုက်တတ်သူတို့သည် ၎င်းတို့၏ တိုက်နည်းခိုက်နည်းကား မိုးမဆုံးမြေမဆုံးအောင်ပင် အပြောင်းအလဲအမျိုးမျိုး ဖြစ်ပေါ်စေလျက်

www.burmeseclassic.com


ထွေလီများပြားလှပါသည်။ ချောင်းရေ မြစ်ရေများ တသွင်သွင် စဉ်ဆက်မပြတ် စီးဆင်းသည့်နှယ် မကုန်မခန်းနိုင်အောင် ရှိပါပေသည်။

နေ-လသို့နှယ် ပေါ်ထွန်းပျောက်ကွယ် ဆန်းဆုတ်လည်ပတ် အဖန်တလဲလဲ အစဉ်အမြဲ ဖြစ်တည်နေ၏။ ဥတုရာသီသို့နှယ် ကုန်ဆုံးရာမှ တစ်လှည့်စီ အဖန်ဖန် ပြန်လည်သက်ဝင် ရှင်သန်လာမြဲ ရှိပေသည်။

အသံတွင် သံစဉ် ငါးမျိုး ရှိ၏။ ၎င်းသံစဉ်များ ပေါင်းစပ်ပြောင်းလဲ ပေါ်ထွက်လာသည့် အသီးသီးသော သံစုံများကား နားဆင်၍ မကုန်မခန်းနိုင်အောင် ရှိပါပေသည်။

အရောင်တွင် ရောင်စဉ် ငါးမျိုး ရှိ၏။ ၎င်းရောင်စဉ်များ ပေါင်းစပ်ပြောင်းလဲ ထွက်ပေါ်လာသည့် အသီးသီးသော ရောင်စုံများကား ရှုချင့်ဖွယ် မကုန်အောင် များလှပါပေသည်။

အရသာတွင် ရသ ငါးမျိုး ရှိ၏။ ၎င်းရသများ ပေါင်းစပ်ပြောင်းလဲဖြစ်ပေါ်လာသည့်

www.burmeseclassic.com


အသီးသီးသော ရသစုံများကား မြည်းစမ်း၍ မကုန်အောင် များပြားလှပေသည်။

ထိုနည်းလည်းကောင်းပင် တိုက်ပွဲဆင်မှု အနေအထားတွင် တိုက်ရိုက်တိုက်နည်းနှင့် သွယ်ဝိုက်တိုက်နည်း နှစ်မျိုးသာ ရှိ၏။ သို့လင့်ကစား ထိုတိုက်ရိုက်တိုက်နည်းနှင့် သွယ်ဝိုက်တိုက်နည်းတို့ အဆင့်ဆင့် ပေါင်းစပ်ဖြစ်ထွန်းပေါ်ပေါက်လာသောနည်းတို့မှုကား မရေမတွက်နိုင်အောင် များပြားလှပေသည်။

သွယ်ဝိုက်နည်းနှင့် တိုက်ရိုက်နည်းတို့သည် အပြန်အလှန် တည်မှီ ရှင်သန်နေသည့် အလျောက် အဆုံးအစမရှိ စက်ဝိုင်းကြီး လည်ပတ်နေသည့်နှယ် မရေတွက်နိုင်အောင်ပင် အဖန်တလဲလဲ ဖြစ်ပေါ်နေပေသည်။ ဤသည်ကို အဘယ်မှာလျှင် ကုန်ခန်းအောင် သုံးနိုင်ပါအံ့နည်း။

ရေအလျဉ် အစီးသန်ပြီး ကျောက်တုံးကျောက်ခဲများကို တိုက်စားမျောပါအောင် စွမ်းဆောင်နိုင်ခြင်းကား အရှိန်အဟုန်အားကြောင့် ဖြစ်၏။

www.burmeseclassic.com


စွန်ရဲသိမ်းငှက်များ အလျင်ထိုးသုတ်ပြီး သားကောင်များကို သတ်ဖြတ်ကိုက်ချီနိုင်ခြင်းကား ချိန်ချက်ကိုက် စွမ်းဆောင်နိုင်သောကြောင့် ဖြစ်၏။

ထို့ကြောင့် စစ်ရေးကျွမ်းကျင်သူတို့ ထိုးစစ်ဆင်၍ တိုက်ခိုက်လာသော အင်အား အရှိန်အဟုန်မှာ ကြောက်မက်ဖွယ် ပြင်းထန် အားကောင်းလှပေသည်။ ချိန်ချက်ကိုက် တိကျ မှန်ကန် စွမ်းဆောင်တိုက်ခိုက်နိုင်မှုမှာတို တောင်းလျင်မြန်လှပေသည်။ ပမာပြု ပြောရလျှင် အင်အား အရှိန်အဟုန် အနေအထားမှာ လေးညို့ကို တင်းတင်း ဆွဲတင်ထားသည့်နှယ်ရှိပြီး ချိန်ချက်ကိုက်အနေအထားမှာ လေးညို့ခလုတ်ကို ဆွဲဖြုတ်လိုက်သည့် တဒင်္ဂနှယ် ရှိချေသည်။

တိုက်ပွဲဆင်ရာတွင် အလံတံခွန် ရှုပ်ယှက်ယောက်ယက်ခတ်ပြီး မြင်းရောလူပါ ခွဲခြားမရအောင် လုံးလုံးထွေးထွေး ဖြစ်နေသည့်ကြားက မိမိတပ်အင်အားကို စုရုံးညီညာ စည်း

ကမ်းတကျရှိအောင် ဦးစီးဦးဆောင် တိုက်နိုင်ရမည်။

တပ်အင်အား အလုံးအရင်းချီပြီး အုတ်အော်သောင်းတင်း တစ်ဖက်နှင့် တစ်ဖက် ရုန်းရင်းဆန်ခတ် အမြင်ရှုပ်ထွေးနေသော အခြေအနေ၌ တိုက်ပွဲဆင်ရသော် မိမိ တပ်အင်အားကို အချိတ်အဆက် မိမိ၊ တိုက်ကွက်ကျကျ စီစဉ်၍ မရှုံးမလန်အောင် ဦးစီးဦးဆောင် တိုက်နိုင်ရမည်။

စည်းကမ်းတကျ ထိန်းကွပ်မှုအတွင်း ဗရမ်းဗတာ စည်းလွတ်ဝါးလွတ်ခြင်းများ ဖြစ်ပေါ်တတ်၏။

သူရသတ္တိဗျတ္တိ ထက်မြက်မှုအတွင်း သူရဲဘောကြောင် ကြောက်ရွံ့ထိတ်လန့်ခြင်းများ ဖြစ်ပေါ်တတ်၏။

ကြံ့ခိုင်တောင့်တင်း အားကောင်းမှုအတွင်း ပျော့ညံ့အားနည်းခြင်းများ ဖြစ်ပေါ်တတ်၏။

www.burmeseclassic.com


*[ တစ်နည်း အဓိပ္ပာယ်ဖွင့် ပြန်ဆို*

*ဗရမ်းဗတာ စည်းပျက်ကမ်းပျက်ပုံ ဟန်ဆောင်ပြနိုင်ခြင်းကား စည်းကမ်းတကျ ကျစ်ကျစ်လျစ်လျစ်ရှိမှုပေါ် တည်၏။ သူရဲဘောကြောင် ကြောက်ရွံ့ ကြောက်လန့် ဟန်ဆောင်ပြနိုင်ခြင်းကား သူရသတ္တိ ရဲစွမ်းရဲမာန်ခိုင်ကျည်မှုပေါ် တည်၏။ ပျော့ညံ့ အားနည်း ဟန်ဆောင်ပြနိုင်ခြင်းကား ကြံ့ခိုင်တောင့် တင်း အားကောင်းနေမှုပေါ် တည်၏။ ]*

စည်းကမ်းတကျ ရှိခြင်းသော်လည်းကောင်း၊ ဗရမ်းဗတာ ဖြစ်ခြင်းသော်လည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်မှု အဆိုးအကောင်းပေါ် တည်၏။

သူရသတ္တိ ရှိခြင်းသော်လည်းကောင်း၊ သူရဲဘောကြောင်ခြင်းသော်လည်းကောင်း၊ စစ်ရေးသာလွန်မှု ယုတ်ညံ့အားနည်းမှု အခြေအနေပေါ် တည်၏။

အားကြီး အားကောင်းခြင်းသော်လည်းကောင်း၊ အားနည်း အားငယ်ခြင်းသော်လည်း

www.burmeseclassic.com



ကောင်း စစ်ရေးယှဉ်ပြိုင်မှု အင်အားသွင်ပြင် အနေအထားပေါ် တည်၏။

ရန်သူကို မိမိတို့ အလိုကျ ဖြစ်လာအောင် ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်သူတို့၏ အစွမ်း ကား တပ်အင်အားသွင်ပြင် အနေအထား ဟန်ရေးပြ လှည့်စားခြင်းဖြင့် မိမိတို့ အလိုကျ ရန်သူတို့ကို မလွဲမသွေ လိုက်ပါလှုပ်ရှားလာ စေ၏။ ငါးစာချ မျှားခြင်းဖြင့် ရန်သူတို့ ငမ်းငမ်း တက် လှမ်းယူလာစေ၏။

ဤတွင် ရန်သူကို မက်လုံးပေး စစ်မျှုပြီး ပါလာအောင် လှုပ်ရှားစေသည်နှင့်အတူ မိမိ တို့၏ တပ်အင်အားကိုလည်း အဆင်သင့် နေရာယူ စောင့်ဆိုင်း တိုက်ခိုက်တတ်ရာ၏။

စစ်တိုက်ကျွမ်းကျင်သူတို့သည် စစ်ရေး ခင်းကျင်း ပြင်ဆင်မှုပေါ် တည်ပြီး အကျိုး ဖြစ်ထွန်းမှုအနေအထားကို ကြိုးစားဖန်တီး ရယူကြ၏။ လူပုဂ္ဂိုလ် တပ်မှူးတပ်သားများ အပေါ် အကျိုးအပြစ် တာဝန်ပုံ မချပေ။ သို့ ဖြစ်၍လည်း လူတော်များကို နေရာတကျ

www.burmeseclassic.com


ခွင်ကျ ရွေးချယ် တာဝန်ပေး အသုံးချတတ်ပြီး အကျိုးဖြစ်ထွန်းစေမည့် စစ်ရေးအနေအထားများကို ရရှိအောင် စွမ်းဆောင်နိုင်ကြပေသည်။

စစ်ရေးအနေအထားကို အသုံးချသည် ဆိုရာမှာ မိမိ၏ တပ်အင်အား စစ်သည်အစွမ်းအစအလိုက် လူမှန်၊ နေရာမှန် စနစ်ကျကျ ခွင်ကျကျ အနေအထားပေါ် တည်ပြီး တာဝန်ပေး ဦးစီးကွပ်ကဲ တိုက်ခိုက်တတ်ခြင်း မည်၏။

ဥပမာနှိုင်း ပြောရလျှင် ကျောက်တုံးကျောက်ခဲ သစ်တုံးသစ်လုံးကြီးများကို အသုံးချ လှုပ်ရှားစေသည့်နှယ် ဖြစ်၏။

ကျောက်တုံးကျောက်ခဲ၊ သစ်တုံးသစ်လုံးတို့၏ သဘောသဘာဝကား မြေညီမြေပြန့်တွင် ချထားက ငြိမ်သက်စွာ ရှိတတ်၏။ အမြင့် ဆင်ခြေလျှောတွင်မူ လှုပ်ရှားနိုင်၏။ အသွင်သဏ္ဌာန်အားဖြင့် လေးထောင့်ကျလျှင်

www.burmeseclassic.com


မလှုပ်မယှက် တန့်နေတတ်၏။ အလုံးအဝန်း ဖြစ်လျှင် လိမ့်သွား ရွေ့လျားနိုင်၏။

ထို့ကြောင့် စစ်ရေးစစ်ရာ ကျွမ်းကျင် တိုက်ခိုက်တတ်သူတို့သည် မိမိစစ်အင်အားကို သာလွန်ကောင်းမွန်သော စွမ်းအား အရှိန် အဟုန်အနေအထားရအောင် ဖန်တီး အသုံး ချရာ၌ လုံးဝန်းသော ကျောက်တုံးကျောက်ခဲ ကြီးကဲ့သို့သော အရာဝတ္ထုကို ပေပေါင်း ထောင်ပေါင်းများစွာ မြင့်မားမတ်စောက်သည့် တောင်စောင်းပေါ်မှ လှိမ့်ချလိုက်သကဲ့သို့ ဖြစ်ပေါ်လာသော ပြင်းထန်လျင်မြန် အား ကောင်းသည့် အရှိန်အဟုန် အနေအထားမျိုး ကို ဖန်တီးယူတတ်ကြသည် ဟူသတည်း။

☆

www.burmeseclassic.com



စစ်မြေပြင်သို့ ဦးစွာရောက်နှင့်ပြီး ရန်သူကို စောင့်တိုက်ရသူသည် သက်သောင့်သက်သာ အားဖြည့်နားနေရာ ရ၏။

www.burmeseclassic.com

## အခန်း (၆)

## အားသာချက်၊ အားနည်းချက်

ဆွန်ဇုက ဤသို့ မိန့်ဆိုထား၏-

စစ်မြေပြင်သို့ ဦးစွာ ရောက်နှင့်ပြီး ရန်သူကို စောင့်တိုက်ရသူသည် သက်သောင့်သက်သာ အားဖြည့် နားနေရာ ရ၏။ စစ်မြေပြင်သို့ နောက်ကျရောက်လာပြီး ကတိုက်ကရိုက် စစ်ပွဲ ရင်ဆိုင်ရသူသည် မောပန်းနွမ်းနယ်မှုဒဏ် ခံရတတ်၏။

ထို့ကြောင့် စစ်ရေးကျွမ်းကျင်သူတို့အနေနှင့် မိမိတို့အလိုကျအဖြစ် ရန်သူကို လှုပ်ရှား

www.burmeseclassic.com


လာစေအောင် စွမ်းဆောင်တိုက်ခိုက်နိုင်၏။ မိမိကိုယ်ကိုမူ ရန်သူ့အလိုကျ အဖြစ်မခံပေ။

မိမိတို့ မှန်းထားသည့်အတိုင်း ရန်သူတို့ အလိုအလျောက် ရောက်လာစေနိုင်ခြင်းကား မက်လုံးပေး မြှူနိုင်၊ ဖြားယောင်းနိုင်သော ကြောင့် ဖြစ်ရာ၏။

မိမိတို့ထံသို့ ရန်သူတို့ ထင်သလို ရောက် မလာစေနိုင်ခြင်းကား ရန်သူ့နိုင်ကွက်ကို ရှာ၍ ဒုက္ခပေး နှောင့်ယှက်တိုက်ခိုက် တားဆီးနိုင် သောကြောင့် ဖြစ်ရာ၏။

အကယ်၍ ရန်သူတို့ နားနေသက်သာရာ ရနေလျှင် မောပန်းနွမ်းနယ်အောင် လုပ်နိုင် ရမည်။ ရန်သူတို့ အစာရေစာ ပြည့်စုံနေလျှင် ငတ်တစ်လှည့် ပြတ်တစ်လှည့် ဖြစ်အောင် လုပ်နိုင်ရမည်။ ရန်သူတို့ အေးဆေးငြိမ်သက် နေလျှင် ဂနာမငြိမ်အောင် မွှေနှောက်ပေးနိုင် ရမည် ဖြစ်၏။

ရန်သူများ အလျင်အမြန်၊ မကူမကယ်နိုင် သော နေရာကို ရွေးတိုက်ပါ။ ရန်သူများ

www.burmeseclassic.com


အမှတ်မထင်လောက်သော နေရာကို အလစ် ဝင်စီးပါ။

တပ်အင်အားတစ်ခုလုံးသည် မိုင်ပေါင်း ရာထောင် ခရီးဝေး ချီတက်ရသော်လည်း မပင်မပန်း အားအင်မကုန်ခန်းဘဲ ရှိနေနိုင် ခြင်းကား ရန်သူတို့ ခုခံကာကွယ်မှုမရှိသော အရပ်ဒေသ၌ ချီတက်ရသောကြောင့် ဖြစ် ပေမည်။

ထိုးစစ်ဆင်ရာမှာ မုချအောင်ပွဲရနိုင်ခြင်း အကြောင်းကား ရန်သူတို့ ကာကွယ်ခုခံမှု လစ်ဟင်းသောနေရာတို့ကို ရွေးချယ်တိုက် ခိုက်နိုင်သောကြောင့် ဖြစ်ပေမည်။

ကာကွယ်ခုခံရာမှာ မုချ ကြံ့ကြံ့ခံ ထိန်း ချုပ်နိုင်ခြင်း အကြောင်းကား ရန်သူတို့ တိုက် ခိုက်မရနိုင်သောနေရာတို့ကို ကာကွယ် ထိန်းချုပ်ထားနိုင်သောကြောင့် ဖြစ်ပေမည်။

ထိုးစစ်ကျွမ်းကျင်သူတို့သည် ရန်သူအဖို့ မည်သည့်နေရာကနေ ကာကွယ်ခုခံရမှန်း မသိအောင် တိုက်ခိုက်တတ်ကြပေသည်။

www.burmeseclassic.com


ခံစစ်ကျွမ်းကျင်သူတို့သည် ရန်သူအဖို့ မည်သည့်နေရာကနေ ထိုးစစ်ဆင်ရမှန်း မဝေခွဲတတ်အောင် စီရင်ခုခံတတ်ကြပေသည်။

စစ်ရေးကျွမ်းကျင်သူတို့သည် ရန်သူ မမြင်နိုင်လောက်အောင်ပင် တပ်အနေအထား အသွင်ဖျောက်၍ သိမ်မွေ့ပါးနပ်စွာ လှုပ်ရှားစွမ်းဆောင်နိုင်ကြပါပေသည်။ တကယ့်ကို သိမ်မွေ့လှပါပေသည်။

ရန်သူ မကြားမသိနိုင်လောက်အောင်ပင် အသံဗလံတိတ်ဆိတ်၍ လျှို့ဝှက်စွာ လှုပ်ရှားစွမ်းဆောင်နိုင်ကြပါပေသည်။ တကယ့်ကို ဆန်းထွေ အံ့ဩလောက်ပါပေသည်။

ထို့ကြောင့်လည်း ရန်သူတို့၏ ကံကြမ္မာကို ထိန်းချုပ်ခြယ်လှယ်နိုင်စွမ်း ရှိကြပါပေသည်။

ချီတက်တိုက်ခိုက်ရာမှာ မိမိတို့တပ်များ ကို ရန်သူတို့ မခုမခံနိုင်အောင် ရှိရခြင်းကား ၎င်းရန်သူတို့၏ ဟာကွက်ပျော့ကွက် အား

နည်းချက်ကို မိမိရရ ထိုးနှက်တိုက်ခိုက်နိုင်သောကြောင့်တည်း။

ဆုတ်ခွာတိမ်းရှောင်ရာမှာ ရန်သူတို့နောက်ယောင်ခံ အမီလိုက် မတိုက်နိုင်ခြင်းမှာလည်း မိမိတို့တပ်များသည် သူမတူအောင်လျင်မြန်သွက်လက်စွာ လှုပ်ရှားနိုင်သောကြောင့်တည်း။

ကျွန်ုပ်တို့သည် ထိုးစစ်ဆင် ရင်ဆိုင် တိုက်ခိုက်လိုသောအခါ ရန်သူများအနေဖြင့် မည်သို့ပင် အခိုင်အမာတပ်စွဲပြီး အတားအဆီးကတုတ်ကျင်းကြီးများဖြင့် ကာရံ ခုခံ ခိုကပ်နေလင့်ကစား၊ ကျွန်ုပ်တို့ကို မလွဲမရှောင်သာထွက်၍ ရင်ဆိုင်ရပေမည်။ ယင်းသို့ဖြစ်ရခြင်းမှာ ရန်သူများ ဧကန်မုချ မဖြစ်မနေ ကူရကယ်ရမည့် အလေးထားရာနေရာကို မိမိတို့ ထိုးနှက် တိုက်ခိုက်နိုင်သောကြောင့်တည်း။

ကျွန်ုပ်တို့အနေနှင့် မတိုက်ခိုက်လိုသောအခါ သူ့စည်းကိုယ်စည်းခြားပြီး စခန်းချ နားနေနိုင်၏။ ယင်းသို့နေနိုင်ခြင်းမှာလည်း ကျွန်ုပ်

www.burmeseclassic.com


တို့နှင့် ရင်ဆိုင် တိုက်ခိုက်မလာနိုင်အောင် ၎င်း ရန်သူတို့၏ တိုက်ခိုက်ရေး ဦးတည်ချက်ကို တစ်ဖက်လှည့် အကွက်ဆင် သွေဖည်လိုက် နိုင်သောကြောင့် ဖြစ်၏။

ရန်သူ့တပ်ဖြန့်ထားပုံ အခြေအနေကို ကောင်းစွာ ပေါ်လွင်သိရှိအောင် လုပ်ပါ။ ကျွန်ုပ်တို့ တပ်အနေအထားကိုမူ မသိမမြင် သာအောင် မှန်းမရအောင် တပ်ဖျောက်ထား နိုင်ပါစေ။ သို့အားဖြင့် ကျွန်ုပ်တို့၏တပ်သည် စုစုစည်းစည်းရှိနေပြီး ရန်သူ့တပ်မှာ ဖြန့်ထား ရ၍ ဖြန့်ကျဲလျက် ရှိချေမည်။

ကျွန်ုပ်တို့ တပ်အင်အားသည် ကျစ်လျစ် စွာ တစ်စုတစ်စည်းတည်းရှိနေပြီး ရန်သူ့အင် အားမှာ ပြန့်ကျဲဖြစ်နေ၍ ဆယ်စိတ်ပမာမျှ အစိတ်စိတ်ရှိချေသော်၊ ရန်သူ့အင်အား တစ် စိတ်တစ်ပိုင်းကို ထိုးနှက်ရာတွင် ကျွန်ုပ်တို့၏ စုစည်းအင်အားသည် ဆယ်ဆမျှ သာလွန်နေ သည့်အခြေမှာ နှိုင်းယှဉ် တည်ရှိနေပေလိမ့် မည်။ ဤတွင် ကျွန်ုပ်တို့ အင်အားများပြီး ရန်သူ့အင်အားနည်းသည့် အနေအထား

www.burmeseclassic.com



သဘောကို ဆောင်သွားကြောင်း သိသာနိုင်ပေသည်။

ကျွန်ုပ်တို့သည် တစ်စုတစ်စည်းတည်းသော အင်အားကြီးဖြင့် ရန်သူ့အင်အားအနည်းငယ်ကို တိုက်ခိုက်ခွင့်ရချေသော် ကျွန်ုပ်တို့နှင့် ရင်ဆိုင်တိုက်လာရသော ရန်သူ့တပ်အင်အားမှာ နည်းပြီး အကန့်အသတ်ရှိကြောင်း တွေ့သာမြင်သာရမည် ဖြစ်သည်။

ကျွန်ုပ်တို့ တိုက်ပွဲနွှဲမည့် ဦးတည်ချက် စစ်မျက်နှာကို ရန်သူများ အသိရခက်အောင် ဖန်တီးထားရမည်။ ထိုသို့ အသိရခက်လေလေ၊ ရန်သူများအဖို့ ရင်ဆိုင်ခုခံရန် နေရာများများအတွက် တပ်ဖြန့်တပ်ချထားရလေ ရှိချေမည်။ ထိုသို့ နေရာများများ တပ်ဖြန့်တပ်ချ ထားရလေလေ၊ ကျွန်ုပ်တို့ ရင်ဆိုင်တိုက်ခိုက်ရသော ရန်သူ့အင်အား နည်းလေလေသာ ရှိချေတော့မည်။

ထို့ကြောင့် ရှေ့တန်း အားဖြည့်လျှင် နောက်တန်း အားလျော့မည်။ နောက်တန်း

www.burmeseclassic.com


အားဖြည့်ပြန်သော် ရှေ့တန်း အားနည်းမည်။ ဘယ်ဘက်ခြမ်း အားဖြည့်ပြန်လျှင် ညာဘက်ခြမ်း အားလျော့နေမည်။ ညာဘက်ခြမ်း အားဖြည့်ပြန်သော် ဘယ်ဘက်ခြမ်း အားနည်းနေမည်။ ဤသို့ဖြင့် နေရာတိုင်းမှာ တပ်ဖြန့်အားဖြည့် ကာကွယ်ထားရပါမူ နေရာတိုင်းမှာ အင်အားမလုံမလောက်ဘဲ အားနည်းနေလိမ့်မည် ဖြစ်သည်။

ဤတွင် နေရာတိုင်းမှာ ရန်သူကို ရင်ဆိုင်ရန် ပြင်ထားရသူကို အားနည်းသူဟု ဆိုနိုင်၏။

နေရာတိုင်းမှာ ရန်သူကို မိမိနှင့် ရင်ဆိုင်ဖို့ ပြင်ထားအောင် လုပ်နိုင်သူကို အားကောင်းသူဟု ဆိုနိုင်၏။

နှစ်ဖက်စစ်ခင်းမည့် နေရာ၊ ဒေသ၊ အချိန်နေ့ရက်တို့ကို အတိအကျ ကြိုသိထားလျှင် မိုင်ပေါင်းထောင်ချီ ခရီးနှင်ရလင့်ကစား ချီတက်ရင်ဆိုင် တိုက်ပွဲဝင်နွှဲနိုင်ကောင်းပေသည်။

www.burmeseclassic.com



စစ်ပွဲရင်ဆိုင်ရမည့် နေရာဒေသ၊ အချိန်နေ့ရက်တို့ကို မသိမမှန်းဆနိုင်သည် ရှိသော် ဘယ်ခြမ်းက ညာခြမ်းတပ်ကို မကယ်နိုင်၊ ညာတောင်ပံကလည်း ဘယ်တောင်ပံ စစ်ကြောင်းကို မကူနိုင်။ ရှေ့ကလည်း နောက်ကို မကူနိုင်၊ နောက်ကလည်း ရှေ့ကို မကယ်နိုင် အခြေဆိုက်နိုင်သည့်အလျောက် မိုင်ဆယ်ပေါင်းများစွာ ဝေးလံသောနေရာကို မဆိုထားဘိ၊ မိုင်အနည်းငယ်သာ ကွာလှမ်းသည့်နေရာကိုပင် စိတ်ထင်သလို ကူနိုင် ကယ်နိုင် တိုက်နိုင်ဖို့ရာ ခဲယဉ်းပေလိမ့်မည်။

ကျွန်ုပ် (ဆွန်ဇူ) ၏ သုံးသပ်ချက်အရ ပြောရလျှင် ယဲ့နိုင်ငံသားများ၏ တပ်အင်အား သာလွန်များပြားနေလင့်ကစား စစ်ပွဲအနိုင် အရှုံးအတွက် အရာရောက်နိုင်လိမ့်မည် မထင်ချေ။ ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့် အောင်ပွဲကို ဖန်တီးဆွတ်ခူး ရယူနိုင်ပေလိမ့်မည်။ ယင်းကား ရန်သူ့အင်အား ကြီးမားများပြားသော်လည်း တိုက်ရေးခိုက်ရေးမှာ အရာမရောက်အောင် ဖန်တီးပစ်နိုင်ခြေရှိသောကြောင့်တည်း။

www.burmeseclassic.com



စစ်ရေးစီမံချက်ကို အသေအချာ ရေးဆွဲ တွက်ချက်ခြင်းဖြင့် ရန်သူ၏ စစ်ရေးသာလွန်မှု၊ ညံ့ဖျင်းမှုနှင့် အနိုင်အရှုံးကို သုံးသပ်သိရှိနိုင်ပေလိမ့်မည်။

သွေးတိုးစမ်း ရန်စခြင်းဖြင့် ရန်သူ၏ လှုပ်ရှားမှု၊ ငြိမ်သက်မှုသဘောကို နားလည် သိသာနိုင်ပေလိမ့်မည်။

စစ်ရေးအရ တပ်ဖြန့်၍ ဟန်ရေးပြ လှုပ်ရှားခြင်းဖြင့် ရန်သူ့ပျော့ကွက်ဟာကွက်များ၊ သေရေးရှင်ရေးနေရာများကို ပေါ်လွင်ထင်ရှားအောင် သွေးတိုးစမ်း သိရှိနိုင်ပေလိမ့်မည်။

တိုက်ပွဲကလေးများဆင်နွှဲကာ ရင်ဆိုင်ယှဉ်ပြိုင် တိုက်ခိုက်အကဲစမ်းခြင်းဖြင့် ရန်သူ့အားနည်းအားသာချက်များကို သုံးသပ် သိမြင်လာနိုင်မည် ဖြစ်၏။

တပ်ဖြန့်အနေအထား လှုပ်ရှားသွင်ပြင်ကို အဆင့်မြင့်အတိုင်းအတာသို့ ထိန်းသိမ်းရောက်ရှိစေသော် သွင်ပြင်လက္ခဏာ မတွေ့ရအောင်ပင် လျှို့ဝှက်တပ်ဖျောက် လှုပ်ရှားနိုင်စွမ်းရှိပေလိမ့်မည်။

ထိုသို့ လျှို့ဝှက်တပ်ဖျောက် လှုပ်ရှားနိုင်စွမ်းအခြေခံ၌ရှိသော်၊ ကျွန်ုပ်တို့တပ်ထဲသို့ အတွင်းကျကျ ရောက်ရှိ ထောက်လှမ်းလျက်ရှိသည့် ရန်သူ့သူလျှိုများပင်လျှင် စစ်ရေးစစ်ရာများကို ချောင်းမြောင်း စုံစမ်း အကဲခတ်မရနိုင်အောင် ဖြစ်ချိမ့်မည်။ ဉာဏ်ကြီးရှင်တို့ပင် ကြံစည်ဖျက်ဆီးမရနိုင် ဖြစ်ချိမ့်မည်။

အောင်ပွဲရနိုင်မည့် စစ်ရေးနည်းဗျူဟာတပ်ဖြန့်အနေအထားများကို လူထုရှေ့မှောက်ချပြသော်လည်း အများက နားလည်နိုင်ကြမည် မဟုတ်။

လူအများက ကျွန်ုပ်တို့ အောင်ပွဲရယူလိုက်သော တပ်ဖြန့်အခြေအနေများကို အပြင်ပန်း သိနိုင်ကြမည် ဖြစ်၏။ သို့သော် ၎င်းအောင်ပွဲရတပ်ဖြန့်ပုံများကို မည်သို့မည်ပုံအသုံးချ အကွက်ဆင်အောင်ပွဲ ရယူလိုက်သည်ကိုမူ မည်သူမျှ သိနိုင်ကြလိမ့်မည် မဟုတ်ပေ။

သို့ဖြစ်၍လည်း ရရှိသည့်အောင်ပွဲတိုင်းမှ နည်းလမ်းများသည် တစ်ခုနှင့်တစ်ခု သမားရိုးကျ ထပ်တူပုံတူ မကျပေ။

www.burmeseclassic.com


မတူခြားနားသော အခြေအနေ အနေအထားများနှင့် လိုက်လျောညီထွေ ဖြစ်ထွန်းမှုများအပေါ် အခြေတည်ပြီး မတူသော အောင်ပွဲရနည်းလမ်းအမျိုးမျိုးသည် မကုန်မခန်းအောင် ရှိသည်ဖြစ်၏။

စစ်၏ သဘောသွင်ပြင်လက္ခဏာသည် ရေနှင့် အလားသဏ္ဍာန်တူ၏။ ရေတို့မည်သည် မြင့်ရာကိုရှောင်ပြီး နိမ့်ရာသို့ တစ်ဟုန်ထိုး စီးဆင်း၏။ စစ်၏ သဘောသွင်ပြင်မှာလည်း အားကြီးအားကောင်းသည်ကို ရှောင်ပြီး အားနည်းအားပျော့ရာကို တိုက်သောသဘော ရှိပေ၏။

ရေတို့မည်သည် မြေသားအလျောက် အသွင်ဆောင် စီးဆင်းရာ၏။ စစ်တို့မည် သည် ရန်သူ့အခြေအနေအလျောက် မိမိတို့ အောင်ပွဲရရေးကို စီစဉ်ဖန်တီးယူရာ၏။

www.burmeseclassic.com



စစ်ရေးစစ်ရာမှာ အမြဲ ပုံမှန်အနေအထားမရှိ၊ ရေသည်လည်း အမြဲတိကျသောအသွင်သဏ္ဍာန် မရှိ။

ရန်သူ့အခြေအနေ အပြောင်းအလွဲအပေါ် မူတည်ပြီး အောင်ပွဲရယူနိုင်သူကား နတ်သို့အလား စစ်ပရိယာယ်ကြွယ်ဝပါပေ့ ဟု အံ့ဖွယ် ချီးကျူးဂုဏ်ပြုထိုက်သည်မှာ အ မှန်ပင်ဖြစ်၏။

ဓာတ်ကြီးငါးပါး (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသ----ဘာသာပြန်သူ) တို့သည် အသီးသီး အစဉ်အမြဲ တည်တံ့စိုးမိုးနိုင်ခြင်း မရှိ။

ရာသီဥတုလေးပါး (နွေဦး၊ နွေ၊ ဆောင်းဦး၊ ဆောင်း----ဘာသာပြန်သူ) တို့သည်လည်း အလှည့်ကျ ပေါ်ထွန်းနေပြီး အစဉ်အမြဲ တည်တံ့စိုးမိုးမနေ။

နေ့မှာ နေ့တာတိုရှည် ရှိ၏။

လမှာ လပြည့်လကွယ် ရှိ၏။

☆

www.burmeseclassic.com



**စစ်ရေးစစ်ရာမှာ အမြဲ ပုံမှန်အနေအထား မရှိ၊ ရေသည်လည်း အမြဲတိကျသော အသွင်သဏ္ဍာန် မရှိ။**

www.burmeseclassic.com

## အခန်း (၇)

# စစ်မက် အပြိုင်အဆိုင်

ဆွန်ဇုက ဤသို့ မိန့်ဆို၏။

စစ်ရေး ဥပဒေသ သဘောအရ စစ်သူကြီးများသည် ရှင်ဘုရင့် အမိန့်တော်ကိုနာခံပြီး၊ တပ်အင်အားနှင့် လူထုကို စုစည်းစုရုံးကာ စနစ်တကျ ဖွဲ့စည်းရ၏။ ယင်းနောက် စစ်မြေပြင် ရှေ့တန်းသို့ ချီတက်၍ တပ်စခန်းချပြီး၊ ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင် အပြိုင် စစ်ခင်းရ၏။ ဤသို့ စီစဉ် တိုက်ခိုက် အပြိုင် အောင်ပွဲလုရသည်လောက် ခက်ခဲသောအရာဟူ၍ မရှိချေ။

www.burmeseclassic.com


စစ်အောင်နိုင်ရေးအတွက် အပြိုင်အဆိုင် စစ်ခင်းကြရာတွင် ကြုံတွေ့ရသော အခက်အခဲဆုံးသော ပြဿနာရပ်သည်ကား -အရေးအကြောင်း အကွေ့အကောက်ဖြစ်ရာကို လိုရာဖြောင့်တန်း တည့်မတ်အောင် လုပ်ဆောင်ရခြင်း၊ အန္တရာယ်ဆိုးကျိုး အခြေအနေမှသည် ကောင်းကျိုးဖြစ်အောင် ဖန်တီးပြောင်းလွှဲရခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် စစ်မြေပြင်သို့ ရန်သူ၏ တည့်ဖြောင့်ဦးတည်ရာလမ်းကြောင်းကို သွေဖည်ကောက်ကွေ့အောင် မက်လုံးပေး စစ်မြူလှည့်စားပါ။ သို့ဖြင့် ရန်သူ့ထက် နောက်ကျ စစ်ချီသော်လည်း စစ်မြေပြင်သို့ ဦးစွာ ရောက်နှင့်နိုင်အောင် လုပ်နိုင်ပေမည်။ ဤသို့ စွမ်းဆောင်နိုင်သူကို အကောက်အဖြောင့် လှည့်စားနည်းပရိယာယ်များကို တတ်သိ အသုံးချတတ်သူဟု ဆိုရပေမည်။

စစ်မက်အပြိုင်အဆိုင် ခင်းကြရာဝယ် အကျိုးဖြစ်ထွန်းမှု ပေါ်ပေါက်ရရှိနိုင်သလို၊

www.burmeseclassic.com


အန္တရာယ်ဘေးနှင့်လည်း ရင်ဆိုင်ရနိုင်ပေသည်။

အောင်နိုင်ရေး အခွင့်သာရေးအတွက် တပ်မကြီးတစ်ခုလုံးကို အလုံးအရင်း အကြိတ်အနယ် ချီတက်စေသော်၊ အားလုံး တစ်ပြိုင်နက် အချိန်မီ ရောက်နိုင်ကြလိမ့်မည် မဟုတ်ပေ။ မြေမြန်စစ်ကြောင်းအဖြစ်နှင့် တက်သုတ်နှင့် တိုက်စစ်ဆင်ပြန်လျှင်လည်း တပ်အင်အားအချို့နှင့်အတူ စစ်ပစ္စည်း၊ ရိက္ခာ၊ ယာဉ်တန်းများ ချန်ရစ်ခဲ့ရလေရာ ဆုံးရှုံးပျက်စီးမှုများ ရှိတတ်ပေမည်။

တပ်အင်အား လက်နက်ခဲယမ်း အပြည့်အစုံ အလုံးအရင်းဖြင့် နေ့ရောညပါ တစ်ထောက်မျှ မနားဘဲ၊ သာမန်စစ်ချီနှုန်းထက် နှစ်ဆတိုး အပြင်းနှင်၍ မိုင်ပေါင်းရာချီ နီးပါးဝေးလံသည့်နေရာမှ အသာစီး အခွင့်အလမ်းအကျိုးအမြတ်များကို ရန်သူနှင့် အပြိုင်အဆိုင်ယှဉ်လုရလေသော်၊ မိမိ၏ တပ်ဗိုလ်တပ်မှူးများအားလုံး ရန်သူ့လက်တွင်းသို့ သုံ့ပန်း

www.burmeseclassic.com


အဖြစ် ကျရောက်ကိန်း ဆိုက်နိုင်ခြေ ရှိပေသည်။

တပ်အင်အားမှာလည်း အားသန်အားရှိသူ အချို့အဝက်လောက်သာ စစ်မြေပြင်သို့ အလျင်မီ ရောက်နှင့်နိုင်ပြီး၊ မောပန်းနွမ်းနယ်သူတို့မှာ နောက်ကျကျန်ရစ်မည့်အခြေ ရှိပေသည်။ တပ်တစ်ခုလုံး ပြန်ခြုံကြည့်လျှင် အင်အားဆယ်ပုံတစ်ပုံခန့်သာ အချိန်မီ ရောက်လာနိုင်မည်ကို တွေ့ရမည် ဖြစ်သည်။

အကယ်၍ အသာစီး အခွင့်အလမ်းများကို မိုင်ငါးဆယ်ခန့်လောက် ခရီးနှင်ပြီး လုရသော် ရှေ့တန်းတပ်မှူးများ ရှုံးနိမ့် အကျအဆုံး ရှိနိုင်ပေသည်။ ၎င်း တပ်အင်အားမှာလည်း တစ်ဝက်တစ်ပျက်ခန့်လောက်သာ စစ်မြေပြင်သို့ အချိန်မီ ရောက်လာနိုင်ပေမည်။

မိုင်သုံးဆယ်ခန့်လောက် ခရီးနှင် တိုက်ရသော် တပ်အင်အား သုံးပုံနှစ်ပုံခန့်သာ ရှေ့တန်းသို့ အချိန်မီ ရောက်နိုင်မည် ဖြစ်သည်။

www.burmeseclassic.com


ထို့ကြောင့် စစ်တပ်တစ်ခုလုံးမှာ ဝန်စည်လှည်းယာဉ်တန်းများနှင့်အတူ ထောက်ပို့စစ်ပစ္စည်းများမရှိသော် စစ်ရှုံးရချေမည်။ ရိက္ခာရေစာ မရှိသော် စစ်ရှုံးရချေမည်။ စားရေရိက္ခာပစ္စည်း စုစုဆောင်းဆောင်း သိုလှောင်ထားခြင်းမရှိသော် စစ်ရှုံးရချေမည်။

မြို့ပြနိုင်ငံကြီးငယ်ရှိ မင်းတို့၏ စစ်ရေးအကြံအစည်များကိုမသိမကျွမ်းလျှင် ယင်းတို့နှင့် မဟာမိတ်ဖွဲ့ ဆက်ဆံခြင်းငှာ မပြုအပ်။

စစ်ဘက်ဆိုင်ရာ တောတောင်စိမ့်စမ်းမြိုင်ဂနိုင်များ၊ အန္တရာယ်တောင်စောင်း၊ ချောက်ကမ်းပါးများ၊ အဆီးအတားများ၊ အင်းအိုင်နုံးနွံများ အစရှိသည့် မြေပထဝီ အနေအထားများအကြောင်းကို မသိမကျွမ်းလျှင် ဦးစီးကွပ်ကဲပြီး စစ်ကြောင်းမချီအပ်။

နယ်မြေခံလမ်းပြများကို အသုံးချခြင်းမရှိလျှင် ၎င်းနယ်မြေ ပထဝီအနေအထား၏ အကျိုးပြု အခွင့်အလမ်းများ၊ အားသာချက်များကို အသုံးချမရနိုင် ဖြစ်ချေမည်။

www.burmeseclassic.com


စစ်တို့မည်သည် လှည့်စားမှုပရိယာယ် ပေါ် အခြေတည်၏။ အကျိုးရလဒ်ပေါ် မူတည်ပြီး လှုပ်ရှားရာ၏။ အခြေအနေအရ အင်အားဖြန့်ကျက်ခြင်း၊ စုစည်းခြင်း နည်းဗျူဟာပြောင်းလဲမှု ပုံစံအမျိုးမျိုးအဖြစ် တည်ရှိရာ၏။

စစ်တို့၏ သဘောသဘာဝကား လှုပ်ရှားရာတွင် လေပြင်းအဟုန်နှယ် သွက်လက် အားကောင်းရမည်။ သက်သက်သာသာ ချီတက်ရာတွင် တောအုပ်ဆိုင်းဆိုင်း စီရရီ ရှိသည့်နှယ် စည်းကမ်းတကျ ရှိရမည်။ ရန်သူကို ချေမှုန်းရာမှာ မီးလျှံမီးတောက် တဟုန်းဟုန်း ဝါးမျိုသည့်နှယ် အရှိန်အဟုန်ဖြင့် အပြတ်တိုက်ရမည်။ ရန်သူကို ခုခံရာမှာ တောင်စွယ်တောင်တန်းနှယ် ကြံ့ကြံ့ခိုင်မာ ရပ်တည်နေနိုင်ရမည်။ အရာကိစ္စတို့ကို ဖုံးကွယ်လျှို့ဝှက်ရာမှာ အမှောင်ပိန်းပိန်း ချထားသည့်နှယ် တစ်ပါးသူ မသိမမြင်ရအောင် လုပ်ဆောင်တတ်ရမည်။ ချင်းနင်း ထိုးစစ်ဆင်ရာမှာ လျှပ်စီးမိုးကြိုးသွား

အလား လျှင်မြန်ထက်မြက် အားကောင်းရမည်။

ရန်သူ့ကျေးလက်ဒေသရှိ ရိက္ခာပစ္စည်းများကို အသီးသီး တပ်ဖြန့်လုယက် သိမ်းပိုက်စေပြီး တပ်များကို ပြန်လည်ခွဲဝေပေးပါ။ ရန်သူ့နယ်မြေကို အပိုင်ချဲ့ထွင်ပြီး အုပ်ချုပ်ပိုင်စားမှုကို မျှဝေ ခန့်ထားပါ။ အခြေအနေများ ချင့်ချိန်သုံးသပ် လေ့လာပြီးမှ တပ်များကို စီစဉ်လှုပ်ရှားပါ။ အခြေအနေနှင့် လိုက်လျောညီထွေရှိသော လမ်းကြောင်းကောက်ဖြောင့် လှည့်စားမှုနည်းပရိယာယ်တို့ကို ကြိုတင်သိကျွမ်း ပိုင်နိုင်အသုံးချတတ်သောသူသာလျှင် အောင်ပွဲခံရာ၏။ ဤကား စစ်မက်ယှဉ်ပြိုင် အနိုင်ရရေးနည်းဥပဒေသတည်း။

〈〈**စစ်အုပ်ချုပ်မှုကျမ်း**〉〉 အဆိုအရ- တပ်တွင်း ဆက်သွယ်အမိန့်ပေးရာမှာ တစ်ဦးကိုတစ်ဦး ပြောသံဆိုသံ မကြားလွယ်၍ စည်သံမောင်းသံများကို အသုံးပြုရာ၏။ တစ်ဦးကို

www.burmeseclassic.com


တစ်ဦး မမြင်လွယ်၍ တံခွန်အလံများကို အသုံးပြုရာ၏။

စစ်စည်စစ်မောင်း၊ တံခွန်တို့မူကား လူတို့၏ နား၊ မျက်စိသဖွယ်ဖြစ်၏။ လူတစ်ယောက်တည်းသဖွယ် စုစည်းထားရှိသော အကြားနှင့် အမြင်သဘောတည်း၊ သို့နှင့် စစ်သည်တော်တို့အပေါ် အမြင်နှင့်အကြား တစ်စုတစ်စည်းတည်း ထိန်းချုပ်ညွှန်ကြားအမိန့်ပေးနိုင်ခြင်းဖြင့် ရဲသူတို့ စည်းလွတ်စည်းကျွံမတိုက်ရအောင်လည်းကောင်း၊ သူရဲဘောကြောင်သူတို့ ကိုယ်လွတ်ရုန်း နောက်ဆုတ်မရအောင်လည်းကောင်း ထိန်းချုပ် ကွပ်ကဲနိုင်လေသည်။

ဤကား အင်အားကြီးမား များပြားသော လူစုလူအုပ်ကြီးများကို ထိန်းချုပ်ကွပ်ကဲရ သောနည်းလမ်းပင်တည်း။

ညအခါ စစ်ခင်းရာမှာ မီးတိုင်မီးတုတ် များ၊ စစ်စည်စစ်မောင်းများ အသုံးများ၏။

www.burmeseclassic.com



နေ့အခါ စစ်တိုက်ရာမှာ တံခွန်အလံများ အသုံးများ၏။

ဤကား အခြေအနေနှင့် လိုက်လျော ညီထွေ လူတို့၏ နား၊ မျက်စိတို့ကို တစ်နည်း တစ်ဖုံ ပြောင်းလဲ ပေါ်လွင် ကြားမြင်စေပုံ တည်း။

ရန်သူ့တပ်မတော်တစ်ခုလုံးနှင့် ပတ်သက်လျှင် စိတ်ဓာတ်အားမာန် ကျဆင်း အောင် ချိုးနှိမ်တိုက်ဖျက်နိုင်ရမည်။ ရန်သူ စစ်သူကြီးတပ်မှူးတို့နှင့် ပတ်သက်လျှင် စိတ် နေစိတ်ထား ခိုင်ကျည်မှုကို ယိမ်းယိုင်ပျက် ပြားအောင် ဖျက်ဆီးနိုင်ရမည်။

တပ်အင်အား စိတ်ဓာတ်အနေအထားတို့ ကို ယေဘုယျ သိထားဖို့ရာမှာ တပ်တို့ မည် သည် ကနဦးပိုင်း (နံနက်) အချိန်တွင် တက် ကြွထက်သန်၏။ အတန်ကြာ (နေ့လယ်) ချိန် ရောက်မူ ထိုင်းမှိုင်းလျော့ရဲလာတတ်၏။ နှောင်းပိုင်း (ညနေ) ချိန်ရောက်သော် တပ် ခေါက်ချင် ပြန်နားချင်စိတ် စောလာတတ်၏။

www.burmeseclassic.com


စစ်ရေးကျွမ်းကျင်သူတို့အနေနှင့် ရန်သူ စိတ်ဓာတ်တက်ကြွချိန်ကို ရှောင်ရှားကြ၏။ ၎င်းရန်သူတို့ ထိုင်းမှိုင်းလျော့ရဲလာချိန်နှင့် တပ်ခေါက်ပြီး စခန်းပြန်ချင် နားချင်လာချိန်ကို စောင့်ဆိုင်းတိုက်ခိုက်တတ်ကြ၏။

ဤကား စိတ်ဓာတ်အားမာန်တို့နှင့် ပတ်သက်၍ ဆန်းစစ်အသုံးချပုံတည်း။

မိမိတပ်များကို စနစ်တကျ စီမံအုပ်ချုပ်ခြင်းဖြင့် ရန်သူ့တပ်များ ဗရမ်းဗတာဖြစ် စည်းကမ်းမဲ့ချိန်ကို စောင့်တိုက်ပါ။ အေးဆေးတည်ငြိမ်စွာ ရှိခြင်းဖြင့် ရန်သူတို့ အုံကြွ ဂနာမငြိမ်ဖြစ်ပေါ်လာချိန်ကို စောင့်တိုက်ပါ။

ဤကား စိတ်ပိုင်းဆိုင်ရာ အခြေအနေကို အသုံးချနည်းတည်း။

စစ်တလင်း အနီးတစ်ဝိုက်ကနေ ရန်သူတို့ ဝေးဝေးက လှမ်းလာချိန်ကို စောင့်တိုက်ပါ။

www.burmeseclassic.com



မိမိတို့တပ်များ နားနေ အားဖြည့်လျက် ရန်သူတို့ အမော ဆိုက်ရောက်လာချိန်ကို စောင့်တိုက်ပါ။

မိမိတပ်များ အစာရေစာဝပြီး ရန်သူတို့ ဆာလောင်ငတ်မွတ်ဖြစ်ပေါ်ချိန်ကို စောင့် တိုက်ပါ။

ဤကား ကာယအင်အားပိုင်းဆိုင်ရာ အခြေအနေအရ အသုံးချနည်းတည်း။

အလံတံခွန်တလူလူဖြင့် စည်းစနစ်တကျ အလုံးအရင်း ချီတက်လာနေသော ရန်သူ့ တပ်ကို ကြားဖြတ် မတိုက်ပါနှင့်။

တပ်ဖြန့်ဖွဲ့စည်းပုံ အကွက်ကျကျ ထောင့် စေ့ အားကောင်းသော ရန်သူ့တပ်ကို ရင်ဆိုင် မတိုက်ခိုက်ပါနှင့်။

ဤကား အပြောင်းအလဲပိုင်းဆိုင်ရာ အခြေအနေနှင့် လိုက်လျောညီထွေစွာ အသုံး ချပုံတည်း။

www.burmeseclassic.com


ထိုးစစ်ရေးရာ နည်းဥပဒေသကား- ရန်သူ့တပ်စွဲရာ တောင်ကုန်းဆီသို့ မော့လှန်၍ တက်တိုက်ခြင်းရှောင်ပါ။ တောင်ကုန်းပေါ်မှ နေ၍ တိုက်ခိုက်ရန် ဆင်းလာနေသော ရန်သူ့တပ်ကို ဆီးကြိုမတိုက်ပါနှင့်။ ရှုံးဟန်ပြ၍ ပြေးဟန်ဆောင်သော ရန်သူ့တပ်နောက်သို့ မလိုက်ပါနှင့်။ စိတ်ဓာတ် ပြင်းထန် တက်ကြွနေသော ရန်သူ့တပ်ကို မတိုက်ပါနှင့်။ မက်လုံးပေးအကွက်ဆင်ကာ စစ်မြူ ဖြားယောင်းနေသော ရန်သူ့တပ်ကို အပိုင် မကြံမိပါစေနှင့်။ ရန်သူ့တပ်မကြီး ဆုတ်ခွာ စခန်းသိမ်းအပြန်ကို ဆီးတား မတိုက်ပါနှင့်။ ရန်သူ့တပ်မကို ဝိုင်းရံ ချေမှုန်းရာတွင် ရန်သူ့အတွက် ပြေးပေါက်ထား ချန်လှပ်တိုက်ရမည်။ စစ်ရှုံးစစ်ပြေး ကစဥ့်ကလျားတပ်ကို ကြောက်ကန်ကန်အောင် ဖိမတိုက်ပါနှင့်။

ဤသည်တို့ကား ထိုးစစ်ရေးရာ နည်းဥပဒေသတို့ပင်တည်း။

☆

www.burmeseclassic.com



မက်လုံးပေး အကွက်ဆင်ကာ စစ်မြှူ ဖြားယောင်းနေသော ရန်သူ့တပ်ကို အပိုင်မကြံမိပါစေနှင့်။

www.burmeseclassic.com

# အခန်း (၈)

# နည်းဗျူဟာ

# အလှည့်အပြောင်း (၉) ချက်

ဆွန်ဇုက ဤသို့ အဆိုအမိန့်ရှိ၏-

စစ်ရေးစစ်ရာ နည်းဗျူဟာအရ ပြောရလျှင် စစ်သူကြီးများသည် ရှင်ဘုရင့်အမိန့်တော်ကို နာခံပြီး တပ်အင်အားနှင့် လူထုကို စုစည်းစုရုံးကာ စနစ်တကျ ဖွဲ့စည်းစစ်ဆင်ချီတက်ကြရ၏။ ဤသို့ စစ်ဆင်ချီတက်တိုက်ခိုက်ရာတွင် သိထားရမည်မှာ- ခက်ခဲကြမ်းတမ်းပြီး ဘေးဆိုက်နိုင်သော ကန္တာရ မြေနေရာ

www.burmeseclassic.com



များတွင် တပ်စခန်း မချရ။ လမ်းဆုံလမ်းခွနယ်ခြားဆုံစည်းရာအရပ်တွင် နီးစပ်ရာတို့နှင့် ပူးပေါင်း မဟာမိတ်ဖွဲ့ပါ။ ဘေးအန္တရာယ်များသော လွင်တီးခေါင်အရပ်တွင် မရပ်နားရ။ ချောင်ပိတ် အဝိုင်းခံရမည့် အနေအထားမျိုးတွင် ရုန်းထွက်နိုင်အောင် ပရိယာယ် ဉာဏ်ဆင် တိုက်ပါ။ သေရေးရှင်ရေး ဆိုးဝါးသော အနေအထားမျိုး ဆိုက်ရောက်လျှင် စွန့်လွှတ်စွန့်စားတိုက်ပါ။

အချို့လမ်းကြောင်းကို ဖြတ်သန်းချီတက်ရန် မလို၊ အချို့ရန်သူ့တပ်ကို တိုက်ရန် မလို၊ အချို့မြို့ပြများကို တိုက်သိမ်းရန် မလို၊ အချို့နယ်မြေများကို ပြိုင်လုရန် မလို၊ အချို့ဘုရင့်အမိန့်တော်များကို လိုက်နာရန် မလို စသည့် ခြွင်းချက် အခွင့်အလမ်း အခြေအနေမျိုးတို့ရှိပေသည်။

စစ်သူကြီးများအနေနှင့် နည်းဗျူဟာအလှည့်အပြောင်း (၉) ချက် ပရိယာယ်များ၏ အကျိုးတရားများနှင့်ပက်သက်၍ ကောင်းစွာ တတ်သိကိုင်တွယ် ကျင့်သုံးနိုင်ပါက၊ စစ်တပ်

www.burmeseclassic.com



ကို ဦးစီးဦးဆောင် စီရင်ခန့်ခွဲတတ်သည်ဟု ဆိုရပေမည်။

စစ်သူကြီးများအနေနှင့် နည်းဗျူဟာ အလှည့်အပြောင်း (၉) ချက် ပရိယာယ်များ၏ အကျိုးတရားများကို မသိမကျွမ်း မသုံးတတ်ပါက၊ ပထဝီမြေအကြောင်း သိထားသော်လည်း ၎င်းမြေအနေအထား၏ အခွင့်အလမ်း အကျိုးကျေးဇူးများကို ရယူနိုင်လိမ့်မည် မဟုတ်ပေ။

စစ်တပ်ကို ကွပ်ကဲ အုပ်ချုပ်ရာတွင် အလှည့်အပြောင်း (၉) ချက်နှင့်ပတ်သက်၍ ကိုင်တွယ်တတ်သိခြင်းမရှိလျှင် အထက်ဖော်ပြပါ ခြွင်းချက်အခြေအနေ အခွင့်အလမ်းငါးရပ်၏ အကျိုးတရားများအကြောင်း သိထားပါသော်လည်း၊ တပ်အင်အားကို ကောင်းမွန်စွာ အသုံးချတတ်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် ဉာဏ်ပညာ ရှိသူတို့မည်သည် တွေးတောကြံဆရာမှာ ကောင်းကျိုးဆိုးပြစ်တို့ကို ဒွန်တွဲနှိုင်းယှဉ် ထည့်သွင်းဆင်ခြင် သုံးသပ်တတ်ကြရပေမည်။

အရေးမလှသည့် အခြေအနေမျိုးမှာ ကောင်းကျိုးရလဒ် ဖြစ်ထွန်းနိုင်မှုကိုပါ ထည့်သွင်းစဉ်းစားဆင်ခြင်တတ်ခြင်းဖြင့် ချောမောမှု အောင်မြင်မှု ရလာနိုင်ပေလိမ့်မည်။

အရေးသာချောမွတ်သည့် အခြေအနေမျိုးမှာ အဆိုးအပြစ်သနစ်တို့ကိုပါ ထည့်သွင်းစဉ်းစားဆင်ခြင်တတ်ခြင်းဖြင့် ဘေးအန္တရာယ် ပြဿနာများကို ကြိုတင်ဖြေရှင်း ကာကွယ်ဖယ်ရှားနိုင်မည် ဖြစ်သည်။

ရန်သူ့မြို့ပြနိုင်ငံမင်းများကို ဒုက္ခပေးဒဏ်ခတ်ဖျက်ဆီးခြင်းဖြင့် ချိုးနှိမ်အနိုင်ယူပါ။

ရန်သူ့မြို့ပြနိုင်ငံမင်းများကို အလုပ်ရှုပ်အကျပ်ဆိုက်စေခြင်းဖြင့် ခယခစားလာအောင် ပြုလုပ်ပါ။

ရန်သူ့မြို့ပြနိုင်ငံမင်းများကို မက်လုံးပေးကျူးသွင်းခြင်းဖြင့် စေလိုရာ စေနိုင်အောင်လုပ်ပါ။

www.burmeseclassic.com


စစ်ရေးစစ်ရာ စီမံခန့်ခွဲရာတွင်၊ ရန်သူတို့ မလာနိုင်ဟု မျှော်လင့်တွက်ဆခြင်းအပေါ် အားကိုးအားထား မပြုရာ၊ မည်သို့ရှိစေ မိမိ အနေနှင့် ရန်သူကို ရင်ဆိုင်ရန် အဆင်သင့် ပြင် အားဖြည့်ထားခြင်းအပေါ်၌သာ အားပြု တည်မှီရာ၏။

ရန်သူတို့ တိုက်လာမည်မဟုတ်ဟု မျှော် လင့်ယူဆခြင်းအပေါ် အားကိုးအားထား မပြု ရာ၊ မည်သို့ရှိစေ မိမိ၏ တပ်အင်အားကို တောင့်တင်းစေပြီး သူတစ်ပါး ဖြိုခွင်းမရနိုင် အောင် အားဖြည့် အသင့်ပြင်ဆင်ထားခြင်း အပေါ်၌သာ အားပြုတည်မှီရာ၏။

စစ်သူကြီးတပ်မှူးများအဖို့ ဖြစ်ပေါ်နိုင် သော အန္တရာယ်ကြီးငါးမျိုး ရှိ၏။

ယင်းကား- တဇောက်ကန်း အသေခံ တိုက်ခြင်းဖြင့် ရန်သူကြော့ကွင်းမိပြီး အသတ် ခံရနိုင်သည်။

သူရဲဘောကြောင်ပြီး အသက်ရှင်ခွင့်ရှိရေးကိုသာ ကြံဆခြင်းဖြင့် ရန်သူ့သံ့ပန်း အဖြစ်ကျရောက်နိုင်သည်။

စိတ်မြန်စိတ်တိုခြင်းဖြင့် ရန်သူတို့ ရန်စစော်ကား အကွက်ဆင်တိုက်ခြင်းကို ခံရနိုင်သည်။

အရှက်အကြောက်ကြီးကာ ဂုဏ်သိက္ခာငဲ့လွန်းခြင်းဖြင့် ရန်သူတို့ အသရေဖျက်ပရိယာယ်ဆင် တိုက်ခိုက်ခြင်းကို ခံရနိုင် သည်။

တပ်သားပြည်သူများအပေါ် ကြင်နာစိုးရိမ်စိတ်ကြီးခြင်းဖြင့် ရန်သူတို့ လှည့်စား နှောင့်ယှက်တိုက်ခိုက်ခြင်းကို ခံရနိုင်သည်။

ဖော်ပြပါ အကြောင်းရပ်ငါးမျိုးတို့သည်ကား စစ်သူကြီးတပ်မှူးများ ကျူးလွန်တတ်သော ပြစ်ချက်အမှားများ ဖြစ်ပေသည်။ စစ်ကစားရာမှာ ကြုံတွေ့ရတတ်သော အန္တရာယ်ကြီးများပင်တည်း။

www.burmeseclassic.com


တပ်မကြီးတစ်ခုလုံး ပျက်သုဉ်းဆုံးရှုံးရခြင်းသည်လည်းကောင်း၊ စစ်သူကြီးတပ်မှူးများ ကျဆုံးသတ်ဖြတ်ခံရခြင်းတို့သည်လည်းကောင်း ယင်းအန္တရာယ်ကြီးငါးမျိုးပေါ်တွင်မှုချ ဆက်စပ်အကြောင်းရင်းခံနေသည်ကို တွေ့ရပေမည်။ ထို့ကြောင့် အသေအချာ သုံးသပ် ဂရုပြုသတိထားအပ်ပေသည်။

*[နည်းဗျူဟာ အလှည့်အပြောင်း (၉) ချက်၏ အနက်ဆိုလိုရင်းသဘောကား - စစ်ရေးစစ်ရာ နည်းပရိယာယ်များနှင့်ပတ်သက်၍ နယ်ဘက်နှင့်စစ်ဘက်မတူ ခြားနားအခြေအနေပေါ် မူတည်ပြီး၊ သာမန် စစ်ဥပဒေသ၊ နည်းဗျူဟာများကို လိမ္မာပျော့ပြောင်းစွာ လှည့်ပြောင်းကိုင်တွယ်တတ်ရမည်ဟု ဆိုလိုသည်။ အခြေအနေနှင့် လိုက်လျောညီထွေ စိတ်တိုင်းကျ လှည့်ပြောင်း ကျင့်သုံးတတ်ရမည်။ လေ့နံ့ခားထစ် ပုံသေကားကျ မကျင့်သုံးရန်လည်း ဆိုလိုသည်။*

www.burmeseclassic.com


နည်းဗျူဟာအလှည့်အပြောင်း ပရိယာယ်များသည် မရေမတွက်နိုင်အောင် များပြားစွာရှိ၏။

ကိုးချက်ဟူသော ဆိုလိုရင်းမှာလည်း ကိန်းဂဏန်းအရေအတွက် များပြားခြင်းသဘော ကိုဖော်ညွှန်းတင်စားခြင်း ဖြစ်၏။

ဘာသာပြန်သူ

☆

www.burmeseclassic.com



တောင်များကို ဖြတ်ကျော်ရာတွင် တောင်ကြားလျှိုကြားစိမ့်စမ်းနှင့် မြက်ပေါ်ရာလမ်းကြောင်းအတိုင်း ချီတက်ပါ။

www.burmeseclassic.com

## အခန်း (၉)

# စစ်ကြောင်းချီခြင်း

ဆွန်ဇုက ဤသို့ မိန့်ဆို၏-

စစ်ကြောင်းချီ၊ တိုက်ခိုက်၊ တပ်စခန်းချရာတို့တွင်လည်းကောင်း၊ ရန်သူ့အခြေအနေကို အကဲခတ် စုံစမ်းထောက်လှမ်းရာတွင်လည်းကောင်း ယေဘုယျအားဖြင့် အောက်ပါတို့ကို ဂရုပြု၍ လိုက်လျောညီထွေစွာ လိုက်နာဆောင်ရွက်တတ်ရမည် ဖြစ်သည်။ ၎င်းတို့မှာ-

တောင်များကို ဖြတ်ကျော်ရာတွင် တောင်ကြားလျှိုကြားစိမ့်စမ်းနှင့် မြက်ပေါ်ရာ လမ်းကြောင်းအတိုင်း ချီတက်ပါ။

www.burmeseclassic.com



အမြင့်ရှင်း အသာစီးရှိရာ နေရောင်ရသော ကုန်းမြင့်မှာ စခန်းချပါ။ တောင်ပေါ်အမြင့်မှာရှိသော ရန်သူကို မော့လှန် တက်မတိုက်ပါနှင့်။ ယင်းကား တောင်ပေါ်တိုက်ပွဲဆင်ရာ၌ တပ်အင်အားအနေအထား စီရင်ရပုံတည်း။

မြစ်ချောင်းများကို ဖြတ်ကူးခဲ့ပြီးတက်ရာ တွင် ကမ်းတက်ရေစပ်နှင့် ခပ်ဝေးဝေးနေရာ ၌သာ ရွေး၍ စခန်းချပါ။

ရန်သူများ မြစ်ချောင်းဖြတ်ကူးလာလျှင်၊ ရေထဲအထိ သွားရောက် ရင်ဆိုင်မတိုက်ခိုက်ပါနှင့်၊ ရန်သူတပ်များ ကမ်းစပ်တစ်ဝက်တစ်ပျက်ရောက်ချိန်မှာ ဆီးတိုက်ပါ။ အကျိုးဖြစ်ထွန်းမှု ရှိနိုင်ပေသည်။

တိုက်ခိုက်လိုဇော ပြင်းထန်ပြီး မြစ်ရိုးတစ်လျှောက် အနီးကပ် တပ်ခင်း၍ရန်သူကို ရင်ဆိုင်စောင့်ဆိုင်း မတိုက်ခိုက်ပါနှင့်။

www.burmeseclassic.com


အမြင့်ရှင်း အသာစီးရှိရာ နေရောင်ရသော အမြင့်အရပ်မှာ စခန်းချပါ။ ရန်သူရှိရာကို မြစ်ကြောကနေ ဆန် မတိုက်ပါနှင့်။ မြစ်ညာမှာ ရှိပါစေ။

ယင်းကား မြစ်ချောင်းများရာအရပ်၌ တပ်အင်အားအနေအထား ချထားစီရင်ရပုံတည်း။

ရွံ့ညွန်ဗွက်တော၊ ကျတ်တီးပြင်များကို ဖြတ်ကျော်ချီတက်ရလျှင် အလျင်အမြန် ဖြတ်ကျော်ပါ။ စိုးစဉ်းမျှ မနားပါနှင့်။

ရန်သူတို့နှင့် ဖင်းနေရာများ၌ ရင်ဆိုင်တိုက်ပွဲ ဖြစ်ရလေသော် ရေရှိရာ မြက်ရှိရာ ချဉ်းကပ်ပြီး တောအုပ်ကို ကျောပေးထားပါ။

ယင်းကား ရွံ့ညွန်ဗွက်တော၊ ကျတ်တီးပြင်များ၌ တပ်အင်အား အနေအထား စီရင်ရပုံတည်း။

မြေပြန့်တိုက်ပွဲ၌ ပြန့်ပြူးညီညာပြီး သွားလာရလွယ်ကူသော မြေပြင်နေရာကို ရွေးဦး

www.burmeseclassic.com



စွာ ရယူပါ။ အဓိကတောင်ပံ အင်အားချ ထားရာတွင် ကုန်းမြင့်ခင်တန်းများကို ကျော ပြုထားပါစေ။ ရှေ့နိမ့်နောက်မြင့် အနေအ ထားဖြင့် ရန်သူကို ရင်ဆိုင်ပါ။

ယင်းကား မြေပြန့်တိုက်ပွဲ၌ တပ်အင်အား အနေအထား စီရင်ရပုံတည်း။

အထပ်ပါ တပ်အင်အား စီရင်ရပုံများ ကား ရှေးခေတ်ရှေးအခါက 'ဝမ်တိ' မည် သော ဧကရာဇ်ဘုရင်ကြီးသည် အခြားသော ပြိုင်ဘက်ဘုရင်လေးပါးတို့ကို အနိုင်ရလိုက် နိုင်သည့် အကျိုးရှိသော တပ်စီရင်ပုံ စစ် ဥပဒေသလေးရပ်ပင် ဖြစ်ပေသတည်း။

စစ်ကြောင်းချီရာတွင် တပ်စခန်းနေရာကို အမြင့်ကုန်းပိုင်း ခြောက်သွေ့ရာ၌သာ ဦးစား ပေး စီစဉ် စခန်းချပါ။ ဗွက်ထစိုစွတ်သော အနိမ့်ပိုင်းနေရာမျိုးကို လုံးဝရှောင်ပါ။ အလင်း ရနိုင်သည့် နေသာသောဘက်မှာ ရှိပါစေ၊

www.burmeseclassic.com


အုံ့မှိုင်းစိုထိုင်းသည့် နေကွယ်ရာဘက်ကို မရွေးပါနှင့်။

စခန်းနေရာမှာ ရေစာမြက်စာရိက္ခာ ပေါများပြီး ဖူဖူလုံလုံ ထောက်ပို့နိုင်သည့် သယ်ယူပို့ဆောင်ရန် လွယ်ကူသောနေရာမျိုး ဖြစ်ပါစေ။

တပ်တွင်း၌လည်း ရောဂါဘယ ကင်းကင်းစင်စင်ရှိစေနိုင်သော် စစ်အောင်နိုင်ရေးအတွက် အာမခံချက်များ ရှိသည်ဟု ဆိုရပေမည်။

တောင်ကုန်း ကမူ၊ တာရိုး တာပေါင် မြေအနေအထားတို့တွင် နေရောင်ရှိပြီး အသာစီးရသည့်ဘက်ကို အခြေတည်၍ အဓိကတောင် ပံအဖြစ်ထားမည့် အရန်တပ်များအား ၎င်းမြေအနေအထားကိုကျောထောက်နောက်ခံအဖြစ် အမှီပြုစေပြီး စခန်းချပါ။

ဤကား တပ်အတွက် အကျိုးရှိသော အစီအမံလည်းဖြစ်၊ မြေပထဝီအနေအထားကို အထောက်အကူအဖြစ် ရယူခြင်းလည်း ဖြစ်ပေသည်။

www.burmeseclassic.com


မြစ်အညာဒေသ၌ မိုးသည်းထန်ရွာသွန်းမှု တောင်ကျရေစီးကြမ်းပြီး မြစ်ရေ ချောင်းရေ လျှံကာ လှိုင်းတံပိုးထန်နိုင်ပေသည်။ မြစ်တွင်း ချောင်းတွင်း ဖြတ်ကူးရန် အစီအစဉ်ရှိသော် ရေကျရေငြိမ်အောင် စောင့်ပါ။

မြေပထဝီအနေအထားအရ အောက်ပါ အရပ်ဒေသများကို ကြုံတွေ့ရတတ်၏။ ယင်းတို့မှာ -

အသူရာစမ်းချောင်း (တောင်ကမ်းပါးယံများအကြား မြစ်ရေစမ်းရေ အစီးကြမ်းသော အရပ်ဒေသ)။

ငရဲချိုင့်ဝှမ်း (တောင်များ မတ်စောက်စွာ ဝန်းရံပြီး အလယ်ချိုင့်ခွက်နေသော အကျဉ်းအကျပ် အရပ်ဒေသ)။

ဝက်ပါထောင်ချောက် (တောင်စွယ်အထပ်ထပ်ရှိပြီး ဝက်ပါထောင်ချောက်သဖွယ် ဝင်ရလွယ်သော်လည်း ထွက်ရခက်ခဲသော အန္တရာယ်များသည့် အရပ်ဒေသ)။

www.burmeseclassic.com


မရဏကွန်ရက် (ကွန်ရက်သဖွယ် ချုံနွယ် ပိတ်ပေါင်း ခရောင်းထူပြောသည့် ကြမ်းတမ်း သော အရပ်ဒေသ)။

ဘီလူးဗွက်အိုင် (ရွှံ့ညွန်ဗွက်အိုင် ပေါပြီး ကျွံနစ်လွယ်သော အကျပ်အတည်း အရပ် ဒေသ)။

သေမင်းတောင်ကြား (တောင်နှစ်ခုအ ကြား ရှည်လျားကျဉ်းမြောင်းသော လျှို မြောင်လမ်းကြောင်း အရပ်ဒေသ)။

ဖော်ပြပါ အရပ်ဒေသများကို ကြုံတွေ့ လာပါမူ မဖြစ်မနေ အလျင်အမြန် ရှောင်ကွင်း ချီတက်တတ်ရမည်။ လုံးဝ အနားမကပ်ပါ နှင့်။

ကျွန်ုပ်တို့တပ်များသည် ဖော်ပြပါအရပ် ဒေသများကို ဝေးဝေးက ရှောင်ပါ။ ရန်သူ တပ်များကိုမူ ၎င်းအရပ်ဒေသများသို့ ချဉ်း ကပ် ဆိုက်ရောက်အောင် တွန်းပို့ပါ။

ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင်ကျွန်ုပ် တို့တပ်သည် ဖော်ပြပါအရပ်ဒေသများ တည်

www.burmeseclassic.com


ရှိရာ၏ မျက်နှာချင်းဆိုင်ဘက်တွင် ရှိပါစေ၊ ရန်သူ့တပ်ကိုမူ ၎င်းအရပ်ဒေသများ တည်ရှိရာ၏ ကျောပေးအနေအထားတွင် ကျရောက်ပါစေ။

စစ်ကြောင်းချီရာ စခန်းချရာ တစ်လျှောက်တွင် တောင်စွယ်၊ တောင်စောင်း၊ စိမ့်စမ်း အတားအဆီး အန္တရာယ်များသော ဒေသ များ၊ ရေဝပ်ရေအိုင် မြေနိမ့်နွံတောဒေသများ၊ ကျူတောဖျိုက်တော ထူထပ်ရာဒေသများ၊ တောတောင် မြိုင်ဂနိုင် အုံ့ဆိုင်းရာဒေသများ၊ ချုံနွယ်ပိတ်ပေါင်း ရှင်သန်ရာဒေသများ စသည်တို့ကို ကြုံတွေ့ရလေသော်၊ ရန်သူအား ရှာဖွေရှင်းလင်းရေးကို အထပ်ထပ်အခါခါ အထူးဂရုပြု လုပ်ဆောင်ရပေမည်။

၎င်းနေရာဒေသများတွင် ရန်သူများ ချောင်းမြောင်းချုံခို တိုက်ခိုက်တတ်၏။ သူလျှိုသူကန်များ ပုန်းအောင်းထောက်လှမ်းတတ်၏။

ရန်သူတို့သည် တစ်ဘက်နှင့်တစ်ဘက် အနီးကပ် ရင်ဆိုင်တိုက်ရတော့မည့် အခြေ

www.burmeseclassic.com


အနေသို့ ဆိုက်ရောက်နေသော်ငြားလည်း၊ တည်တည်ငြိမ်ငြိမ် နေနိုင်ခြင်းကား အရေးပါ အသာစီးရသည့် မြေအနေအထားကို အားကိုးအားထားသောကြောင့် ဖြစ်ရာ၏။

ရန်သူများ အဝေးကနေပြီး စိန်ခေါ်လာပါမူ ရင်ဆိုင်ရမည့် ကျွန်ုပ်တို့တပ်ကို ရှေ့သို့ မြူဆွယ်ကျုံးသွင်းလိုသော အကြံအစည်ရှိ၍ ဖြစ်ပေလိမ့်မည်။

ရန်သူများ သွားလာလွယ်ကူရာ မြေပြန့်အရပ်၌ စခန်းချထားပါမူ အခွင့်အလမ်းသာမှု ရှိနေ၍ ဖြစ်ရာ၏။

တောအုပ်ကြီးတွင် သစ်ကိုင်းသစ်ခက် သစ်ပင်များ လှုပ်လှုပ်ယှက်ယှက် ရှိနေလျှင် ရန်သူတို့ လျှိုဝင်လာပြီ မှတ်ပါ။

ချုံပုတ်မြက်တောများတွင် အရံအတားများ ချထားသည်ကို တွေ့ရပါမူ ထောင်ချောက်ဆင် ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ထားသည် မှတ်ပါ။

www.burmeseclassic.com


ကျေးငှက်များ တဖျပ်ဖျပ် လန့်ပျံလေသော်၊ ရန်သူများ ချုံခိုတိုက်ရန် အောင်းနေချောင်းနေပြီဟု မှတ်ပါ။

သားရဲတိရစ္ဆာန်များ လန့်ဖျပ်ပြေးလွှားနေသည်ကို မြင်လတ်သော် ရန်သူ့တပ်မကြီးသည် အလုံးအရင်းဖြင့် ရုတ်တရက် တိုက်ခိုက်ရန် ချီလာနေပြီဟု မှတ်ပါ။

မြင့်မြင့်မားမား ထိုးထိုးထောင်ထောင်နှင့် ဖုန်တထောင်းထောင်း ထနေသော် စစ်ရထားများ လာချေပြီဟု မှတ်ပါ။

အံ့အံ့ပြန့်ပြန့်နှင့် မြင်ကွင်းကျယ် ဖုန်လုံးထ နေသော် ခြေလျင်တပ်ကြီး ချီလာပြီဟု မှတ်ပါ။

ပြောက်တိပြောက်ကျားနှင့် ဟိုတစ်ကွက်သည်တစ်ကွက် ဖုန်ထနေသော် ရန်သူတို့ ထင်းခွေထင်းရှာနေသည် ဖြစ်ရာ၏။

ဖုန်အနည်းငယ်သာ ထပြီး ဟိုမှ သည်မှ ရွေ့လျားနေလျှင် ရန်သူတို့ စခန်းချနေပြီ ဖြစ်ရာ၏။

ရန်သူတို့ ရှို့ရှို့ကျိုးကျိုး ဆက်ဆံလာပြီး တစ်ဖက်က အပူတပြင်း အင်အားဖြည့်တင်း ပြင်ဆင်နေလျှင် ထိုးစစ်ဆင်တော့မည် မှတ်။

ရန်သူတို့ မောက်မာကြွမ်းတမ်းစွာ ဆက်ဆံလာပြီး လက်တလော ထိုးစစ်ဆင်မည့် ဟန်ရေးပြနေသော် ဆုတ်ခွာရန် ပြင်ဆင်လှုပ်ရှားနေပြီ ဖြစ်ကောင်းဖြစ်တတ်သည် မှတ်။

သွက်လက်ပေါ့ပါးသည့် စစ်ရထားများကို တပ်၏ ဝဲယာစစ်နံ့တွင် နေရာယူထားသော် စစ်ဆင်ရန် တပ်ခင်းနေပြီ မှတ်။

ကြိုတင်နားလည်မှုယူ ချိန်းဆိုထားခြင်း မရှိဘဲ အပစ်အခတ် ရပ်စဲကျေအေးလိုကြောင်း ခယ ကမ်းလှမ်းလာပါမူ၊ ရန်သူတို့ အကောက်ကြံ ဉာဏ်နီဉာဏ်နက် ဆင်နေပြီ မှတ်။

ရန်သူ့စစ်အင်အား စစ်ရထားများ ပြေးရင်းလွှားရင်း ဖုတ်ပူမီးတိုက် တပ်ဖြန့်ခင်းကျင်း စီစဉ်နေသော်၊ ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲကြီး ဆင်ရန် စောင့်စားနေပြီ မှတ်။

www.burmeseclassic.com



ရန်သူ့တပ်များ ရှေ့တိုးမလို နောက်ဆုတ်မလို ဖြစ်နေဟန် စစ်ကစားနေပါမူ စစ်မြူဆွယ်နေပြီ မှတ်။

ရန်သူ့စစ်သည်များ လှံထောက်တုတ်ထောက် အမှီပြု ရပ်နားနေပုံထောက်သော် ရိက္ခာပြတ် ငတ်နေပြီ မှတ်။

ရေရှာခပ်သူတို့ ဦးစွာ ငမ်းငမ်းတက် ရေခပ်သောက်ပြီးမှ ရေခပ် သယ်ယူကြသည်ရှိသော် တပ်တွင်း ရေပြတ်လပ်နေပြီ မှတ်။

တစ်ဖက်ရန်သူအပေါ် အခွင့်ကောင်း အောင်နိုင်ကွက်များ တွေ့ငြားသော်လည်း မတိုက်မခိုက်နိုင်ဖြစ်ကာ လက်လွှတ်ရပုံထောက်သော် အားအင်ကုန်ခန်း စစ်ပန်း နွမ်းနယ်နေပြီ မှတ်။

ငှက်အုပ်များ စခန်းပေါ်မှာ စုဝေးပျံသန်းနေသော် ၎င်းစခန်း၌ ဗလာနတ္ထိ ရန်သူများ မရှိနိုင်တော့ပြီ မှတ်ပါ။

www.burmeseclassic.com


ညအခါ ထိတ်လန့်စွာ အသံပေးသံ၊ အော်ဟစ်သံများ ကြားနေရလျှင် ရန်သူများ စိတ်ချောက်ချားနေပြီ မှတ်ပါ။

တပ်တွင်း ကသောင်းကနင်း ဖရိုဖရဲ ဖြစ်နေလျှင် တပ်မှူး၏ ဩဇာအရှိန်အဝါ မညောင်းတော့ကြောင်း ထင်ပေါ်နေပြီ မှတ်ပါ။

အလံတံခွန်များ စနစ်တကျမရှိ လှုပ်ရှားယောက်ယက်ခတ်နေလျှင် တပ်ပြိုတပ်ပျက်တော့မည့်လက္ခဏာ မှတ်ပါ။

တပ်အရာရှိများသည် တစ်လျှောက်လုံး စိတ်ထန်စိတ်တို ဖြစ်နေရလျှင် တပ်တစ်ခုလုံး စစ်ပန်းကျနေပြီဟု မှတ်ပါ။

တပ်ရိက္ခာရေစာများကို စစ်မြင်းများ ချကျွေးခြင်း၊ သားသတ်စားနေကြခြင်း၊ စားဖို သုံးအိုးခွက်များ မကျန်မချန်ဘဲ စခန်းမပြန်အပြေးစွန့်ခွာကြခြင်း စသည်ဖြင့် ယင်းသို့ အခြေဆိုက်နေသူတို့သည်ကား ကိုယ်လွတ်ရုန်း အသက်လု တိုက်ခိုက်မည့် သွေးရူးသွေးတန်း စစ်ရှုံးစစ်ပြေးများဟု မှတ်ပါ။

www.burmeseclassic.com


ညင်သာအောက်ကျို့ ခင်မင်သော လေသံမျိုးဖြင့် ငယ်သားများကို လိုက်လံဆက်ဆံ ပြောဆိုစည်းရုံးနေပုံထောက်လျှင် ခေါင်းဆောင်များသည် ယုံကြည်မှု မရ၊ သြဇာပျက်ယွင်းနေပြီ မှတ်ပါ။

ရန်သူ့တပ်တွင်း၌ မကြာခဏ ဆုလာဘ်များ ချီးမြှင့်နေပုံထောက်လျှင် တပ်မှူးများ အကြံကုန် အကြံအိုက် လက်မှိုင်ချနေပြီ မှတ်။

မကြာခဏ အကြိမ်ကြိမ် ဒဏ်ပေး အပြစ်ပေးနေပုံထောက်လျှင် တပ်တွင်း စစ်စည်းကမ်းရှိသေမှု ပျက်ပြားပြီး အကျပ်ဆိုက်နေပြီ မှတ်။

တပ်မှူးများအနေနှင့် တပ်သားများအပေါ် ကနဦးပိုင်းတွင် ကြမ်းကြုတ်မောက်မာစွာ ဆက်ဆံတတ်ပြီး၊ နောက်ပိုင်းတွင် တပ်သားများ ပုန်ကန်လာမည်ကို စိုးရွံ့ကြောက်လန့်ဖြစ်နေပုံပေါက်လျှင်၊ ၎င်းတပ်မှူးများသည်ကား လုပ်ရည်ဉာဏ်ရည် လွန်စွာ ညံ့ဖျင်းသည်ဟု ကောက်ချက်ချမှတ်ပါ။

www.burmeseclassic.com



မင်းစေတမန် လွှတ်ပြီး ကျေးဇူးပျူငှာ စကားအလင်္ကာများ ခင်းလာပါက ရန်သူများ ခေတ္တ အနားယူလိုကြောင်း လက္ခဏာပြနေ ပြီ မှတ်ပါ။

ရန်သူတို့သည် အားနှင့်အင်နှင့် ဒေါနှင့် မာန်နှင့် ထိပ်တိုက် ရင်ဆိုင်လာပြီး၊ အချိန်အ တန်ကြာသည့်တိုင်အောင် တစ်ဖက်ရန်သူကို ထိုးစစ်လည်း မဆင်မတိုက်၊ ဆုတ်ခွာ တပ် ခေါက်၍လည်းမသွားသည့် အခြေအနေမျိုး ကြုံတွေ့လာရပါက ၎င်းရန်သူကို ဂရုတစိုက် သေချာစွာ သုံးသပ် သတိထားရမည်။

စစ်တပ်အင်အားမှာ များလေကောင်း လေဟု မဆိုသာ။ လိုရင်းအချက်ကား ရန်သူ ကို လက်နက်လက်ရုံး အားကိုးသက်သက် တဇောက်ကန်း မတိုက်ပါနှင့်။ တပ်အင်အား ကို ကျစ်ကျစ်လျစ်လျစ် စုစည်းစုရုံး၊ ရန်သူ့ အခြေအနေကို ပိုင်ပိုင်နိုင်နိုင် ထောက်လှမ်း သိရှိနိုင်အောင်လုပ်၊ လက်အောက်ငယ်သား များ၏ ယုံကြည်ထောက်ခံမှုကို အရယူသည် နှင့်အတူ အရည်အချင်း ရှိသူတို့ကို လူမှန်

www.burmeseclassic.com


နေရာမှန် ပီပီပြင်ပြင် မြှောက်စား အသုံးချ စသည်ဖြင့် ယင်းသို့ စွမ်းဆောင်နိုင်သည်ရှိသော် စစ်ရေးအတွက် လုံလောက်ချေပြီဟု ဆိုရပေမည်။

အမြော်အမြင် ကြိုတင်စဉ်းစား ဆင်ခြင်ဉာဏ်လည်း မရှိ၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ရန်သူကိုလည်း အထင်အမြင်သေးတတ်သောသူသည် ရန်သူ့လက်တွင်းသို့ ကျရောက် အဖမ်းခံရမည်မှာ မလွဲဧကန် ဖြစ်သတည်း။

လက်အောက်ငယ်သားများ၏ ရင်းနှီးလေးစား ချဉ်းကပ်မှု မရရှိမီ ၎င်းတို့အား ဒဏ်ခတ်အပြစ်ပေးပါက အမိန့်နာခံ ကျိုးနွံကြလိမ့်မည် မဟုတ်ပေ။ ထိုသို့ မနာခံသည့်အလျောက် ၎င်းတို့ကိုလည်း စိတ်ချယုံကြည်စွာ တာဝန်ပေးနိုင်ဖို့ရာ ခက်ခဲပေလိမ့်မည်။

လက်အောက်ငယ်သားများ၏ ရင်းနှီးလေးစား ချဉ်းကပ်မှုကို ရရှိပါသော်လည်း၊ စည်းကမ်းချမှတ် ပေးသင့်ပေးထိုက်သော

ဒဏ်ခတ် အပြစ်ပေးခြင်းမျိုး မရှိပါက ၎င်းတို့သည်လည်း တာဝန်ပေါ့လျော့ပြီး လက်တွေ့အသုံးမဝင်နိုင် ဖြစ်ချေမည်။

မေတ္တာ အကြောင်းနာတရားနှင့် ယှဉ်၍ စည်းရုံး ပညာပေးပါ။ စည်းမျဉ်းစည်းကမ်း ဥပဒေများ ပြဋ္ဌာန်းပြီး ထိန်းကွပ်အုပ်ချုပ်ပါ။ ဤသို့ဖြင့် လက်အောက်ငယ်သားတို့၏ လေးစားချစ်ခင်မှုနှင့် ထောက်ခံအားပေးမှုကို မုချ ရရှိနိုင်မည် ဖြစ်၏။

အစဉ်တစိုက်အားဖြင့် အမိန့်စည်းကမ်းများကို တင်းတင်းကျပ်ကျပ် စနစ်တကျ ကိုင်တွယ်ဖော်ဆောင်ပြီး၊ စစ်သည်တို့ကို လေ့ကျင့်ပညာပေးနိုင်လျှင်၊ ၎င်းစစ်သည်တို့သည်လည်း အမိန့်စည်းကမ်းများကို အစဉ်ရိုသေလိုက်နာတတ်ကြပေလိမ့်မည်။

အစဉ်တစိုက်အားဖြင့် အမိန့်စည်းကမ်းများကို တင်းတင်းကျပ်ကျပ် အလေးထားလုပ်ဆောင်ခြင်း မရှိ၊ စစ်သည်များကို လေ့ကျင့် ပညာပေးနိုင်ခြင်းလည်း မရှိလျှင်၊ ၎င်း

www.burmeseclassic.com


တို့သည်လည်း အမိန့်စည်းကမ်းများကို တစိုက်မတ်မတ် ရိုရိုသေသေ လိုက်နာကြလိမ့်မည် မဟုတ်ပေ။

အစဉ်တစိုက်အားဖြင့် အမိန့်စည်းကမ်းများကို အမြဲတစေ သေဝပ်လိုက်နာအောင် စွမ်းဆောင်နိုင်ခြင်းကား တပ်မှူးတပ်သားများအကြား ရင်းနှီးဆက်ဆံမှု လိုက်လျောညီထွေ သင့်မြတ်ပြေပြစ်ကြောင်း ထင်ဟပ် ပြသနေသည် ဖြစ်ရာ၏။

☆

www.burmeseclassic.com



မေတ္တာအကြင်နာတရားနှင့် ယှဉ်၍ စည်းရုံး ပညာပေးပါ။ စည်းမျဉ်းစည်းကမ်း ဥပဒေများ ပြဋ္ဌာန်းပြီး ထိန်းကွပ် အုပ်ချုပ်ပါ။

www.burmeseclassic.com

## အခန်း (၁၀)

## ပထဝီမြေအနေအထား

ဆွန်ဇူက ဤသို့ မိန့်ဆို၏-

ပထဝီမြေပြင်အနေအထားကို ခြောက် မျိုး ခွဲခြားထားနိုင်၏။

ယင်းတို့မှာ-

၁။ သွားလာရ လွယ်ကူသော မြေ

၂။ ပြန်ဆုတ်ရခက်သော မြေ

၃။ အကျိုးမဲ့ မြေ

၄။ အကျဉ်းအကျပ် မြေ

www.burmeseclassic.com



၅။ အန္တရာယ် မတ်စောက်မြေ

၆။ ရန်သူနှင့် အလှမ်းဝေးမြေ

တို့ ဖြစ်ကြသည်။

## ၁။ သွားလာရ လွယ်ကူသော မြေ

ကျွန်ုပ်တို့ တပ်လည်း ရောက်နိုင်၊ ရန်သူလည်း ရောက်နိုင်သည့် နေရာ အနေအထားမျိုးကို သွားလာရ လွယ်ကူသောမြေ ဟု ခေါ်၏။

ယင်းကဲ့သို့သော မြေအနေအထားမျိုးတွင် အမြင်ရှင်းပြီး အသာစီးရကာ နေရောင်ရှိသော ကုန်းမြင့်ပိုင်းကို လက်ဦးအောင် သိမ်းပိုက်ပါ။ ရိက္ခာ ထောက်ပို့လမ်းကြောင်း ချောမွတ်အောင် ဖန်တီးထားပါ။ သို့မှသာ ရန်သူကို တိုက်ခိုက်ရာတွင် အခွင့်အလမ်း သာနိုင်ပေလိမ့်မည်။

## ၂။ ပြန်ဆုတ်ရခက်သော မြေ

ကျွန်ုပ်တို့သွားရောက်တိုက်ခိုက်ရန် လွယ်ကူသော်လည်း ငါးမျှားချိတ် ချိတ်မိသည့်

www.burmeseclassic.com


အလား ပြန်ဆုတ်ရာတွင် ခက်ခဲတတ်သော မြေအနေအထားမျိုးကို ပြန်ဆုတ်ရခက်သော မြေဟု ခေါ်၏။

ငင်း ပြန်ဆုတ်ရခက်သော မြေအနေအထားတွင် ရန်သူတို့၏ ပြင်ဆင်ကာကွယ်မှု မရှိပါက သွားရောက်တိုက်ခိုက်၍ အောင်နိုင်ရာ၏။ အကယ်၍ ရန်သူတို့ ပြင်ဆင် ကာကွယ်မှု အသင့်ရှိပါက သွားရောက် တိုက်ခိုက်၍ မအောင်နိုင်လျှင် ပြန်ဆုတ်ရ ခက်ပေလိမ့်မည်။ ပျက်စီးဆုံးရှုံးနိုင်၏။

## ၃။ အကျိုးမဲ့ မြေ

ကျွန်ုပ်တို့အနေနှင့် ထွက်တိုက်ပြီး သိမ်းယူ၍ အကျိုးမရှိ အကျိုးယုတ်နိုင်၏။ ရန်သူအနေနှင့်လည်း ထွက်တိုက်ပြီး သိမ်းယူ၍ အကျိုးမရှိ အကျိုးယုတ်တတ်၏။ ယင်းသို့သော မြေနေရာ အနေအထားမျိုးကို အကျိုးမဲ့မြေဟု ခေါ်၏။ ငင်း အကျိုးမရှိ အကျိုးယုတ်တတ်သော မြေနေရာတွင် နှစ်ဖက် ရင်ဆိုင်မိပါက ရန်သူက အခွင့်အလမ်းပေး စစ်မြူနေ

www.burmeseclassic.com


သော်လည်း ကျွန်ုပ်တို့အနေနှင့် ထွက်မတိုက်သင့်။ နောက်သို့ ဆုတ်ခွာပေးယောင်ဆောင်၍ မျှားခေါ်ပါ။ ရန်သူကို တန်ပြန်စစ်မြှူပြီးထွက်လာအောင် လုပ်ပါ။ ရန်သူ့တပ် တစ်ဝက်တစ်ပျက် ထွက်လာသောအခါ အပိုင်စီးတိုက်ပါ။ အမြတ်ထွက်နိုင်သည်။

## ၄။ အကျဉ်းအကျပ် မြေ

လျှိုမြောင်တောင်ကြား ဂိတ်စခန်း အကျဉ်းအကျပ် မြေနေရာ အနေအထားမျိုး ဖြစ်၏။ ယင်း မြေနေရာကို ကျွန်ုပ်တို့တပ်က လက်ဦးပြီး သိမ်းပိုက်နိုင်လျှင် တပ်အင်အားတောင့်တင်းအောင် အပြည့် အားဖြည့်ပြီး ရန်သူ့အလာကို လျှိုထိပ်ဝမှာ စောင့်ဆိုင်းတိုက်ခိုက်ပါ။ ရန်သူက လက်ဦးသွားပြီး သိမ်းပိုက်ထားသော်၊ အကယ်၍ တပ်အင်အား အခိုင်အမာ အားဖြည့်ချထားပါက ကျွန်ုပ်တို့တပ်အနေနှင့် ချဉ်းကပ် မတိုက်ပါနှင့်။ အကယ်၍ ရန်သူ့တပ်အင်အား မလုံမလောက် ဖြစ်နေပါက တိုက်နိုင်ပါသည်။

www.burmeseclassic.com


## ၅။ အန္တရာယ် မတ်စောက်မြေ

အချက်အချာကျသော မြေနေရာနှင့် မတ်စောက်ချောက်ကမ်းပါးများရှိသည့် မြေအနေအထားမျိုး ဖြစ်၏။ ယင်းနေရာမျိုးကို ကျွန်ုပ်တို့တပ်က ဦးစွာ သိမ်းပိုက်လိုက်နိုင် လျှင် နေသာရာ အသာစီးရရာ အမြင့်နေရာ ကျယ်ကျယ်မှာ တပ်ချပြီး ရန်သူ့အလာကို စောင့်ဆိုင်း တိုက်ခိုက်ပါ။ အကယ်၍ ရန်သူက လက်ဦးပြီး သိမ်းပိုက်ထားပါက မိမိတပ်ကို ဆုတ်ခွာခိုင်းပါ။ ရန်သူကို ချဉ်းကပ် မတိုက်ခိုက်ပါလေနှင့်။

## ၆။ ရန်သူနှင့် အလှမ်းဝေးမြေ။

ရန်သူ့တပ်နှင့် ဝေးဝေးလှမ်းလှမ်း နေရာတွင် တပ်စခန်းတည်ရှိနေသော မြေအနေအထားမျိုး ဖြစ်၏။ ရန်သူနှင့် အလှမ်းဝေးမြေ အနေအထားတို့တွင် ရန်ဘက် တစ်ဦးနှင့်တစ်ဦး နေရာအကွာအဝေး လှမ်းလျက် အားတူ အားပြိုင် ဖြစ်နေလျှင် ရင်ဆိုင် စိန်ခေါ်ရန် ခဲယဉ်းချေမည်။ ရင်ဆိုင်ရလေသော်လည်း အရေးမသာနိုင်။

www.burmeseclassic.com


အထက်ပါ ခြောက်မျိုးတို့သည်ကား မြေပြင်နှင့်ပတ်သက်သော နည်းဗျူဟာ ဥပဒေသများတည်း။ ကြီးလေးသောတာဝန်များကို ထမ်းဆောင်ကြရသော စစ်ဘက် တပ်မှူးများ အနေနှင့် သေသေချာချာ လေ့လာသုံးသပ်ဆင်ခြင် သတိချပ်ရမည် ဖြစ်သည်။

တပ်မတော်တစ်ရပ်သည် သဘာဝတရားကြောင့်မဟုတ်ဘဲ တပ်မှူးများ၏ မှားယွင်းချွတ်ချော်မှုများကြောင့် အရေးနိမ့် ပျက်စီးဆုံးရှုံးရခြင်း ခြောက်မျိုးရှိ၏။ ယင်းတို့သည်ကား-

၁။ ထွက်ပြေးရခြင်း

၂။ စစ်မိန့် လျော့ရဲခြင်း

၃။ တပ်ညှို့တပ်ဖျင်း ဖြစ်ခြင်း

၄။ တပ် ပြိုပျက်ခြင်း

၅။ ဖရိုဖရဲ ဖြစ်ခြင်း

၆။ ခွက်ခွက်လန်ရှုံး၍ ပြေးရခြင်း တို့ဖြစ်လေသည်။

www.burmeseclassic.com


မိမိတပ်နှင့် ရန်သူတို့အကြား အင်အားညီမျှ ထိပ်တိုက်ရင်ဆိုင်နေသော အခြေအနေမှာ တပ်အင်အားအနည်းငယ်ဖြင့် မိမိထက် ဆယ်ဆမက ကြီးမားသော ရန်သူ့အင်အားကို တိုက်ခိုက်လေသော် အားမမျှဘဲ ရှုံးနိမ့်ထွက်ပြေးကိန်း ဆိုက်ရသည့် အခြင်းအရာသည် **ထွက်ပြေးရခြင်း** မည်၏။

စစ်သည် စွမ်းရည်အင်အား တောင့်တင်းကောင်းမွန်ပါလျက် အထက်တပ်မှူးတို့၏ အရည်အချင်း ညံ့ဖျင်းနုံချာသောကြောင့် စစ်ရှုံးရသည့် အခြင်းအရာသည် **စစ်မိန့်လျော့ရဲခြင်း** မည်၏။

အကြပ်တပ်မှူးများ ထက်မြက်ကြပြီး တပ်သားများ ပျော့ညံ့ချွတ်ယွင်း၍ စစ်ရှုံးရသည့် အခြင်းအရာသည် **တပ်ညံ့တပ်ဖျင်း ဖြစ်ခြင်း** မည်၏။

တပ်မှူးများ ဒေါကြီးမာန်ထောင်တတ်ပြီး အထက်အရာရှိများ၏ အမိန့်ဩဇာကိုလည်း မနာခံ၊ ရန်သူနှင့် တွေ့လေသော် အမိန့်ကို

www.burmeseclassic.com


မစောင့်စားဘဲ မိမိ ဆန္ဒသဘောအလျောက် ကမူးရှူးထိုး တိုက်တတ်သည့်ပြင် ၎င်းတို့၏ အရည်အချင်းညံ့သည်ကို အထက်ခေါင်းဆောင် တပ်မှူးများကလည်း မသိရှိ မရိပ်စားမိသောကြောင့် စစ်ရှုံးရသည့် အခြင်းအရာ သည် **တပ်ပြိုတပ်ပျက်ခြင်း** မည်၏။

စစ်ဦးစီးများသည် ပျော့ညံ့ပြီး အမိန့်မတည်၊ စည်းကမ်းမကြီး၊ သင်ကြားပြဋ္ဌာန်းလေ့ကျင့်မှု မပီပြင်၊ တပ်မှူးတပ်သားအကြား တာဝန်ချထားခြင်း မှုမမှန် စနစ်တကျမရှိ၊ တပ်များဖွဲ့စည်းပုံ ခင်းကျင်းစီရင်ပုံ မနိုင်မနင်းဖြစ်မှုတို့ကြောင့် စစ်ရှုံးရသည့် အခြင်းအရာသည် **ဖရိုဖရဲဖြစ်ခြင်း** မည်၏။

စစ်သူကြီးအနေဖြင့် ရန်သူ့အခြေအနေ ကို မသုံးသပ် မသိရှိနိုင်ခြင်း၊ တပ်အင်အား အနည်းငယ်ဖြင့် ရန်သူ့ ကြီးမားသော အင်အားကို ရင်ဆိုင်တိုက်စေခြင်း၊ မိမိ ချိနဲ့သော တပ်အင်အားဖြင့် ရန်သူ့ အားကောင်းသော တပ်အင်အားကို ရင်ဆိုင် ထိုးနှက်စေခြင်း၊ တိုက်ရည်ခိုက်ရည် ရဲစွမ်းသတ္တိရှိသော ရှေ့

www.burmeseclassic.com


တန်းတပ်မှူးတပ်သားများ မရှိခြင်း စသည်တို့ကြောင့် စစ်ရှုံးရခြင်းကား **ခွက်ခွက်လန် ရှုံး၍ ပြေးရခြင်း** မည်၏။

အထက်ဖော်ပြပါ အချက်ခြောက်ချက်ကား စစ်ရှုံးရာ ရှုံးကြောင်းကို ဖြစ်ပေါ်စေတတ်သည့် အရာများတည်း။

စစ်ဘက် တပ်မှူးကြီးငယ်များသည် မိမိတို့ ထမ်းဆောင်ရသော ကြီးလေးသည့် တာဝန်များအရ ယင်းတို့ကို သုံးသပ်ဆင်ခြင် အထူးသတိချပ်ရပေမည်။

မြေပထဝီ အနေအထားတို့မည်သည် တိုက်ပွဲအတွက် အထောက်အကူဖြစ်ပေသည်။

ရန်သူ့အခြေအနေကို သုံးသပ် လေ့လာခြင်း၊ အောင်နိုင်ရေးအတွက် လက်ဦးမှု ရယူစီမံခြင်း၊ မြေအနေအထား အခက်အခဲ အန္တရာယ်အမျိုးမျိုးကို စူးစမ်းလေ့လာ ကောင်းစွာ အသုံးချခြင်း၊ အနီးအဝေး အတိုင်းအတာ ခန့်မှန်းတွက်ဆခြင်း စသည်တို့သည်

ကား စွမ်းရည်ပြည့်ဝသော ခေါင်းဆောင်ကောင်း စစ်သူကြီးတပ်မှူးတို့ ပိုင်နိုင်စွာ ကျင့်သုံးအပ်သော အကြောင်းခြင်းရာ နည်းဥပဒေသများ ဖြစ်ပေသည်။

ယင်း အကြောင်းတရားများကို ကျွမ်းကျင်တတ်သိ နားလည်အသုံးချပြီး စစ်ပွဲကို ဦးစီးတိုက်ခိုက်သောသူသည် ဧကန်မုချ အောင်ပွဲခံရာ၏။

ယင်းအကြောင်းတရားများကို မသိနားမလည်၊ မသုံးတတ်ဘဲ စစ်ပွဲကို ဦးစီး တိုက်ခိုက်သောသူသည်ကား ရှုံးပွဲနှင့် ရင်ဆိုင်ရမည်မှာ ဧကန်မုချ ဖြစ်ပေသည်။

စစ်ရေးအရ အကျိုးသင့်အကြောင်းသင့်မုချ အောင်နိုင်ခြေကို သိထားသော်၊ အကြီးအကဲတို့က မတိုက်ရန် အမိန့်ပေးတားဆီးလင့်ကစား၊ မဖြစ်မနေ အရတိုက်နိုင်ရာ၏။

စစ်ရေးအရ အကျိုးသင့် အကြောင်းသင့် ဆင်ခြင်ကြည့်ရာ၌ အောင်ပွဲရနိုင်ခြေ မရှိဘဲ

www.burmeseclassic.com



ရှုံးနိမ့်နိုင်သော် အကြီးအကဲအနေနှင့် မုချ တိုက်ရမည်ဟု အမိန့်ပေးလာလင့်ကစား လုံးဝမတိုက်ဘဲ နေနိုင်ရာ၏။

ထိုသို့သော စစ်သူကြီး တပ်မှူးကောင်းတို့သည် ရှေ့တန်းတက်ကာ လက်ဦးမှု ရယူပြီး အောင်ပွဲရအောင် တိုက်နိုင်ခဲ့သော်လည်း ဂုဏ်ဒြပ်ရာထူး မမက်၊ ကျော်ကြားမှုကို မခုံမင်ကြ၊ မရှုံးမနိမ့်ရအောင်အတွက် တိုက်မိန့်မနာခံဘဲ နောက်ဆုတ်ပေးလိုက်ရ၍လည်း အထက်က ပေးလာသော ပြစ်ဒဏ်ကို ရဲရဲကြီး ကျခံဝံ့ကြပေသည်။ ထိုပုဂ္ဂိုလ်တို့သည် ပြည်သူ့အကျိုးကို ဦးထိပ်ထား ကာကွယ်စောင့်ရှောက်တတ်ကြပြီး မိမိပြည့်ရှင် ဘုရင်မင်းတို့၏ အကျိုးစီးပွားနှင့် လျော်ကန်ကိုက်ညီအောင်လည်း ကျေပွန်စွာ တာဝန် ထမ်းဆောင်တတ်ကြပေရာ နိုင်ငံ့သားကောင်းရတနာများဟု ခေါ်တွင်ထိုက်ပါပေသည်။

သင်၏ စစ်သည်များကို ရင်ခွင်ပိုက် ကလေးငယ်သဖွယ် သဘောထား၊ ယုယပိုက်ထွေး စောင့်ရှောက်တတ်ပါမူ၊ စစ်သည်များ

www.burmeseclassic.com


သည် အန္တရာယ် ခရောင်းလမ်းကြမ်းများကို ပင် မမှု၊ အသင် ဦးဆောင်ရာသို့ အတူလိုက် ပါလာပေလိမ့်မည်။

သင်၏စစ်သည်များကို ချစ်သားသဖွယ် မြတ်နိုးတွယ်တာ ပြုစုစောင့်ရှောက်တတ်ပါမူ၊ စစ်သည်များသည် အသင်ဦးဆောင်ရာသို့ အရိုးကျေကျေ အရေခန်းခန်း ရဲဝံ့စွန့်စားပြီး လိုက်ပါ အမှုတော်ထမ်းနိုင်ကြပေလိမ့်မည်။

အကယ်၍ စစ်သည်များကို ပ-စားပေး မြှောက်စားမှုသာရှိပြီး တာဝန်ပေး စေစားနိုင်ခြင်းမရှိ၊ အလိုလိုက် သနားချစ်ခင်မှုသာ ရှိပြီး အမိန့်ကို လေးစားလိုက်နာတတ်အောင် ပညာပေးသွန်သင်ခြင်းလည်း မရှိ၊ စည်းကမ်း ဖောက်ဖျက်ရမ်းကားနေမှုတို့ကို ပြစ်ဒဏ်ပေး ထိန်းကွပ်ခြင်းလည်း မရှိပါမူ၊ ယင်းသို့သော စစ်သည်များကား ကလေးဆိုးကြီးများသဖွယ် ရှိချေသောကြောင့် တိုက်ပွဲအတွက် အသုံးချရန် လုံးဝ မဖြစ်ချေ။

www.burmeseclassic.com


မိမိတို့ တပ်အင်အား အခြေအနေအရ တိုက်နိုင်ကြောင်းကိုသာ သိထားပြီး ရန်သူကို တိုက်မရနိုင်ကြောင်း အခြေအနေမှန်ကိုမူ သိထားခြင်းမရှိပါက အောင်ပွဲတစ်ဝက် တစ်ပျက်သာ သေချာမည်။

ရန်သူတို့ကို တိုက်၍ ရနိုင်ကြောင်း အခြေအနေကိုသာ သိထားပြီး မိမိတို့တပ်ကိုယ်၌ ကပိုင်ပိုင်နိုင်နိုင် မတိုက်နိုင်သည့်အခြေအနေရှိသည်ကို သိမထားပါက အောင်ပွဲ တစ်ဝက်တစ်ပျက်သာ သေချာပေမည်။

ရန်သူကို အခြေအနေအရ နိုင်အောင်တိုက်နိုင်ကြောင်း၊ မိမိတပ်သည်လည်း တိုက်ပွဲဝင်ရန် အခြေအနေပေးကြောင်း သိထားရပါသော်လည်း၊ မြေပထဝီ အနေအထားအရ တိုက်ခိုက်ရန် အခွင့်အလမ်း သင့်မသင့်ကို သိရှိနားလည်ထားခြင်းမရှိပါက အောင်ပွဲကို တစ်ဝက်တစ်ပျက်သာ မှန်းဆနိုင်ပေမည်။

www.burmeseclassic.com



ထို့ကြောင့် စစ်ရေးစစ်ရာ ကျွမ်းကျင်သူတို့အဖို့ စစ်ရေးလှုပ်ရှားကစားရာမှာ တိမ်းစောင်းတွေဝေမှု ကင်းကြပေသည်။

စစ်ရေး စီမံတိုက်ခိုက်ရာမှာလည်း ဘေးကျပ်နံ့ကျပ်မဖြစ်၊ အစဉ် အပြည့်အဝ စီစဉ်ကြံဆောင်နိုင်ကြပေသည်။

ထို့ကြောင့်ဆွန်ဇုက ဤသို့ အဆိုအမိန့်ရှိ၏-

သူ့အကြောင်းရော ကိုယ့်အကြောင်းပါ သိကျွမ်းပါက အောင်ပွဲရဖို့ မစိုးရိမ်ရ။

ဥတု အာကာ သဘာဝ အကြောင်းရော၊ မြေအနေအထားအကြောင်းကိုပါ သိကျွမ်းပါက အောင်ပွဲများ အစဉ်မပြတ် မုချ ပြည့်ပြည့်ဝဝ ရနိုင်လိမ့်မည်။

☆

www.burmeseclassic.com



နှစ်ဦးနှစ်ဖက်စလုံးအတွက် အကျိုးအမြတ်
ရနိုင်သော မြေအနေအထားမျိုးသည် အပြိုင်
လုမြေဟူ၏။

www.burmeseclassic.com

# အခန်း (၁၁)

# စစ်မြေပြင်

# အနေအထား ၉ မျိုး

ဆွန်ဇုက ဤသို့ မိန့်ဆိုထား၏-

စစ်ပညာသဘောအရ စစ်မြေပြင် အနေအထား ၉ မျိုး ခွဲခြားနိုင်၏။ ၎င်းတို့မှာ -

၁။ ပြန့်ကျဲ တပ်ပြေးလွယ် မြေအနေအထား

၂။ စစ်ဦးကျွံစ မြေအနေအထား

၃။ အပြိုင်လု မြေအနေအထား

www.burmeseclassic.com


၄။ အသွားအလာ လွတ်လပ် မြေအနေ
အထား

၅။ နယ်ခြားဆုံစည်း မြေအနေအထား

၆။ အန္တရာယ်ပိုင်းရောက် မြေအနေ
အထား

၇။ ကန္တာရ မြေအနေအထား

၈။ ညှပ်ပူးညှပ်ပိတ်ခံ မြေအနေအထား

၉။ မရဏ မြေအနေအထား

တို့ဖြစ်ကြသည်။

မြို့ပြနိုင်ငံ ဘုရင်မင်းများသည် ၎င်းတို့ ကိုယ်ပိုင်မြေပေါ်၌သာ စစ်မက်ရင်ဆိုင် တိုက်ခိုက်ရသောအခါ အရေးကြုံလျှင် မိမိ စစ်သားများ အိမ်နှင့် ဌာနေသို့ စိတ် ပျံ့လွင့်လွယ်ကာ ပြန့်ကျဲ တပ်ပြေးနိုင်သည့် မြေအနေအထား မျိုးသည် **ပြန့်ကျဲ တပ်ပြေး လွယ်မြေ** ဟူ၏။

သူတစ်ပါးပြည်အတွင်း နယ်အတွင်းသို့ အသင့်အတင့် ထိုးဖောက်ဝင်ရောက် တိုက်

www.burmeseclassic.com


ခိုက်ထားသော မြေအနေအထားမျိုးသည် **စစ်ဦးကျွံစမြေ** ဟူ၏။

မိမိဘက်က သိမ်းပိုက်နိုင်သော် အမြတ်ပေါ်၏။ ရန်သူ့ဘက်က သိမ်းပိုက်နိုင်လျှင်လည်း အမြတ်ရစေ၏။ နှစ်ဦးနှစ်ဖက်စလုံးအတွက် အကျိုးအမြတ်ရနိုင်သော မြေအနေအထားမျိုးသည် **အပြိုင်လုမြေ** ဟူ၏။

မိမိတပ်အနေနှင့်လည်း သွားရောက်နိုင်ပြီး ရန်သူ့တပ်အနေနှင့်လည်း လာရောက်နိုင်သော မြေအနေအထားမျိုးသည် **အသွားအလာ လွတ်လပ်မြေ** ဟူ၏။

မြို့ပြနိုင်ငံများ နယ်ခြားချင်း ဆုံစည်းရာဖြစ်ပြီး ယင်းနေရာသို့ ဦးစွာရောက်ရှိကာ ပြည်ထောင်အသီးသီးတို့၏ ထောက်ခံ ကူညီမှုများကို ရယူနိုင်သော မြေအနေအထားမျိုးသည် **နယ်ခြား ဆုံစည်းမြေ** ဟူ၏။

ရန်သူ့နယ်မြေထဲ အတွင်းကျကျ ထိုးဖောက်ပြီး၊ မြို့ပြအများအပြားကို ကျောခိုင်း

www.burmeseclassic.com


ချီတက် ရောက်ရှိနေသော မြေအနေအထား မျိုးသည် **အန္တရာယ်ပိုင်းရောက်မြေ** ဟူ၏။

တောင်တန်းတောင်စောင်းများ၊ တောတန်း မြိုင်ဂနိုင်များ၊ လျှိုမြောင်ချောက်ကမ်းပါး အန္တရာယ် အတားအဆီးများ၊ အင်းအိုင်နွံတော ချုံနွယ်ပိတ်ပေါင်းများ ဖြတ်သန်းရခြင်း အပါအဝင် ခြုံငုံ၍ ခက်ခဲကြမ်းတမ်း လျှောက်လှမ်းချီတက်ရသော အန္တရာယ်လမ်းခရီး မြေအနေအထားမျိုးသည် **ကန္တာရမြေ** ဟူ၏။

အဝင်လမ်းက ကျဉ်း၊ အထွက်လမ်းက ကွေ့ကောက် ဝင်္ကပါဆန်ပြီး ရန်သူတို့သည် တပ်အနည်းငယ်ဖြင့်ပင် ကျွန်ုပ်တို့တပ်ကြီး တစ်ခုလုံးကို ဝိုင်းပိတ် ချေမှုန်းလွယ်သည့် မြေအနေအထားမျိုးသည် **ညှပ်ပူးညှပ်ပိတ်ခံ မြေ** ဟူ၏။

အသက်စွန့်ပြီး ရှုပ်ရှုပ်ချွံချွံ အပြင်းအထန် တစ်ဟုန်ထိုး တိုက်ခိုက်ပါမှ အသက်ရှင် ရုန်းထွက်နိုင်ပြီး လက်တွန့် တုံ့ဆိုင်း တွေဝေ ရင်

www.burmeseclassic.com


ဆိုင်တိုက်ခိုက်ပါက ပျက်သုဉ်းကိန်း ဆိုက်မည့် မြေအနေအထားမျိုးသည် **မရဏာမြေ** ဟူ၏။

ထို့ကြောင့် မိမိနယ်အတွင်းဖြစ်သည့် မိမိစစ်သည်များ ပြန့်ကျဲ ပြေးလွယ်သော မြေအနေအထားတွင် ရန်သူကို ထိုးစစ်ဆင်တိုက်ခိုက်ရန် ရှောင်ပါ။

ရန်သူ့နယ်မြေအတွင်း မကျတကျ စစ်ဦးကျွံစမြေ အနေအထားတွင် စခန်းချရပ်နားခြင်း မပြုပါနှင့်။

အပြိုင်လုမြေအနေအထားတွင် ရန်သူ က လက်ဦး သိမ်းပိုက်ထားပါက ရန်သူကို ထိုးစစ်ဆင် မတိုက်ပါနှင့်။

အသွားအလာလွတ်လပ်သော မြေအနေအထားတွင် မိမိတပ်ကို ချိတ်ဆက်မိမိ ရှိပါစေ၊ အဆက်အသွယ် မပြတ်ပါစေနှင့်။

နယ်ခြားဆုံစည်း မြေအနေအထားတွင် အိမ်နီးချင်း ပြည်ထောင်များနှင့် ချစ်ကြည် ရေး မဟာမိတ်ဖွဲ့ပါ။

www.burmeseclassic.com



အန္တရာယ်ပိုင်းရောက် မြေအနေအထားတွင်မူ ရန်သူ့နယ်အတွင်းရှိ စားနပ်ရိက္ခာပစ္စည်းများကို အရ တိုက်ခိုက်သိမ်းယူပါ။

ကန္တာရမြေအနေအထားနှင့် ကြုံကြိုက်သော် အလျင်အမြန် ဖြတ်ကျော်ချီတတ်ပါ။

ညှပ်ပူးညှပ်ပိတ်ခံ မြေအနေအထား ကြုံလာပါမူ ဉာဏ်ဆင် ပရိယာယ်သုံး ထိုးဖောက်တိုက်ခိုက်ပါ။

မရဏမြေ၌မူ အသက်ရှင်နိုင်ရေး အတွက် စွန့်လွှတ်စွန့်စား တိုက်ခိုက်ပါ။

ရှေးရှေးအခါက စစ်ရေးကျွမ်းကျင် လိမ္မာကြသူတို့သည် ရန်သူ့ရှေ့တန်းတပ်နှင့် နောက်တန်းတပ်တို့အကြား အပြန်အလှန် ချိတ်ဆက်ထောက်ကူမရအောင် ဖြတ်တောက်နိုင်ကြသည်။

ရန်သူ့တပ်မကြီးနှင့် တပ်စုငယ်တို့ အကြား အပြန်အလှန် အမှီသဟဲပြု အားကိုးအားထားမရအောင်လည်း ဖန်တီးနိုင်ကြသည်။

www.burmeseclassic.com


အရာရှိအရာခံနှင့် စစ်သည်များအကြား တစ်ဦးကိုတစ်ဦး အပြန်အလှန် မကူမကယ် နိုင်ဖြစ်အောင်လည်း စွမ်းဆောင်နိုင်ကြ သည်။

ရန်သူ့အရာရှိများနှင့် တပ်သားများအကြား တပ်စည်းကမ်း ပြိုပျက်ပြီး ဂယောင်ချောက်ချားဖြစ်အောင်လည်း ဖန်တီးနိုင်ကြသည်။

ရန်သူ့စစ်သည်များ တစ်ကွဲတစ်ပြားစီ ဖြစ်အောင် စုစည်းထိန်းကွပ်မရအောင်လည်း ဖန်တီးနိုင်ကြသည်။

ရန်သူ့တပ်များ ရုံးစု စစ်ခင်းရာမှာလည်း တပ်ဖွဲ့ မစုံ၊ စည်းကမ်းတကျ မရှိ၊ ဖရိုဖရဲ ဖြစ်အောင် စွမ်းဆောင်နိုင်ကြသည် ဟူ၏။

ကျွန်ုပ်တို့အနေနှင့် တပ်အတွက် အကျိုးစီးပွား အခွင့်အလမ်းကောင်းများနှင့် ကိုက်ညီပါက လှုပ်ရှား တိုက်ခိုက်ပါ။ အကျိုးစီးပွား အခွင့်အလမ်းကောင်းများနှင့် မကိုက်ညီပါက ရပ်တန့် စောင့်စားပါ။

www.burmeseclassic.com


"ရန်သူများ အင်အား အလုံးအရင်းနှင့် တောင့်တင်းညီညာစွာ စစ်ချီ တိုက်ခိုက်လာပါမူ၊ အဘယ်သို့ ရင်ဆိုင်ရမည်နည်း" ဟု မေးခွန်းထုတ်လာပါလျှင်-

"ရန်သူတို့ အလေးထား အရေးပေးရာ အချက်အချာနေရာကို ရွေးပြီး တိုက်ခိုက်သိမ်းပိုက်ပါ။ သင့်အလိုအတိုင်း ရန်သူတို့ ဦးနှိမ် လိုက်လျောလာနိုင်ပါလိမ့်မည်" ဟု ဖြေနိုင်၏။

စစ်တိုက်ရာမှာ အရေးကြီးဆုံးအချက်က လျင်မြန်သွက်လက်စွာ လှုပ်ရှားနိုင်ရမည်။ ရန်သူတို့ အဆင်သင့် မဖြစ်သေးသည်ကို အခွင့်ကောင်းယူပါ။ ရန်သူ မမျှော်လင့်သော လမ်းကြောင်းမှ ချီတက်တိုက်ခိုက်ပါ။ ရန်သူတို့ အကာအကွယ် လစ်ဟင်း လစ်ဟနေသော နေရာများကို ရွေးတိုက်ပါ။

ရန်သူ့နယ်မြေတွင်းသို့ ချင်းနင်းဝင် ရောက်တိုက်ခိုက်သောအခါ စစ်ရေးဥပဒေသ ယေဘုယျသဘောအရဆိုလျှင်- ရန်သူ့နယ်

မြေအတွင်းပိုင်းကျကျ ရောက်ရှိလေလေ၊ မိမိ တပ်တစ်ခုလုံးအဖို့ တစ်စုတစ်စည်းတည်း ပို၍ ရှိလာစေလေလေ ဖြစ်မည်။ နယ်မြေခံ ရန်သူ့ တပ်များသည် မိမိတို့အား တိုက်ခိုက်ချေမှုန်း ခြင်းငှာ မစွမ်းနိုင် ရှိမည်ဖြစ်၏။

ရန်သူ့နယ်မြေအတွင်း သယံဇာတ ပေါ ကြွယ်ဝသော နယ်တစ်ခွင်ရှိ ဆန်ရေစပါး ရိက္ခာများကို တိုက်ယူသိမ်းပိုက်ပါ။ သို့အားဖြင့် တပ်တစ်ခုလုံး စားနပ်ရိက္ခာအတွက် ဖူဖူလုံလုံ ဖြည့်စွမ်းနိုင်မည့် အာမခံချက် ရရှိမည် ဖြစ်၏။

တပ်အင်အားကိုလည်း ဂရုတစိုက် စုစည်း အနားပေးပါ။ မလိုအပ်ဘဲ လွန်လွန်ကျူးကျူး မပင်ပန်းပါစေနှင့်။ စိတ်ဓာတ်ရေးရာ ကြံ့ခိုင် အောင်နှင့် တိုက်ရည်ခိုက်ရည်အင်အား ပြည့်ဝ အောင်လည်း ဖြည့်တင်းထားနိုင်ပါစေ။ တပ် များကို ဖြန့်ကျက်ပြီး နည်းပရိယာယ် ဝေဝုစ် ဆင် တိုက်ပါ။ နယ်ခံ ရန်သူတို့အနေနှင့် ကျွန်ုပ် တို့၏ စစ်ရေးလှုပ်ရှားမှုကို ဝေခွဲမှန်းဆ မရနိုင် အောင် ရှိပါစေ။

www.burmeseclassic.com


တပ်ကို ရှေ့တန်းမှာ လွတ်မြောက်စရာ လမ်းမရှိသည့်အခြေသို့ ပို့ထားလျှင်၊ စစ်သည်များသည် သေရသော်လည်း နောက်ဆုတ်အရှုံးပေးကြလိမ့်မည် မဟုတ်ပေ။ ထိုသို့ သေရမှာကိုပင် မကြောက်မရွံ့လေသော်၊ အကြပ်စစ်သည်အားလုံးတို့သည် အစွမ်းကုန် သက်စွန့်ကြိုးပမ်း ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ကြမည်မှာ သေချာလှပေသည်။

စစ်သည်တို့မည်သည်ကား အန္တရာယ်ဘေးကျရောက်ပြီး ပြင်းပြင်းထန်ထန် ရင်ဆိုင်တိုက်ခိုက်ရလေသော်၊ စိုးရိမ်ကြောက်ရွံ့စိတ်လုံးဝကင်းစင်စွာ ရှိတတ်ကြပေသည်။

ပိတ်မိပြီး လွတ်မြောက်လမ်း မတွေ့ရသောအခါ စစ်သည်တို့သည် စိတ်ဓာတ် ပိုမိုကြံ့ခိုင်လာတတ်ကြပေသည်။

ရန်သူ့နယ်အတွင်း နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ရောက်ရှိလေသောအခါ၊ စစ်သည်တို့သည် တကွဲတပြားမဖြစ်အောင် ပိုမို ကျစ်ကျစ်လျစ်လျစ် စည်းစည်းလုံးလုံး ရှိလာတတ်ကြပေသည်။

www.burmeseclassic.com


မလွှဲမရှောင်သာသော အခြေအနေမျိုးတွင် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရသော်၊ စစ်သည်တို့သည် အသေခံပြီး သဲကြီးမဲကြီး စွန့်လွှတ်စွန့်စား တိုက်ခိုက်လာကြလိမ့်မည် ဖြစ်ပေသတည်း။

ယင်းကဲ့သို့သော စစ်သည်များသည် အမိန့်ပေးထိန်းကွပ် ညွှန်ကြားစရာမလိုဘဲ၊ ၎င်းတို့ဘာသာ သတိဝီရိယဖြင့် ကာကွယ်စောင့်ရှောက်လာတတ်ကြပေသည်။

အတင်းအကျပ် စေခိုင်းစရာမလိုဘဲ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တတ်ကြပေသည်။

စေ့ဆော် တိုက်တွန်းစရာ မလိုဘဲ အချင်းချင်း ရင်းနှီးစည်းလုံး လာတတ်ကြပေသည်။

အမိန့်စည်းကမ်းကိုလည်း ပြဋ္ဌာန်းစရာမလိုဘဲ အလိုလို လိုက်နာစောင့်စည်းတတ်ကြလေသည်။

အတိတ်နိမိတ်ကောက်ခြင်းကို တားမြစ်ပါ။ စွဲလန်းအယူသည်းခြင်းနှင့်တကွ စိုးရိမ်

www.burmeseclassic.com



ကြောင့်ကြစိတ်များကိုလည်း ပပျောက်အောင် လုပ်ပါ။ သို့မှသာ စစ်သည်တို့သည် အသက်ပေး အရဲစွန့်တိုက်ရသော်လည်း တွေဝေ ရွံ့ကြောက်ကြလိမ့်မည် မဟုတ်။

ကျွန်ုပ်တို့စစ်သည်များသည် ကိုယ်ပေါ်၌ အပိုအလျှံ ငွေကြေးဥစ္စာများ မထားကြချေ။ ဤကား ငွေကြေးဥစ္စာကို မလိုလား မနှစ်သက်ကြသောကြောင့် မဟုတ်။

ကျွန်ုပ်တို့စစ်သည်များသည် အသက်ကို ပဓာနမထား စွန့်လွှတ်စွန့်စား တိုက်ရဲကြသည်။ ယင်းကား အသက်ရှင်နေထိုင်ရေးကို တန်ဖိုးမထား မနှစ်သက်သောကြောင့် မဟုတ်။

စစ်မိန့်ထုတ်ပြန်သောနေ့တွင် ကျွန်ုပ်တို့စစ်သည်များသည် သက်စွန့်ရဲရဲ တိုက်ရမည်ကို စိတ်လှုပ်ရှားကာ ထိုင်သူက မျက်ရည်တရွဲရွဲ၊ လှဲလျောင်းနေသူတို့က ပါးပြင်ပေါ် မျက်ရည်စမ်းစမ်းနှင့် အားတင်းအားခဲ တွေ့မြင်ကြရမည် ဖြစ်၏။

www.burmeseclassic.com


ဤမည်သောစစ်သည်တို့ကို သက်စွန့်တိုက်ရမည့် အန္တရာယ်ရှိသောနေရာသို့ ချီတက် တိုက်ခိုက်စေသော်လည်း စေလိုရာကို မကြောက်မရွံ့ ရှပ်ရှပ်ချွံချွံ ချီတက် တိုက်ခိုက်မည့် သူရဲကောင်းသတ္တိ အပြည့်ရှိကြသည်ဖြစ်၏။ ယင်းကား တရုပ်ပြည် ရှေးခေတ် ရှေးအခါက ထင်ရှားခဲ့ဖူးသော ကျွမ်းကျူး အမည်ရှိ သူရဲကောင်းနှင့် ချောင်ကွေ့အမည်ရှိ သူရဲကောင်းတို့အလား သူရသတ္တိ ဗျတ္တိနှင့် ပြည့်စုံပါပေသည်ဟု အမှန်တကယ်ပင် ခိုင်းနှိုင်း ချီးကျူးလောက်ပါပေသည်။

စစ်ရေးကျွမ်းကျင်သူတို့ကား စွိုင်လန်း (ခေါ်) မြွေတစ်မျိုးကဲ့သို့ ကျင့်ကြံတတ်ကြသည်။ ယင်းမြွေမျိုးသည် ချန်စန်းတောင်တန်းတစ်ဝိုက် ခိုအောင်းနေထိုင်တတ်၏။

ထိုမြွေ၏ခေါင်းကို ရိုက်သော် အမြီးဖြင့်ပေါက်တတ်၏။ အမြီးကို ရိုက်သော် ခေါင်းနှင့်ပေါက်တတ်၏။ ခါးကို ရိုက်သော် ခေါင်းရော အမြီးပါ ပြိုင်တူ ပေါက်တတ်၏။

www.burmeseclassic.com


ကျွန်ုပ်တို့၏ တပ်အင်အားကို စွိုင်လန်းမြွေမျိုးကဲ့သို့ လှုပ်ရှား တိုက်ခိုက်စေနိုင်ပါမည်လောဟု အမေးရှိသော် ဖြစ်နိုင်ကြောင်း အဖြေ ရနိုင်ပေလိမ့်မည်။

ပမာပြောရလျှင် ဝူပြည်သားနှင့် ယဲ့ပြည်သားများတို့သည် အချင်းချင်း ရန်ငြိုး ရှိလင့်ကစား ၎င်းတို့ အတူတကွ တစ်လှေတည်း စီးကြစဉ် မိုးသက်မုန်တိုင်းကြီးမိလေသော် တစ်စိတ်တစ်ဝမ်းတည်း အတိုင်အဖောက် ညီညီ ဘယ်လက်ညာလက်သို့နှယ် တစ်ဦးကို တစ်ဦး ဖေးမကယ်တင်တတ်ကြသည့် သာဓက ပင် ရှိခဲ့သေးသည် ဖြစ်၏။

သို့ဖြစ်၍လည်း စစ်မြင်းများကို တစ်ကောင်နှင့်တစ်ကောင်ယှဉ်ကာ တုတ်နှောင်တွဲထား၍လည်းကောင်း၊ စစ်ရထားဘီးများကို မြေထဲစိုက်၍ ခိုင်ခံ့အောင် စီတန်း စစ်ခင်း၍လည်းကောင်း၊ ရဲဆေးတင်ပြီး အားနှင့်အင်နှင့် ခုခံတိုက်ခိုက်တော့မည့် ပုံစံဖြင့် စစ်တပ်တစ်ခုလုံး၏ စိတ်ဓာတ်ကို တည်ငြိမ်ကြံ့ခိုင်အောင်

www.burmeseclassic.com


တည်ဆောက်ရယူခြင်းမျိုးမှာလည်း အမှီသဟဲပြု အားထားလောက်သည်ဟု မဆို သာ။

အမှန်အားဖြင့် တပ်အင်အားကို တက်ညီလက်ညီ ရဲစွမ်းသတ္တိပြည့်ဝစွာဖြင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင် စွမ်းဆောင်နိုင်ရမည် ဖြစ်သည်။ ဤကား အုပ်ချုပ်စီမံပညာပေးမှု အကြောင်းတရားပေါ်တွင် တည်မှီနေပေသည်။

အားကောင်းအားသန်သူနှင့် အားနည်းပျော့ညံ့သူတို့ကို နေရာတကျ အသုံးတည့်အောင် စွမ်းဆောင်နိုင်စေရမည် ဖြစ်သည်။ ဤကား မြေပထဝီ အနေအထားအလိုက် လိုက်လျောညီထွေစွာ ခန့်ခွဲ စီမံနေရာချထားတတ်မှု အကြောင်းတရားပေါ် တည်မှီနေပေသည်။

ထို့ကြောင့်လည်း စစ်ရေးအတတ် ကျွမ်းကျင်သူတို့သည် အင်အားအစုအဖွဲ့ အားလုံးကို တစ်ဦးတစ်ယောက်တည်းပမာ တစ်စိတ်တစ်ဝမ်းတည်းရှိအောင် စည်းရုံး ဦးဆောင်

www.burmeseclassic.com


တတ်ကြပေသည်။ ဤသည်မှာလည်း မလွဲ မရှောင်သာသော ပကတိ အခြေအနေက တွန်းဆော်ဖန်တီးပေးလာခြင်း ဖြစ်ပေသည်။

စစ်သူကြီးတို့အနေနှင့် စစ်ရေးစစ်ရာ ဦးစီး ဦးဆောင်ရာမှာ စစ်ပရိယာယ်နည်းဗျူဟာများ ကို တည်ငြိမ်အေးဆေး ပိရိပိုင်နိုင် လျှို့ဝှက်စွာ စီစဉ် ကြံဆတတ်ရမည်။

စစ်တပ်ကိုလည်း စနစ်တကျ ကြပ်ကြပ် မတ်မတ် တရားနှင့်အညီ ကွပ်ကဲအုပ်ချုပ် တတ်ရမည်။

စစ်ရေးဗျူဟာ အစီအမံ လျှို့ဝှက် အကြောင်း အရာများကို အကြပ်တပ်သားတို့ထံ မပေါက် ကြားရအောင် ဖုံးကွယ် လှည့်စားတတ်ရမည်။ လုံးဝ မရိပ်စားမိပါစေနှင့်။

ကျွန်ုပ်တို့၏ စစ်ဆင်ရေး မူလအစီအမံ များ၊ မူလအကြံအစည်များ၊ ရည်မှန်းချက်များ အားလုံးကို ရန်သူတို့ မှန်မှန်ကန်ကန် မှန်းဆ

ထောက်လှမ်းမရအောင် ပြောင်းလဲ ဖြတ်တောက် ပြုပြင်လှည့်စားထားတတ်ရမည်။

ကျွန်ုပ်တို့၏လှုပ်ရှားမှုကို ရန်သူတို့တွေးဆ မှန်းမရအောင် တပ်များ မကြာခဏပြောင်းရွှေ့ စခန်းချထားတတ်ရမည်။ လမ်းကြောင်း လှည့်ပြောင်းခြင်း၊ ကွေ့ကောက်သွားခြင်း စသည့် နည်းပရိယာယ်များဆင်ပြီးချီတက်တတ်ရမည်။

စစ်သူကြီးတို့အနေနှင့် စစ်သည်တပ်ဖွဲ့များကို တာဝန်ပေး ချီတက်တိုက်ခိုက်စေရာမှာ၊ နောက်ဆုတ် ပြန်လမ်းမရှိအောင် လုံးဝဖြတ်တောက်ပစ်တတ်ရမည်။ ဥပမာအားဖြင့် အမြင့်သို့ ရောက်အောင်တက်စေပြီး ထောင်ထားသောလှေခါးကို ဖယ်ရှားပစ်သည့်နှယ် ရှိပါစေ။

စစ်သူကြီးတို့သည် စစ်သည်တပ်ဖွဲ့များကို ရန်သူ့မြို့ပြနိုင်ငံ နယ်မြေအတွင်းပိုင်းသို့ နက်နက်ရှိုင်းရှိုင်း ချင်းနင်း ချီတက်တိုက်ခိုက်စေရာ

www.burmeseclassic.com


မှာ၊ ပစ်လွှတ်လိုက်သောလေးမြားကဲ့သို့ ရှေ့ဦးတည်ရာသို့ တစ်ဟုန်ထိုး လှုပ်ရှား ချီတက်စေရမည်။ အရိုးကြေကြေ အရေခန်းခန်း တိုက်စိတ်ခိုက်စိတ်အပြည့် သန္နိဋ္ဌာန်ချသည့်အနေဖြင့် နောက်ပြန်လမ်းမရှိအောင် လှေများ၊ တက်များ မီးရှို့ပစ်ပါ။ အိုးခွက်ပန်းကန်များ ဖျက်ဆီးစွန့်ပစ်ပါ။ တပ်အင်အားတစ်ခုလုံးကို သိုးအုပ်ကျောင်းသကဲ့သို့ မိမိ စေလိုရာစေနိုင်အောင် ထိန်းကျောင်းနိုင်ရမည်။ အကြင်စစ်သည်တို့အနေနှင့် ဘယ်သို့ဘယ်ဆီ မှန်းမရအောင် ရှိပါစေ။

တပ်အင်အား တစ်ခုလုံး စုစည်းပြီး အန္တရာယ်ကြား ထိုးဖောက်ဝင်ရောက်တိုက်ခိုက်နိုင်အောင် ညွှန်ကြား အမိန့်ပေး စွမ်းဆောင်တတ်ရမည်။ ယင်းတို့သည်ကား စစ်သူကြီးတို့ စွမ်းဆောင်အပ်သော လုပ်ငန်းတာဝန်များ ဖြစ်ပေသတည်း။

မြေပြင်အနေအထား ၉ မျိုးဟူ၍ ခြုံငုံ ခေါ်တွင်သည့် အမျိုးမျိုးသော ဗျူဟာပရိယာယ် စစ်ဆင်ပြောင်းလဲပုံပြောင်းလဲနည်းများ အသုံး

www.burmeseclassic.com


ချခြင်းကိုလည်းကောင်း၊ ထိုးစစ် ခွာစစ် တိုက်စစ် ခံစစ် လှုပ်ရှား စစ်ကစားမှု အကျိုးအပြစ်များကိုလည်းကောင်း၊ တပ်တွင်း ထက်အောက် အကြပ်စစ်သည်များ၏ စိတ်ဓာတ်ရေးရာ အခြေအနေများကိုလည်းကောင်း စသည်တို့ကို စစ်သူကြီးတာဝန်များ ထမ်းဆောင်ကြသူတို့အနေနှင့် မဖြစ်မနေ အသေအချာ သုံးသပ်စေ့စပ်လေ့လာ တတ်သိထားကြရမည် ဖြစ်ပေသည်။

ရန်သူ့တိုင်းပြည်အတွင်းသို့ ချင်းနင်းဝင်ရောက် တိုက်ခိုက်ရာမှာ စိတ်ဓာတ်ရေးရာသဘောအရဆိုလျှင်၊ မိမိတို့ စစ်သည်တပ်ဖွဲ့ကြီးသည် ရန်သူ့ပိုင်နက်အတွင်းသို့ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်မိလေလေ၊ စစ်သည်အချင်းချင်း စိတ်ဓာတ် စည်းလုံးကျစ်လျစ်မှု ပိုမိုရှိလေလေ ဖြစ်၏။ ရန်သူ့ပိုင်နက် အစပ်လောက်သာ ရောက်နေမူ စစ်သည်များ စိတ်ပျံ့လွင့်လျော့ရဲနိုင်မှုကြောင့် စိတ်ဓာတ်ရေးရာမှာ ပြန့်ကျဲသဏ္ဍာန် ရှိတတ်သည် ဖြစ်၏။

www.burmeseclassic.com


မိမိ တိုင်းပြည်နယ်စပ် ဖြတ်ကျော်ပြီး တစ်ပါးသော တိုင်းပြည်အတွင်းသို့ ချင်းနင်း ဝင်ရောက် စစ်ဆင်တိုက်ခိုက်ရာအရပ်ကို အန္တရာယ်ကိန်းဆိုက်အရပ်ဟု မည်တွင်နိုင်၏။

ပြည်ထောင်များ နယ်ခြားချင်း ဆက်စပ်ပြီး အရပ်ရပ်သို့ ပေါက်ရောက်သွားလာနိုင်သော မြေအနေအထားသည် နယ်ခြားဆုံစည်းမြေ ဟူ၏။

ရန်သူ့နယ်မြေ အတွင်းပိုင်းကျကျသို့ ရောက်ရှိ ရပ်တည်နေရသော မြေအနေအထားသည် ရန်သူ့အန္တရာယ်ပိုင်းရောက် မြေဟူ၏။

တစ်ပါးသောပြည်၏ ပိုင်နက်အစပ်လောက်သာ ဝင်ရောက်တိုက်ခိုက်နေပါမူ စစ်ဦးကျွံစ မြေအနေအထားပေတည်း။

မိမိတပ်အင်အား၏ နောက်ကျောပိုင်းမှာ ရန်သူ့အင်အား အလုံးအရင်း အခိုင်အမာ ရှိ

www.burmeseclassic.com


နှင့်ပြီး၊ ရှေ့ချီတက်ရာ လမ်းကြောင်းမှာလည်း ကျဉ်းမြောင်း အခက်အခဲများနှင့် ရင်ဆိုင်နေရသော် ညှပ်ပူးညှပ်ပိတ်ခံ မြေအနေအထားသို့ ဆိုက်နေပြီ မှတ်။

ထွက်ပေါက်ပြေးပေါက် လမ်းစမရှိချောင် ပိတ်မိနေလျှင် မရဏမြေ အခြေဆိုက်ပြီ မှတ်။

ထို့ကြောင့် ပြန့်ကျဲတပ်ပြေးလွယ် မြေအနေအထားတွင် စစ်သည်တော်တို့ကို စိတ်ဓာတ် ပျံ့လွင့်လျော့ရဲမှု မရှိအောင် တက်ညီလက်ညီ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်အောင် စည်းရုံးစေ့ဆော်ပေးရမည်။

စစ်ဦးကျုံ့စ မြေအနေအထားတွင် တပ်မတစ်ခုလုံး အပြန်အလှန် အဆက်အစပ်မိမိရှိအောင် လုပ်ရမည်။

အပြိုင်လု မြေအနေအထားမှာမူ ရန်သူ့တပ်ကိုကျော်ပြီး မိမိက လက်ဦးမှုရှိရှိ အရောက် သိမ်းပိုက်နိုင်အောင် လုပ်ရမည်။

www.burmeseclassic.com



လွတ်လပ်စွာ ကူးလူးသွားလာနိုင်သော မြေနေအထားတွင် ရန်သူကို သတိဝိရိယရှိရှိ တင်းတင်းကျပ်ကျပ် စောင့်ကြပ် ကာကွယ်နိုင်ရမည်။

နယ်ခြားဆုံစည်းမြေ အနေအထားတွင် တိုင်းပြည်အသီးသီးနှင့် ရင်းနှီးမှု ခိုင်မာအောင် မဟာမိတ် ဖွဲ့နိုင်ရမည်။

ရန်သူ့အန္တရာယ်ပိုင်းသို့ ရောက်ရှိနေသော မြေအနေအထားတွင်မူ မိမိ၏ တပ်တွင်း စားနပ်ရိက္ခာ မပြတ်အောင် ဖြည့်ဆည်းပေးနိုင်ရမည်။

ကန္တာရနယ်မြေရောက်မူ တပ်တစ်ခုလုံး မနားတမ်း အလျင်အမြန် ဖြတ်ကျော် ချီတက်နိုင်အောင် လုပ်ဆောင်နိုင်ရမည်။

အဝိုင်းခံရ ညှပ်ပူးညှပ်ပိတ်ခံရနိုင်သော မြေအနေအထား ကျရောက်မူ၊ ရန်သူကတမင်တကာ ဖွင့်ဟပေးထားသော ပြေးပေါက်ကို တားဆီးပိတ်ဆို့ပစ်ပြီး တိုက်ပါ။

www.burmeseclassic.com


မရဏာမြေထဲ ရောက်မှ၊ ကျွန်ုပ်တို့၏ စစ်သည်တို့ကို ရဲရင့်စွန့်စား သန္နိဋ္ဌာန်ခိုင်ခိုင် ချစေပြီး အသေခံ အသက်စွန့်တိုက်ရန် လှုံ့ဆော်ရမည်။

ထို့ကြောင့် စစ်ရေးစစ်ရာ သဘောသဘာဝကား- စစ်သည်တို့သည် ဝိုင်းခံမိလျှင် အပြင်းအထန် ခုခံကာကွယ်တတ်ကြသည်။ အခြေအနေအရ မလွှဲသာ မရှောင်သာ အန္တရာယ် ဆိုက်ရောက်လာမှ စွန့်လွှတ် စွန့်စား တိုက်ရဲကြသည်။ ဘေးအန္တရာယ်တွင်း ကျရောက်နေပါမှ၊ အမိန့်ကို တိကျစွာ လိုက်နာတတ်ကြသည် ဖြစ်၏။

မြို့ပြပြည်ထောင်ဘုရင်မင်းများ၏ အကြံအစည် ရည်ရွယ်ချက်များကို ကောင်းစွာ မသိရှိဘဲ၊ မဟာမိတ်ဖွဲ့ခြင်းငှာ မသင့်လျော်ပေ။

တောတောင်စိမ့်စမ်း မြိုင်ဂနိုင်များ၊ မတ်စောက် ချောက်ကမ်းပါးများ၊ အန္တရာယ်အတားအဆီးများ၊ အင်းအိုင်ရွှံ့နွံ၊ ဗျိုက်တောမြက်တောများစသည့် မြေအနေအထားတို့ကို

www.burmeseclassic.com


ကောင်းစွာမသိကျွမ်းလျှင် တပ်ကို ဦးစီး ဦးဆောင် စစ်ချီခြင်းငှာ မပြုအပ်ပေ။

နယ်မြေခံလမ်းပြများကို အသုံးမချနိုင်လျှင် ၎င်းနယ်မြေသဘာဝ မြေအနေအထား အခွင့်အလမ်းကောင်းများကို ရရှိ အသုံးချနိုင်လိမ့်မည် မဟုတ်ချေ။

မြေပထဝီအနေအထား ၉ မျိုးအနက် တစ်မျိုးတစ်မည်ကို မသိမကျွမ်းလျှင်ပင် ပြည်ထောင်မင်းအပေါင်းတို့ကို အောင်နိုင်သော ဘုရင်ကေရာဇ်တို့၏ အောင်တပ်မတော် ဟူ၍ မဆိုနိုင်ပေ။

ဘုရင်ကေရာဇ်တို့၏ အောင်တပ်မတော်မှန်လျှင်- ရန်သူနိုင်ငံကြီးတွေကို ချင်းနင်းတိုက်ခိုက်ရာမှာ ၎င်းနိုင်ငံရှိ တပ်နှင့် ပြည်သူ့အင်အားကို တကွဲတပြားစီ ဖြစ်အောင်၊ အချိန်မီ စုစည်းလှုပ်ရှား ရင်ဆိုင်မရအောင် တိုက်ခိုက်နိုင်စွမ်း ရှိပေသည်။

www.burmeseclassic.com


ရန်သူ့အပေါ် အင်အားသြဇာ အရှိန်အဝါ ကောင်းကောင်းပြနိုင်ခြင်းဖြင့်လည်း ရန်သူ့မဟာမိတ်များကို အချင်းချင်း အားပေးကူညီ ပူးပေါင်းခြင်းငှာ မဝံ့အောင် ခြောက်လှန့်ဟန့်တားနိုင်ပေ၏။

ထို့ကြောင့်လည်း သူတစ်ပါးနိုင်ငံများနှင့် ယှဉ်ပြီး သံရေးတမန်ရေး အလုအယက် မဆက်ဆံ၊ သူတစ်ပါးနိုင်ငံတွင်းမှာ မိမိသြဇာခံ အင်အားမမွေး၊ မိမိတို့၏ ကိုယ်ပိုင်စစ်ရေး ဗျူဟာ အကြံအစည်အတိုင်း အကောင်အထည် ဖော်ဆောင်နိုင်ပြီး၊ ရန်သူ့အပေါ် သြဇာအရှိန်အဝါ ကောင်းကောင်းပြနိုင်ခြင်းဖြင့် ရန်သူ့မြို့ပြများကို သိမ်းပိုက်ရယူနိုင်စွမ်းပေသည်။ ရန်သူ့နိုင်ငံကိုလည်း ပျက်သုဉ်းအောင် ဖြိုခွင်းနိုင်စွမ်း သည်ဟု ဆိုရပေမည်။

တိုက်ပွဲဝင်ရာတွင် အစဉ်အလာထုံးစံအရ ချီးမြှောက်ခြင်းထက် လိုအပ်သလို လွန်လွန်

www.burmeseclassic.com


ကဲကဲ စည်းလွတ်ဘောင်လွတ် ချီးမြှောက်တတ်ပါစေ။ ဥပဒေပြဋ္ဌာန်းချက်တွင် မပါသော စည်းကျော်ဘောင်ကျော် အထူးအမိန့်များကို လိုအပ်သလို ထုတ်ပြန်တတ်ပါစေ။ တပ်မတော်တစ်ခုလုံးကို တစ်ဦးတစ်ယောက်တည်းပမာ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်အောင် စုစည်းကွပ်ကဲ ဦးစီးဦးဆောင်နိုင်ပါစေ။

တပ်ဖွဲ့ဝင်များကို စစ်ရေးအရ အမိန့်တာဝန် ချမှတ်ပေးပါ။ ၎င်း၏ လျှို့ဝှက်ရည်ရွယ်ချက် အစီအမံများကို မပြောပြဘဲ ထိမ်ချန်ထားတတ်ပါစေ။

တပ်ဖွဲ့ဝင်များကို အမိန့်တာဝန်ပေးရာမှာ အခြေအနေ အခွင့်ကောင်းကို သိသာ မြင်သာပါစေ၊ အန္တရာယ် အကြောင်းရင်းခံ ရှိသည်တို့ကို မဖွင့်ဟပါနှင့်။

တပ်ကို ဘေးအန္တရာယ်အတွင်း ချင်းနင်းစေခြင်းမှ စွန့်စားရှင်သန် ရပ်တည်နိုင်အောင် ဖန်တီးနိုင်ရာ၏။

တပ်ကို မရဏစက်ကွင်းထဲ ကျရောက်စေခြင်းမှ ရှုန်းကန် ပြန်လည်အသက်ရှင်နိုင်အောင် ဖန်တီးနိုင်ရာ၏။

အဘယ်ကြောင့်ဆိုသော် တပ်မတော်သား စစ်သည်များသည် ဘေးဒုက္ခအန္တရာယ်ရင်ဆိုင် ကျရောက်လာသောအခါမှသာလျှင် စစ်အောင်နိုင်ရေး ရှုံးရေးအပေါ် ဦးတည်ပြီး ရှုန်းကန် စွန့်စား ပြင်းပြင်းထန်ထန် တိုက်ခိုက်လာတတ်ကြသောကြောင့်တည်း။

ထို့ကြောင့် စစ်ရေးစစ်ရာနှင့်ပတ်သက်၍ ဦးစီးဦးဆောင်ခြင်းဆိုရာမှာ - ရန်သူတို့၏ စစ်ရေးဗျူဟာအကြံအစည်များကို ဂရုတစိုက်ဆင်ခြင်သုံးသပ်လေ့လာ၍ လိုက်လျောညီထွေ စစ်ငင်လှုပ်ရှားခြင်း၊ ထို့အတူ မိမိ၏ တပ်အင်အားကို စုစည်းကာ ရန်သူ့အပေါ် တိုက်စစ်ဦးတည်ချက် တစ်ထောင့်တစ်နေရာ အသေအချာ ချမှတ်တိုက်ခိုက်ခြင်း၊ မိုင်ပေါင်း ရာထောင်ချီသော ခရီးတစ်လျှောက် ချီတက် စီးနင်းတိုက်ခိုက်၍ ရန်သူ့တပ်မှူးတပ်သားများကို

www.burmeseclassic.com


ချေမှုန်းသုတ်သင် အနိုင်ယူခြင်း စသည်တို့ ဖြစ်ပေသည်။

ဤသည်ကား စစ်ရေးစစ်ရာကို လိမ္မာပါးနပ်စွာ အသုံးချပြီး ရန်သူအား ချေမှုန်းသုတ်သင်ရေးကို အကောင်အထည်ဖော်ခြင်းဟု ဆိုရပေမည်။

စစ်ကြေညာချိန်မှစ၍ နယ်စပ်အသွားအလာ ဂိတ်အားလုံးကို ပိတ်ပစ်ပါ။ ဖြတ်သန်းခွင့် အထောက်အထားအားလုံးကို ဖျက်သိမ်းပါ။ ရန်ဘက်နိုင်ငံများနှင့် သံရေး တမန်ရေးဆက်ဆံဖြတ်သန်းသွားလာခွင့် အားလုံးကို ဖြတ်တောက်ပစ်ပါ။ မိမိတို့အနေနှင့် မိမိတို့၏ ဘူမိအောင်မြေမှာ လှုံ့ဆော် စုဝေး တိုင်တည်သန္နိဋ္ဌာန်ချကြသည်နှင့်အတူ အပြန်ပြန်အလှန်လှန် လျှို့ဝှက်ညှိနှိုင်း တိုင်ပင်ပါ။ ရန်သူတို့ကို ချေမှုန်းတိုက်ဖျက်ရေး အစီအမံများ၊ နည်းဗျူဟာများ ချမှတ် ဆောင်ရွက်ပါ။

ရန်သူတို့၏ ဟာကွက်၊ အားနည်းချက်၊ ချို့ယွင်းချက် ထွက်ပေါ်လာလျှင်လာချင်း အလျင်

www.burmeseclassic.com


အမြန် ဦးတည်တိုက်ခိုက်ပါ။ ရန်သူတို့ အရေးထားသော ဗျူဟာမြောက်သည့် ချက်ကောင်းကို လက်ဦး ရယူ တိုက်ခိုက်သိမ်းပိုက်ပါ။ ရန်သူတို့နှင့် ရန်ဆိုင်တိုက်ခိုက်ရန် ပေ့ါပေ့ါတန်တန် အချိန်းအချက် မပြုဘဲ လျှို့ဝှက် လှည့်စားတတ်ပါစေ။

ရန်သူတို့၏ လှုပ်ရှားပြောင်းလဲမှုပေါ် မူတည်၍ မီးစင်ကြည့်ကပြီး မိမိတို့၏ စစ်ရေးတိုက်ခိုက်မှု စီမံချက်များ ချမှတ် အကောင်အထည်ဖော်ရမည်။

စစ်ပွဲအဦးအစမှာ ရန်သူတို့ သတိလျော့ရဲအောင် ဟာကွက်များ ပေါ်လာလေအောင် မိမိတို့၏ အင်အားကို လျှို့ထားပြီး ပရိယာယ်ဝေဝုစ်သုံးကာ ကညာပျိုကဲ့သို့ အားနွဲ့ဟန်ဆောင် စစ်ငင်ပါ။

စစ်ပွဲဆင်နွှဲနေချိန်မှာမူ ရန်သူတို့အား ကာကွယ်ခုခံချိန်ပင် မရအောင် ယုန်ကဲ့သို့ လျင်မြန်ခြင်းဖြင့် အငိုက်ဖမ်း ထိုးစစ်ဆင် တိုက်ခိုက်ပါ။

☆

www.burmeseclassic.com



မီးရှို့စစ်ဆင်တိုက်ခိုက်ရာမှာ အခြေအနေ
အကြောင်းအရင်းခံ ညီညွတ်ရမည်။

## အခန်း (၁၂)

# မီးရှို့တိုက်ခိုက်ခြင်း

ဆွန်ဇုက ဤသို့ မိန့်ဆိုထား၏-

မီးရှို့စစ်ဆင်တိုက်ခိုက်နည်း ၅ မျိုး ရှိ၏။ ၎င်းမီး ၅ မျိုးတို့မှာ-

၁။ လူကို ရှို့သောမီး

(ရန်သူ့စစ်သည် တဲစခန်းတို့ကို မီးရှို့ခြင်း)

၂။ ရိက္ခာစုကို ရှို့သောမီး

(ရန်သူ့ရိက္ခာရေစာ အစုအဆောင်းများကို မီးရှို့ခြင်း)

www.burmeseclassic.com


၃။ ဝန်စည်လှည်းကို ရှို့သောမီး

(ရန်သူ့ပစ္စည်း ခဲယမ်းပါ လှည်းယာဉ်များကို မီးရှို့ခြင်း)

၄။ သိုလှောင်တိုက်ကို ရှို့သောမီး

(ရန်သူ့ဂိုဒေါင်၊ လက်နက်တိုက်တို့ကို မီးရှို့ခြင်း)

၅။ ထောက်ပို့လမ်းကြောင်းကို ရှို့သောမီး

(ရန်သူထောက်ပို့လမ်းကြောင်းကို ဖြတ်တောက် မီးရှို့ခြင်း) တို့ ဖြစ်ကြပေသည်။

မီးရှို့ စစ်ဆင်တိုက်ခိုက်ရာမှာ အခြေအနေ အကြောင်းရင်းခံ ညီညွတ်ရမည်။ လောင်စာများနှင့် မီးရှို့ရန်သုံးသော တန်ဆာပလာပစ္စည်းများကို အခါမလင့် အဆင်သင့် ပြည့်စုံစွာ ပြင်ဆင်စုဆောင်းထားရှိရမည်။

မီးရှို့တိုက်ခိုက်မည့် ဥတုရာသီ အခါအခွင့်ကောင်းကို သိရမည်။ မီးရှို့မည့် နေ့ရက် အခါသင့်လျော်စွာ ရွေးချယ်တတ်ရမည်။

www.burmeseclassic.com


ဥတုရာသီ အခါအခွင့်ကောင်း ဆိုသည်မှာ ရာသီဥတု ခြောက်သွေ့နေချိန်ကို ဆိုလိုသည်။ နေ့ရက် အချိတ်အခါကောင်း ဆိုသည်မှာ ချိုပိ၊ ရီ၊ ကျင့် စသည့် တရုတ်အမည် နက္ခတ်တို့နှင့်ယှဉ်၍ လမင်းကြီး ဖြတ်သန်းလှည့်ပတ်ရာ နေ့ရက်တို့ကို ဆိုလိုပြီး လေပြင်းထသောရက်များဟု မှတ်ယူပါလေ။

မီးရှို့တိုက်ခိုက်ရာမှာ ၎င်းမီး ၅ မျိုးတို့ဖြင့် အသီးသီး မီးရှို့တိုက်ခိုက်ခြင်းမှ ပေါ်ပေါက်လာသော မတူညီသည့် အပြောင်းအလဲ အခြေအနေပေါ် မူတည်ပြီး လိုက်လျောညီထွေစွာဖြင့် တပ်အင်အားကို စီမံကိုင်တွယ် ပါဝင်လှုပ်ရှားစေရမည် ဖြစ်သည်။

ရန်သူ့တပ်စခန်း အတွင်းပိုင်းကနေ မီးရှို့ပါက မိမိတို့တပ်သည် ရန်သူ့စခန်းအပြင်က နေတိုက်ခိုက်ရန် အချိတ်အဆက်မိမိ ကြိုတင်ရောက်နှင့်နေရမည်။

ရန်သူ့တပ်စခန်းအတွင်း မီးစွဲလောင်နေပြီး၊ ရန်သူတို့ ငြိမ်ငြိမ်သက်သက်ပင် ရှိချေသော်

www.burmeseclassic.com


စောင့်ကြည့်ပါ။ မတိုက်ပါနှင့်ဦး။ စခန်းတွင် မီးလျှံများ အရှိန်ပြင်းပြင်း တောက်လောင်လာပြီး ဝင်တိုက်ရန် အခွင့်သာပါမှ ဝင်တိုက်ပါ။ သို့မဟုတ်ပါက ဝင်မတိုက်ပါနှင့်။

ရန်သူ့တပ်စခန်းကို အပြင်ကနေလည်း မီးရှို့တိုက်နိုင်သည်။ ရန်သူ့အတွင်းရှိ အချိတ်အဆက်ကို စောင့်ဆိုင်းနေစရာမလိုဘဲ အချိန်အခါ အခွင့်ကောင်းယူ ချိန်ကိုက်မီးရှို့ တိုက်ခိုက်နိုင်သည်။

လေညာကနေ မီးရှို့ပါ။ လေကြေကနေ မတိုက်ပါနှင့်။

နေ့အခါ လေကြာကြာတိုက်လျှင် ညအခါ လေငြိမ်တတ်သည်။

တပ်ကို ဦးစီးသူတိုင်းသည် ၎င်း မီး ၅ မျိုးတို့ဖြင့် အမျိုးမျိုး ပြောင်းလဲ မီးရှို့တိုက်ခိုက်နည်း ဥပဒေသများကို ကောင်းစွာ တတ်သိကြရမည်။

အခါအားလျော်စွာ မီးရှို့တိုက်ခိုက်ခြင်းများ ပြုလုပ်ရန် အခြေအနေ ငံ့လင့်နေသည်

www.burmeseclassic.com


နှင့် တစ်ချိန်တည်းမှာ မိမိတပ်ကိုလည်း မီးရှို့ တိုက်ခိုက်မခံရအောင် သတိချပ် ကြိုတင်ကာ ကွယ်တတ်ရမည် ဖြစ်သည်။

မီးကို အကူလက်နက်အဖြစ် အသုံးပြု တိုက်ခိုက်ခြင်းသည် အကျိုးသက်ရောက်မှု ထင်ရှားစေ၏။ ရေကို အကူလက်နက်အဖြစ် အသုံးချတိုက်ခိုက်ခြင်းသည် တပ်ကို ပိုမို အားပြည့်အားကောင်းစေသည့် သဘောရှိ၏။ ရေသည် ရန်သူ့တပ်ကို ပိုင်းခြားကွဲပြားစေနိုင်သော်လည်း ရန်သူ့ ရိက္ခာလက်နက်ပစ္စည်းများကို ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ချေ။

အောင်ပွဲရခြင်း၊ မြို့ပြသိမ်းပိုက်နိုင်ခြင်း စသည်တို့အတွက် စစ်သည်များကို အခါအားလျော်စွာ စွမ်းဆောင်ရည်အလိုက် ဆုလာဘ်ရာထူးဂုဏ်ထူးများ ချီးမြှောက်ခြင်းမရှိပါမူ မလိုအပ်သော ဆိုးကျိုးဆိုးပြစ်များ ဖြစ်ပေါ်စေနိုင်၏။ တစ်နည်းဆိုရသော် စေးနှဲသောကြောင့် စစ်ရေးတုံ့ဆိုင်း အကျိုးယုတ်စေခြင်းဟူ၍လည်း ဆိုနိုင်၏။

www.burmeseclassic.com



ထို့ကြောင့် အထက်ပါ အရေးကိစ္စနှင့်ပတ်သက်၍ အမြော်အမြင်ကြီးမားသော ဘုရင်မင်းမြတ်တို့အနေနှင့် ဂရုတစိုက် အလေးထားထည့်သွင်းစဉ်းစားဆင်ခြင်တတ်ရမည်။

စစ်သူကြီးကောင်း ဆိုသူတို့သည်လည်း တည်ကြည်လေးနက်စွာ သုံးသပ်၍ မှန်မှန်ကန်ကန် ကိုင်တွယ်ဆောင်ရွက်တတ်ရမည်ဖြစ်သည်။

တပ်အင်အားတစ်ခုလုံးကို အကျိုးမရှိလျှင် မလှုပ်ရှားပါနှင့်။ အောင်ပွဲမသေချာလျှင် မသုံးပါနှင့်။ အရေးမကြုံသေးလျှင် မတိုက်ပါနှင့်။

*[တစ်နည်း ပြန်ဆို*

*တပ်အင်အားကို အကျိုးရှိမှ လှုပ်ရှား၊ အောင်ပွဲရနိုင်မှ သုံး၊ အန္တရာယ် အရေးကြုံမှ တိုက်ပါ။]*

နိုင်ငံအကြီးအကဲတို့သည် အမျက်ဒေါသ ရှေ့ထားပြီး အမိန့်ပေး စစ်ချီစစ်တိုက် စစ်ကြေညာစေခြင်းငှာ မပြုအပ်။

www.burmeseclassic.com



စစ်သူကြီးတို့သည် မုန်းမာန်ပွား၍ စစ်ထိုး စစ်ဆင်ခြင်းငှာ မပြုအပ်။

တပ်အင်အားကို မိမိတို့အတွက် အကျိုးစီးပွားနှင့် ကိုက်ညီလျှင် လှုပ်ရှားပါ၊ သုံးပါ။ အကျိုးစီးပွားနှင့် ကိုက်ညီမှု မရှိလျှင် ရပ်တန့်ပါ။ မသုံးပါနှင့်။

အမျက်ဒေါသထွက်ခြင်းကို တစ်ဖန် ရင်းနှီးပျော်ရွှင်ခြင်းအဖြစ် ပြောင်းလဲ၍ ရနိုင်၏။

မုန်းမာန်ပွားခြင်းကို တစ်ဖန် နှစ်သက်ကြည်ဖြူခြင်းအဖြစ် ပြောင်းလဲ၍ ရနိုင်၏။

သို့သော် တိုင်းပြည်ပျက်သုဉ်းကျဆုံးလျှင်ကား တစ်ဖန်ပြန်လည်ထူထောင်ခြင်းငှာ မရနိုင်။ သေသောသူသည် တစ်ဖန် ပြန်လည် ရှင်သန်လာခြင်းငှာ မဖြစ်နိုင်သကဲ့သို့တည်း။

ထို့ကြောင့် ဤသည်တို့ကို အကြောင်းပြု၍ အမြော်အမြင်ရှိသော ဘုရင်မင်းမြတ်တို့သည် အလေးဂရုပြုပြီး ဆင်ခြင်တုံတရား

www.burmeseclassic.com


အစဉ် ရင်ဝယ်ပိုက်ထားကြရမည်။ စစ်သူကြီးကောင်းတို့သည်လည်း သတိသမ္ပဇဉ်တရားအစဉ် လက်ကိုင်ထားရှိကြရမည် ဖြစ်သည်။

ဤသည်ကား တိုင်းပြည် အေးချမ်းသာယာရေးနှင့် တပ်အင်အားတစ်ခုလုံး ရှင်သန်ထက်မြက်ရေးအတွက် အရင်းခံကျသည့် အကြောင်းတရားတည်း။

☆

www.burmeseclassic.com



လျှို့ဝှက်ထောက်လှမ်းရေးသူလျှို ၅ မျိုး စလုံးကို ပြိုင်တူအသုံးချလေသော် ရန်သူတို့အနေနှင့် ကျွန်ုပ်တို့၏ သူလျှိုလုပ်ငန်းအခြေအနေကို ရိပ်စားမှန်းဆ၍ မရအောင်ရှိချေမည်။

www.burmeseclassic.com

# အခန်း (၁၃)

## သူလျှိုများ အသုံးချခြင်း

ဆွန်ဇုက ဤသို့ မိန့်ဆို၏-

စစ်အင်အား သိန်းချီပြီး မိုင်ပေါင်း ရာထောင်ဝေးလံသည့် ခရီး၌ ချီတက်တိုက်ခိုက်ရလေသော် ပြည်သူပြည်သားတို့ ကျခံရသည့် စရိတ်၊ အစိုးရဌာနဆိုင်ရာ ထမ်းပိုးရသည့် စရိတ်များ အားလုံးပေါင်းရုံး တွက်လိုက်လျှင် နေ့စဉ် ကုန်ကျစရိတ်တန်ဖိုး ရွှေစင် အသပြာ ထောင်ချီ ရှိပေလိမ့်မည်။

ဤ၌တွင် ရှေ့တန်းရော နောက်တန်းပါ မငြိမ်သက် မအေးချမ်းနိုင်ဘဲ ရှိပေလိမ့်မည်။ တပ်အတွက် တာဝန်ကျေျထမ်းရသော အိမ်ထောင်စုအရပ်သားများမှာလည်း စစ်ကြောင်းလမ်းခရီးတစ်လျှောက် ကူသယ် ခေါက်သယ် ထောက်ပို့နေရသော ဒဏ်ကြောင့် ညှိုးနွမ်းလဲယိုင် အားအင်ကုန်ခမ်း ရှိကြရချေတော့မည်။ အလုပ်ပျက် အကိုင်ပျက် ဖြစ်ကြရသော အိမ်ထောင်စုဦးရေမှာလည်း စစ်သည်သိန်းချီ အချိုးအစားအရ ခုနှစ်သိန်းခန့် ရှိနိုင်ချေမည်။

ဤသို့ဖြင့် တစ်ဖက်ရန်သူကို တစ်နေ့နေ့မှာ ယတိပြတ် အောင်ပွဲခံနိုင်ရေးအတွက် အနှစ်နှစ်အလလ ထိပ်တိုက်ရင်ဆိုင် စစ်ခင်းကြရလေသည်။

ဤ၌တွင် ထောက်လှမ်းရေးသူလျှိုတို့ကို အသုံးပြု၍ ရာထူးဂုဏ်ထူး၊ ငွေကြေးဥစ္စာတို့ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်မြှောက်စားခြင်းဟာ စေးနှဲတွန့်တိုပြီး ရန်သူ့အခြေအနေကို တီး

www.burmeseclassic.com


ခေါက်စုံစမ်းနိုင်ခြင်းမရှိဘဲ ရှုံးနိမ့်ရသော အတွေ့ဆန်လှသည့် စစ်ဦးစီးသည်ကား အကြင်နာအသိတရား ခေါင်းပါးလွန်းသော ပုဂ္ဂိုလ်ဟု ဆိုနိုင်၏။ ယင်းပုဂ္ဂိုလ်မျိုးသည် တပ်အများကို ဦးဆောင်ရသော စစ်သူကြီးအရာ မထိုက်ပေ။ အကြီးအကဲ ခေါင်းဆောင်တို့၏ လက်ရုံးတော်ကြီး မဖြစ်နိုင်။ အောင်ပွဲကို ရယူပေးနိုင်မည့် အရှင်သခင်လည်း မဟုတ်နိုင်ပေ။

အမြော်အမြင်ရှိသော ဘုရင်မင်းမြတ်နှင့် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော စစ်သူကြီးများသည် စွမ်းရည်တို့နှင့်အညီ စစ်ချီ စစ်ခင်းသည်နှင့် တစ်ပြိုင်နက်တည်း အောင်ပွဲများ ရယူနိုင်ခြင်းသည်လည်းကောင်း၊ သာမန်လူအများထက် သာလွန်၍ အောင်မြင်မှု ထူးထူးကဲကဲ ရရှိနိုင်ခြင်းသည်လည်းကောင်း၊ အကြောင်းရင်းခံတို့သည်ကား ရန်သူ့အခြေအနေကို ကြိုတင်သိရှိနိုင်ခြင်းကြောင့် ဖြစ်ပေသည်။

ကြိုတင်သိရှိထားမှုမျိုးသည် သရဲ သဘက် နတ်ဝိဇ္ဇာတို့ကို အားကိုးရယူခြင်းမျိုး မဟုတ်ရာ၊

www.burmeseclassic.com



အတွေ့အကြုံအရ ကျိုးကြောင်း ချင့်ချိန်၍ ရယူ ခြင်းမျိုး မဟုတ်ရာ၊ နက္ခတ်ဗြိဟ်ခွင်အရ အခြေ အနေ ခန့်မှန်း တွက်ချက် ရယူခြင်းမျိုးလည်း မဟုတ်ရာ။ လူကိုသာ အားကိုး ရယူရာ၏။ ယင်းကား ရန်သူ့အခြေအနေကို သိကျွမ်း သော လူကိုသာ အားကိုးရယူရမည် ဟူ၏။

အသုံးပြုလေ့ရှိသော ထောက်လှမ်းရေး သူလျှို အမျိုးအစား ၅ မျိုး ရှိ၏။ ယင်းတို့ကား

၁။ ဒေသခံသူလျှို

၂။ အတွင်းသူလျှို

၃။ ဘက်ပြောင်းသူလျှို

၄။ အသေခံသူလျှို

၅။ သာမန်သူလျှို

တို့ ဖြစ်ကြ၏။

လျှို့ဝှက်ထောက်လှမ်းရေး သူလျှို ၅ မျိုး စလုံးကို ပြိုင်တူ အသုံးချလေသော် ရန်သူတို့ အနေနှင့် ကျွန်ုပ်တို့၏ သူလျှိုလုပ်ငန်း အခြေ

www.burmeseclassic.com


အနေကို ရိပ်စားမှန်းဆ၍ မရအောင် ရှိချေမည်။ ဤနည်းကို ဆန်းပြားအံ့ဖွယ် နက်နဲ သော ဝရဇိန်လက်နက်ဟု ဆိုရပေမည်။ နိုင်ငံ အကြီးအကဲတို့အတွက် ရန်သူကို အနိုင်ယူရာ၌ အစွမ်းထက် တန်ဖိုးရှိလှသော လက်နက် ရတနာတစ်ပါး ဖြစ်ပေ၏။

ဒေသခံသူလျှို ဆိုသည်မှာ ရန်သူ့နယ်မြေ အတွင်းရှိ အရပ်သားများကို သူလျှိုအဖြစ် အသုံးချခြင်း ဖြစ်၏။

အတွင်းသူလျှိုဆိုသည်မှာ ရန်သူ့အစိုးရ ဝန်ထမ်းများကို သူလျှိုအဖြစ် အသုံးချခြင်း မည်၏။

ဘက်ပြောင်းသူလျှို ဆိုသည်မှာ ရန်သူ့ သူလျှိုများကို မိမိတို့အတွက် အသုံးချခြင်းမျိုး ဖြစ်၏။

အသေခံသူလျှိုဟု ဆိုရာမှာ ဖန်တီးထား သော မမှန်သတင်းအချက်အလက်များကို မိမိတို့ သူလျှိုအား ပေးအပ်၍ ရန်သူ့ထံသို့

www.burmeseclassic.com



သတင်းပေးပို့စေပြီး အလိမ်အညာမိအောင် လှည့်စားခြင်း ဖြစ်၏။ ထိုသို့လုပ်ဆောင်ခြင်း ကို ရန်သူများ ရိပ်စားသိရှိသွားပါက မိမိတို့ ၏ သူလျှိုမှာ အသတ်ခံရဖို့သာ ရှိတော့၏။

သာမန်သူလျှို ဆိုသည်မှာ ရန်သူ့အခြေ အနေသတင်းများကို သွားရောက်စုံစမ်း ထောက်လှမ်းရယူပြီး မသေမပျောက် ပြန် လည်ရောက်ရှိကာ အစီရင်ခံရသောသူ တည်း။

ထို့ကြောင့် တပ်မတော်တစ်ခုလုံး၏ ရေး ရာကိစ္စများတွင် ထောက်လှမ်းရေးသူလျှို လုပ်သူတို့ထက် ပိုမို၍ ရင်းရင်းနှီးနှီး ဆက်ဆံ သင့်သူ မရှိ။ သူလျှိုလုပ်သူတို့ထက် ပို၍ ဆုလာဘ်များများ ပေးသင့်သူမရှိ။ သူလျှို လုပ်သူတို့၏ အရေးကိစ္စထက် ပိုမိုလျှို့ဝှက် သင့်သည့်အရာ မရှိပေ။

ဉာဏ်အမြော်အမြင် ထက်မြက်ကောင်း မွန်သူ မဟုတ်လျှင် သူလျှိုများကို အုပ်ချုပ် အသုံးချနိုင်မည် မဟုတ်။

www.burmeseclassic.com


အကြောင်နာတရား သစ္စာတရားနှင့် ပြည့်စုံရက်ရောသူ မဟုတ်လျှင် လျှို့ဝှက်ထောက်လှမ်းရေးလုပ်ငန်းများကို ကောင်းစွာ ခန့်ခွဲညွှန်ကြားနိုင်လိမ့်မည် မဟုတ်။

စေ့စပ်သေချာ ဆင်ခြင်ဉာဏ် ပြည့်ဝအကင်းပါးသူ မဟုတ်လျှင်လည်း လျှို့ဝှက်ထောက်လှမ်းရေး သတင်းများထဲမှ အမှန်အကန်ကို ဝေဖန်ပိုင်းခြား သုံးသပ်ရယူနိုင်မည် မဟုတ်ပေ။

ဆန်းကြယ် အံ့ဩလောက်သည်မှာ နေရာတကာတိုင်း ထောက်လှမ်းရေးသူလျှို သုံးကြကုန်သည် ဖြစ်၏။ တကယ့်ကို ဆန်း ကြယ်အံ့ဩလောက်ပေသည်ဟု ဆိုရမည်။

သူလျှိုလုပ်သူသည် လျှို့ဝှက် အရေးကိစ္စတစ်ရပ်ရပ်ကို အလုပ် မစတင်မီ ကြိုတင်သတင်းပေါက်ကြားသွားစေခဲ့ပါက ၎င်းသူလျှိုနှင့်အတူ သတင်းကြားသိသူအားလုံးကို နှုတ်ပိတ်ပစ်ရာ၏။

ယေဘုယျအားဖြင့် ရန်သူ့စစ်တပ်ကို ချေမှုန်းရန်သော်လည်းကောင်း၊ မြို့တစ်မြို့ကို တိုက်ခိုက် သိမ်းပိုက်ရန်သော်လည်းကောင်း၊ လူတစ်ဦးတစ်ယောက်ကို လုပ်ကြံ သတ်ဖြတ်ရန်သော်လည်းကောင်း ကြံရွယ် စီစဉ်ပါက ယင်းရန်သူတို့နှင့် ပတ်သက်သော ဦးစီးကွပ်ကဲသူ တပ်ကင်းမှူး၊ ဝဲယာနောက်လိုက် အရာရှိများ၊ တံခါးမှူးများနှင့် ရောင်းရင်းခြွေရံများ အစရှိသည်တို့၏ အမည်နာမများကို ကြိုတင်သိရှိအောင် လုပ်ရမည်။

မိမိတို့၏ ထောက်လှမ်းရေးသူလျှိုများကို ယင်းနှင့်ပတ်သက်၍ အကြောင်းစုံ ရရှိအောင် တာဝန်ပေး စေခိုင်းရမည်။

မိမိတို့ထံ လာရောက်ထောက်လှမ်း သတင်းယူသော ရန်သူ့သူလျှိုများကို ရှာဖွေ ဖော်ထုတ်ပါ။ ၎င်းသူလျှိုတို့ကို မက်လုံးကြီးကြီးပေး သိမ်းသွင်းပါ။ မြူဆွယ်စည်းရုံး နားချ၍ ရပြီဆိုလျှင် ပြန်လွှတ်ထားလိုက်ပါ။ ဤသို့ဖြင့် ဘက်ပြောင်းသူလျှိုများအဖြစ် ရရှိပြီး အသုံးချနိုင်ပေမည်။

www.burmeseclassic.com


ဘက်ပြောင်းသူလျှိုတို့ထံမှ ရရှိသော သတင်း အချက်အလက်များကို မှီ၍ ရန်သူ့ နယ်မြေအတွင်းရှိ ဒေသခံသူလျှိုများ၊ အတွင်း သူလျှိုများ စုစည်းရရှိ အသုံးချနိုင်မည် ဖြစ်သည်။

ဘက်ပြောင်းသူလျှိုတို့ထံမှ ရရှိသော သတင်း အချက်အလက်များကို မှီ၍ အသေခံ သူလျှိုများမှတစ်ဆင့် မိမိတို့ ဖန်တီးလိုက်သော လုပ်ကြံအချက်အလက်သတင်းများကို ရန်သူ့ အား အယုံသွင်း နားပေါက်အောင် လုပ်နိုင်ပေ မည် ဖြစ်သည်။

ဘက်ပြောင်းသူလျှိုတို့ထံမှ ရရှိသော သတင်း အချက်အလက်များကို မှီ၍ သာမန် သူလျှိုတို့သည်လည်း မိမိတို့အား ပေးအပ် သော တာဝန်များအတွက် ရန်သူ့ထံမှ စုံစမ်း ထောက်လှမ်းရယူပြီး အချိန်မီ ပြန်ရောက်လာ နိုင်လိမ့်မည် ဖြစ်သည်။

ထောက်လှမ်းရေးသူလျှို ၅ မျိုးတို့ထံမှ ရရှိ သော အကြောင်းကိစ္စ သတင်းအဝဝတို့ကို

ဦးစီးကွပ်ကဲသူတို့အနေနှင့် မုချ ကောင်းစွာ သိထားရပေမည်။ သတင်း အချက်အလက် ရယူခြင်း၏ အဓိက သော့ချက် အရင်းခံမှာ ဘက်ပြောင်းသူလျှိုများကို အသုံးချ ရယူခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ဘက်ပြောင်းသူလျှိုများကို မဖြစ်မနေ ထူးထူးကဲကဲ ရက်ရက်ရောရော ပေးကမ်း ချီးမြှင့်ရပေမည်။

ရှေးရှေးသော ရာဇဝင်ကြောင်းကို ပြော ရလျှင် ယင်စန်းမင်းဆက် ထူထောင်ပေါ်ထွန်း တန်ခိုးကြီးမားလာရခြင်းအကြောင်းရင်းကား ယင်းမတိုင်မီ ရှမင်းဆက်မှာ အမှုထမ်းခဲ့ဖူး သော ယီယင် ပညာရှိအမတ်ကြီးကို ဘက် ပြောင်းလာစေပြီး အလေးပေး အသုံးချနိုင်ခဲ့ သောကြောင့်တည်း။

ချို (ချောင်) မင်းဆက် ထူထောင်ပေါ် ထွန်း တန်ခိုးကြီးမားလာရခြင်း အကြောင်းရင်း မှာလည်း ယင်စန်းမင်းဆက်မှာ အမှုထမ်းခဲ့ဖူး သော လွီယာ ပညာရှိအမတ်ကြီးကို ဘက်

www.burmeseclassic.com


ပြောင်းလာစေပြီး အလေးပေး အသုံးချနိုင်ခဲ့သောကြောင့်တည်း။

ထို့ကြောင့်လည်း အမြော်အမြင် ကြီးမားသော ဘုရင်မင်းမြတ်နှင့် နှလုံးရည် လက်ရုံးရည် ပြည့်ဝသော စစ်သူကြီးတို့အနေနှင့် ဉာဏ်ပညာပရိယာယ် ထက်မြက်ပြည့်စုံသောသူတို့ကို ထောက်လှမ်းရေးသူလျှိုအရာမှာ အသုံးချနိုင်ပါက ကြီးမားခမ်းနားသော အောင်ပွဲကြီးများကို မုချမသွေ ဆွတ်ခူး ရရှိနိုင်ရာ၏။

ထောက်လှမ်းရေးသူလျှိုတို့သည်ကား တပ်မတော်တစ်ခုလုံး၏ အရေးပါသော အခန်းကဏ္ဍမှာ ရှိပေသည်။ တပ်မတော်တစ်ခုလုံးသည် ၎င်းတို့အပေါ် အားကိုး တည်မှီ၍ တိုက်ခိုက်လှုပ်ရှား စစ်ကစားကြရလေ၏။

**စံလှိုင်**

www.burmeseclassic.com

BURMESE CLASSIC .com

# [illegible]
# တရုတ်ဘာသာမှ မြန်ဆိုသူ၏
# ကိုယ်ရေးမှတ်တမ်းအကျဉ်း



အမည်- ဦးစံလှိုင်

ကလောင်အမည်- စံလှိုင်

၁၉၄၄ ခုနှစ်တွင် မွေးဖွားခဲ့၏။

အဖ- ဦးရောင် အမိ- ဒေါ်ကျင်ယုတို့ ဖြစ်သည်။ [illegible]မြို့နယ်၊ [illegible]ကျေးရွာ[illegible] ဖြစ်၏။

၁၉၆၁ ခုနှစ်တွင် [illegible] အထက်တန်းကျောင်း[illegible] အောင်ပြီး တရုတ်ပြည်[illegible]တက္ကသိုလ် ([illegible]) သို့ ၁၉၆၂ ခုနှစ်တွင် တရုတ်ဘာသာ (အဆင့်မြင့်) ၁၉၆၄ ခုနှစ်တွင် သင်္ချာဘာသာ (အဆင့်မြင့်) နှင့် ၁၉၆၈ ခုနှစ်တွင် တရုတ် [illegible]ပညာဘာသာ (အဆင့်မြင့်) တို့ဖြင့် ဘွဲ့ရသည်။ [illegible]

၁၉၇၀ [illegible]နှစ်တွင် [illegible] သုတေသန [illegible]

[illegible]

၁၉၇၈ ခုနှစ်တွင် ရန်ကုန်မြို့ [illegible] ([illegible]) ၌ [illegible] ပညာ [illegible] သင်ယူခဲ့သည်။

[illegible] ရန်ကုန်မြို့တွင် [illegible] တာဝန်ယူခဲ့သည်။

၁၉၈၇ ခုနှစ်[illegible] [illegible] တရုတ်ပြည်[illegible] [illegible] ဘာသာပြန်[illegible] ၁၉၉၈ ခုနှစ်[illegible] Myanmar Morning Post တရုတ်သတင်းစာ[illegible] အယ်ဒီတာ[illegible] ဖြစ်ခဲ့သည်။

[illegible] တရုတ်[illegible] [illegible] ဇနီး [illegible] ([illegible])၊ ၂၉-လမ်း၊ [illegible]မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်[illegible] ရှိသည်။

[illegible]

စမ်းရေကြည်စာပေဖြန့်ချိရေး

အမှတ် (၁၂)၊ အဆောင် (၃) ပထမထပ်၊ သိမ်ကြီးဈေး (စီ) ရုံ

ရန်ကုန်မြို့။ ☎ ၃၇၃၀၈၀ လိုင်းခွဲ ၃၀၅